www.burmeseclassic.com




ယ - ၀၀၀၁
250

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ ကျွန်မတို့သည် ကိုယ်နှင့် ဘယ်လိုမှ မပတ်သက် မဆက်ဆံဘူးသူတို့အတွက် အလုပ်များတတ်ကြပေသည်။ ထိုသူတို့ကိစ္စအတွက် ဦးနှောက်ရှုပ်တတ်သည်မှာ တစ်ကယ်တော့ အံ့သြစရာပင် ဖြစ်ပေသည်။

ကျွန်မ ဦးနှောက်ရှုပ်ခဲ့သော ဓာတ်လမ်းကို ကျွန်မ၏ မိတ်ဆွေကြီးများဖြစ်သော စာဖတ်သူတို့နှင့် မိတ်ဆက်၍ပေးလိုသေးသည်။ စာဖတ်သူတို့၏ ဆုံးဖြတ်ချက်ကိုလည်း ရယူလိုပေသည်။

ကျွန်မနေသော ရပ်ကွက်သည် ရန်ကုန်မြို့နယ်နိမိတ်အတွင်းတွင် ရှိသော်လည်း နယ်သစ်၊ ပယ်သစ် တီထွင်ထားသလို အသစ်သတ်မှတ်ထားသော ရပ်ကွက်ဖြစ်သည်။

ကုက္ကိုင်းလမ်းမကြီးနှင့် ကျွန်မတို့ ရပ်ကွက်ကို မြေနီလမ်းငယ်လေးနှင့် ဆက်၍ထားပေသည်။ ကျွန်မတို့ရပ်ကွက်ထဲတွင် များသောအားဖြင့် ပင်စင်စားများ၊ ကျောင်းဆရာများ စသော လူအေးများနေ၏။

www.burmeseclassic.com



ကျွန်မတို့အိမ်နှင့် လေးအိမ်ကြားတွင်မှ ဝတ်လုံဦးအောင်သာ ကျော်နေပေသည်။ သူ့အိမ်လေးသည် မျဉ်ထောင်သစ်သားအိမ်ဖြစ်၍ ရှေ့တွင် မြေကွက်လပ်များများက နောက်ဆုတ်ချန်၍ ဆောက်ထားပေသည်။

ကျွန်မတို့ ပြောင်းရွှေ့လာသည်မှာ သုံးလလောက် ရှိသေးသော်လည်း ဦးအောင်သာကျော်နှင့် မိတ်ဆွေဟောင်းကြီးများလို ခင်မင်ကြ၏။ ဆောင်းဦးနံနက်တွင်လည်းကောင်း၊ မိုး၏ လှပသာယာသော ညနေစောင်းများတွင် လည်းကောင်း၊ ဦးအောင်သာကျော်နှင့်အတူ ကုက္ကိုင်းလမ်းဘက်ကို ထွက်၍ လမ်းလျှောက်ကြ၏။

သူ့ခေါင်းတစ်ခုလုံးသည် ဆွတ်ဆွတ်ဖြူ၍နေသော်လည်း သူ လျှောက်ပုံ၊ သွားပုံမှာ ဖျတ်လတ်သွက်လက်လှသည်။ အရပ်မြင့်၍ အသားညိုတ်၏။ ကော်ကိုင်းတပ်မျက်မှန်အထူကြီးကို အစဉ်တပ်ထား ပေသည်။ သူ့အသက်ငါးဆယ်ကျော်ပြီ ဆိုသော်လည်း လူငယ် တစ် ယောက်လို သွားလာလှုပ်ကိုင်နေတတ်ပေသည်။ ညနေစောင်းများ တွင် ကျွန်မတို့ ခြံဝင်းလေးထဲသို့ လျှောက်လာကာ သူ လိုက်ခဲ့သော အမှုအခင်းများထဲမှ အမှုဆန်းများကို ပြော၍ ပြတတ်ပေသည်။ အမှုမှာ ပြော၍မဆုံးလျှင် နောက်တစ်နေ့ လမ်းလျှောက်ချိန်တွင် ဆက်၍ ပြောတတ်ပေသည်။

ကျွန်မတို့ လမ်းလျှောက်၍ ပြန်တိုင်း မြေနီလမ်းနှင့် ကုက္ကိုင်း လမ်းဆုံတွင် တိုက်အိမ်ပြာကြီးတစ်လုံး ရှိပေသည်။ တိုက်အိမ်ကြီး သည် ဆင်ဝင်နှစ်ထပ်နှင့် ပုံရိုးပင် ဖြစ်သော်လည်း မှန်ပြတင်းများ အများကြီး ဖောက်ကာ မှန်ပြာများ တပ်ထား၍ ကျွန်မသည် တိုက် အိမ်ပြာကြီးဟု အမည်တပ်လိုက်ခြင်းပင် ဖြစ်သည်။ ခြံဝင်းထဲတွင်



ပင်အောက်ပင်မြင့်များ အုံ့အုံ့ဆိုင်းဆိုင်း ဖြစ်နေပေသည်။ မိုးဦးကျစ၌ စကားပန်းရနံ့သည် ခြံပြင်လမ်းသို့ပင် မွှေးကြိုင်နေတတ်ပေသည်။ သို့သော် ထိုအိမ်ပြတင်းတို့သည် များသောအားဖြင့် ပိတ်၍ နေတတ် ၏။ ခြံဝင်းတံခါးမှာလည်း တစ်ခါတစ်ရံသာ ပွင့်၍ ကားအနက်တစ်စီး ဝင်သွားတတ်ပေသည်။ တခြားလှုပ်လှုပ်ရှားရှားနှင့် လူသွားလူလာကို မူ လုံးလုံး မတွေ့ရလောက်အောင် နည်းပါးပေသည်။

ကျွန်မအဖို့မူ ဤခြံကြီးနားမှ ဖြတ်၍ လမ်းလျှောက်လာသည် ကို နှစ်သိမ့်နေနေ၏။ ၁၂ ရာသီတွင် ကျွန်မအလုပ်မှ ပြန်၍ ဤ လမ်းမှ လျှောက်သွားတိုင်း ပန်းရနံ့တစ်မျိုးက အစဉ်မွှေးရှိနေသည် မှာ ကျွန်မအဖို့ ကြည်နူးနှစ်သိမ့်စရာ ဖြစ်နေပေသည်။

ဦးအောင်သာကျော်နှင့် လမ်းလျှောက်ချိန်တွင်လည်း ကျွန်မ သည် ဤခြံမှ ပန်းရနံ့အကြောင်းနှင့် မှန်များပြာပုံ၊ အိမ်ကြီး တိတ် ဆိတ်ပုံကို ခဏခဏဆိုသလို ပြော၍ လာမိပေသည်။

ကျွန်မသည် လောကကို သိဖို့ ငယ်ပေသေးသည်။ အပြော ကျယ်သော လောကတွင် ပညာများက နက်နဲ၏။ အသိတရားတို့က သိမ်မွေ့၍ ထိတွေ့သိမြင်ရန် ခက်ခဲလှပေသေးသည်။ ဦးအောင်သာ ကျော်လို လူကြီးများနှင့် တွေ့ဆုံ၍ သူတို့က ပညာ၏ သဘောတရား တို့ကို ပြောပြသွန်သင်စဉ်တွင် နားယူမှတ်သားရပါ၏။ သို့သော် ဦးအောင်သာကျော် စကားများကို ဘယ်လိုပင် နားထောင်လေလာ ပေမယ့် ဤခြံကြီးအနားရောက်လျှင် ကျွန်မသည် စကားကို ဖောက်၍ ဝင်ပြော၏။ စကားစဖြတ်ပစ်လိုက်မိ၏။

တစ်ခါတစ်ရံ ဦးအောင်သာကျော်သည် ကျွန်မကို တအံ့တသြ ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးနှယ် ဒီခြကို ဘာလို့များ ဒါလောက် စွဲလမ်းရလဲကွယ်"

ကျွန်မသည် အားနာသွား၍ ခေါင်းငုံ့ပစ်လိုက်ရသော်လည်း ဉာဏ်ခြံထဲတွင် ပုံပြင်များ အများကြီးရှိသလို သွားရောက်ကြည့်ရှုချင်သည်။ တစ်ဆင့်ပြောသူတို့ထံမှလည်း နားထောင်ချင်ပေသည်။

တစ်နေ့ညနေတွင်မူ ဦးအောင်သာကျော်သည် ဖိုင်တွဲချုပ်ထားသော စာရွက်ထပ်ကြီးတစ်ထပ်ကို ယူ၍ ကျွန်မတို့အိမ်ထဲသို့ ဝင်လာသည်။

"မခင်ယု ...လာစမ်းပေ့"

သူသည် ကျွန်မလက်ထဲသို့ စာဖိုင်တွဲကို လှမ်း၍ပေး၏။

"ကဲ ...အန်ကယ်လဲ ကိစ္စတစ်ခုရှိလို့ သွားဦးမယ်။ ဒီစာရွက်တွေကို ဒီညဖတ်စမ်းပါ။ ပြီးတော့ ဒါဟာ မှတ်တမ်းလား၊ ဝတ္ထုလားဆိုတာ ဖတ်ပြီး မှတ်ချက်ပေးစမ်းပါကွယ်"

"ဟင်"

ကျွန်မသည် အံ့ဩသလိုလို ဘာလိုလိုနှင့် ကြောင်စီစီကြည့်၍ နေမိသည်။

"မဟင်နဲ့လေကွယ်၊ ဒီမှတ်တမ်းအပေါ်မှာ မူတည်ပြီး လူတစ်ယောက်ကို တရားစွဲရမယ်၊ ပြီးတော့ အဲဒီအထဲက စာတွေဟာ မင်းရဲ့ အချစ်တော်အိမ်ပြာကြီးနဲ့ ဆက်စပ်နေတယ်"

"အို..."

ကျွန်မသည် ဦးအောင်သာကျော်လက်ထဲမှ စာဖိုင်တွဲကို ကမန်းကတမ်း ပြေး၍ ယူလိုက်၏။

"စိတ်ချ အန်ကယ်၊ ဒီညပြီးအောင် ဖတ်ပြီး အန်ကယ့်ကို



ကူညီပါမယ် နိုင်ငံချင်ရာတာသာခိုင်း"

အဘိုးကြီးအား ကျွန်မသည် ခြံတံခါးဝအထိ လိုက်၍ ပို့လိုက်ပါသည်။

တစ်ညလုံးတွင်တော့ ကျွန်မသည် ဖိုင်တွဲရှိ စာရွက်များကို တစ်ရွက်ပြီး တစ်ရွက် လှန်၍ ဖတ်နေပေသည်။

အမှန်တော့ အိမ်ပြာကြီးနှင့်သာ မဆက်စပ်ပါက ထိုစာရွက်များကို စိတ်ဝင်စားစွာနှင့် ကျွန်မ ဖတ်မည်မဟုတ်ပေ။ ထိုစာရွက်များကို ယောကျ်ားတစ်ယောက်သည် မှတ်တမ်းသဖွယ် ရေးသားဟန် ရှိပေသည်။ ကျွန်မသည် ဆက်၍ ဖတ်နေမိပေသည်။

❀

ကျွန်တော်သည် သူ့ကို တစိမ့်စိမ့်ကြည့်ရင်း မိချိုကို သတိရ၍ နေပေသည်။ သူ၏ ရုပ်ရည်အမူအရာများနှင့် မိချို၏ သွင်ပြင်အနေအထားတို့သည် တူကြသည်မဟုတ်ပေ။ သို့သော် သူသည် မျက်နှာကို ချိုကာ မျက်တောင်များကို ကော့၍ နက်မှောင်လာအောင် ဆေးသုတ်တံနှင့် သစဉ်တွင်လည်း မိချိုကို ကျွန်တော် သတိရမိ၏။

သူသည် စက္ကူပုံတစ်ခုကို မျက်နှာပေါ်တင်၍ လ၏ အကွေးကဲ့သို့ မျက်ခုံးကို ဆေးနှင့် ဆွဲစဉ်တွင်လည်း ကျွန်တော်သည် မိချို၏ မဲစုတ်ဖွားသော မျက်ခုံးများကို သတိရ၍ နေမိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အလုပြင်ရာ အခန်းဆီသို့ ပင်လယ်လေညှင်းတို့သည် ဖြည်းညှင်းစွာ ဝင်ရောက်လာကြလေသည်။ သူ့ကိုယ်မှ ပေါင်ဒါရနံ့၊ လက်ကို လိမ်းသော ဆီမွှေးရနံ့နှင့် ခေါင်းလိမ်းဆီမွှေးနံ့များသည် တစ်ခန်းလုံးတွင် မွှေးကြိုင်သင်းပျံ့၍နေပေသည်။

ကျွန်တော့် နှာခေါင်းများသည် မွှေးခြင်းဟူသော ဂန္ဓာရုံကို ခံစားလိုသောသဘော ရှိပုံမရပေ။ ကျွန်တော်သည် ပြတင်းတံခါးရှိရာသို့ ထ၍ သွားမိပေသည်။ ပြတင်းအပြင်တွင် သောင်ပြင်သည် ပင်လယ်ရေစပ်သို့ ပြေပြေလျော၍ ဆင်းသွားပေသည်။ ပင်လယ်ရေလှိုင်းသည် နက်ပြာရောင်ဖြစ်နေသော်လည်း လှိုင်း၏ ဦးထိပ်များသည် ဆွတ်ဆွတ်ဖြူကာ ဆံဖြူသော အဘိုးအိုတစ်ယောက်လို တစ်လိမ့်လိမ့် လူး၍ ကမ်းပါးကို ထိတွေ့လာသည်။

ယခုအမြင်တွင် ကျွန်တော့်စိတ်သည် ပင်လယ်လှိုင်းတို့အား အဘိုးအိုသဏ္ဌာန် ထင်မြင်ခဲ့သော်လည်း မိချိုနှင့် ဤပေလီကမ်းခြေကို ရောက်စဉ်ကမူ မိချိုက တစ်မျိုးပြောခဲ့ပေသည်။

"ရေလှိုင်းတွေကလည်း ရေနတ်သမီးလေးတွေ ကရမက်ပန်းဖြူကို တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူအောင် ပန်ပြီး ရေထဲမှာ လူးလိမ့်ဆော့နေကြတာနဲ့ မတူဘူးလား အစ်ကိုရဲ့"

မိချိုသည် ရေထဲသို့ ပြေး၍ ဆင်း၏။ သူသည် ရေလှိုင်းများနှင့် အတူ သံကုန်ဟစ်၍ အော်၏။ သီချင်းများကို ဟစ်၍ ဟစ်၍ ဆိုသည်။ လှိုင်းခေါင်းဖြူများက သူ့ကိုယ်ပေါ် ကျော်၍ ပုတ်သွားလျှင် သူသည် လက်ခုပ်လက်ဝါးတီးကာ လှိုင်းလုံးထဲတွင် လိမ့်၍ မြူးနေတတ်ပေသည်။ ထိုအချိန်တွင် ကျွန်တော်သည် ဒူးခေါင်းလောက်နက်သော ရေစပ်နားတွင် ငုတ်တုတ်ထိုင်၍နေမိပေသည်။



မိချိုသည် ဘာကိုများ ပျော်ရွှင်နေပါလိမ့်ဟူ၍ တွေးမတတ်အောင် ခေါင်းရှုပ်နေတတ်ပေသည်။

မိချိုသည် လှိုင်းတို့ကြားမှ သူ့လုံချည်ကို မနိုင့်တနိုင်ဆွဲ၍ လာ၏။ သူ့ဆံပင်များသည် ရွှဲရွှဲစိုကာ လုံချည်ကလည်း ကျွတ်လုလုဖြစ်၍ နေပေပြီ။ သူ့ရင်သားများသည် လုံချည်တစ်ဝက်ဖုံးထားရာမှ ပွင့်အန်ထွက်လုဆဲဆဲ ဖြစ်နေတော့သည်။

"အစ်ကို ဟိုဘက်ဆီမှာ ရေသိပ်မနက်ပါဘူး မိချိုနဲ့ အတူ လိုက်ခဲ့ပါ"

ကျွန်တော်သည် ခေါင်းကို တွင်တွင်ခါ၍ ငြင်းဆန်သောအခါ သူသည် ကျွန်တော့်အားတွင် ပက်၍ ထိုင်လိုက်သည်။

"အရှေ့နှင့် အနောက် မတွေ့ကြဘူးဆိုပေမယ့် အစ်ကိုနဲ့ မိချိုကျတော့ လာညှားနေသေးတယ်ကွာ"

သူသည် ညည်းညည်းငွားငွား ပြောကာ သူ့လုံချည်ပြင်၍ ဝတ်နေလေသည်။

"အစ်ကိုက ပင်လယ်နဲ့ တွေ့လို့လည်း မပျော်တတ်၊ ရေထဲမှာလည်း မဆော့တတ်၊ အမှန်တော့ လိုက်တမ်းပြေးတမ်းကစားရတာ ပျော်စရာကောင်းတယ်"

"မိချိုကလဲကွယ်"

ကျွန်တော်သည် ရှုပ်ရှုပ်ရှက်ရှက် အဆော့လွန်သော ကလေးတစ်ယောက်ကို အော်လိုက်သလို သူ့ကို အော်လိုက်၏။ မိချိုသည် ဘာမှ ပြန်မပြောဘဲ ကျွန်တော့်လက်ကို ဆွဲကာ ကမ်းခြေသို့ ထွက်လာတတ်လေသည်။

မိချိုပြောသည်မှာ မှန်ပေသည်။ သူနှင့် ကျွန်တော်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



အရှေ့နှင့် အနောက်ကဲ့သို့ ဖြစ်ပေသည်။ ကျွန်တော်သည် ရေကို ကြောက်၏။ ရေဝေးသော အညာလွင်တီးခေါင်တွင် မွေးဖွားလာခဲ့သူဖြစ်၍ ရေ၏ အလှအပကို လည်းကောင်း၊ ပျော်ရွှင်နှစ်သိမ့်စရာကို လည်းကောင်း၊ ကျွန်တော် မခံစားတတ်ပေ။ ရေကိုပင် လုံးဝမကူးတတ်သူ ဖြစ်၏။

မိချိုက မြစ်ဝကျွန်းပေါ်သူ ဖြစ်သည်။ ရေဆိုလျှင် သူ့မိတ်ဆွေလို အရောဝင်၏။ ရေနှင့်တွေ့လျှင် သူသည် ကလေးငယ်လို ပျော်ရွှင်မြူးကြွစွာ ဆော့၏။ ငါးငယ်လိုပင် ရေထဲတွင် ကျင်လည်စွာ ကူးခတ်၍သွားသောအခါ ကျွန်တော်သည် ကမ်းစပ်မှာ ငေး၍ နေမိပေပြီ။

"ကဲ...ကိုကိုရေ ဖြူ ဗီးလိန်းလို့ ပြီးပြီ၊ ထမင်းစားစို့လား"

ကျွန်တော်က မိချိုအကြောင်း မည်မျှတွေး၍ သူက သူ့ကိုယ်သူ ဘယ်လောက်အလှပြင်နေသည်မသိ၊ သူခေါ်သံကြား၍ ကျွန်တော် ကြည့်လိုက်သောအခါ သူသည် လှပစွာ ဝတ်စား၍ ပြီးပေပြီ။

ထိုအချိန်တွင် နေလုံးသည် ပင်လယ်၏ ရေမျက်နှာပြင်တွင် ရပ်နား၍ ရေလှိုင်းများကို နှုတ်ဆက်နေလေသည်။ နီဖြော့ဖြော့ နေခြည်သည် ပြတင်းမှ ကျော်၍ သူ့ပတ်ဝန်းကျင်တွင် ရစ်မြူး၍နေပေပြီ။ သူသည် ဆေဒါရောင်နိုင်လွန်လက်တိုနှင့် ကျော်ကျက်နက်ပြာ ပိုးတွန့်ကို ဝတ်၍ထားပေ၏။ သူ့အသားသည် ရင့်သော အဝတ်အထည်၏ အရောင်ကြားထဲမှ ဆွတ်ဆွတ်ဖြူ၍ ပေါ်နေပေသည်။

"လှပါပေသည်၊ ချောပါပေသည်၊ ရင်သပ်ရှုမော အံ့ဩလောက်အောင် လှပေ၏"

ဟု၍ ကျွန်တော်ရင်ထဲမှ ရေရွတ်မိ၏။ သူနှင့် တွဲ၍ ထမင်းစားခန်းဆီသို့ ဝင်၍ လိုက်ပါသွားမိပေသည်။



ထမင်းစားပွဲသည် အထက်တန်းစား ဥရောပတိုက်သားတို့၏ စားပွဲကဲ့သို့ ခမ်းနားသပ်ရပ်လှပေသည်။ တကယ်ဆိုလျှင် ဤကဲ့သို့ ထမင်းစားပွဲ၌ လှပသူ ချစ်ဇနီးအနားတွင် ထိုင်ကာ ညစာစားရခြင်းသည် နှစ်သိမ့်ဖွယ်ပင် ဖြစ်၏။ ဇနီး၏ ကိုယ်မှ အေးချိုသောရနံ့သည် ထမင်းစားခန်းတစ်ခုလုံးတွင် သင်းပျံ့၍ နေသည်မဟုတ်ပါလော။

သို့သော် ကျွန်တော်သည် ဇနီးသည်အား ကြည့်ရင်း မိချိုကို သတိရ၍ နေပြန်သည်။ သူသည် စားပွဲထိုးလာချပေးသော ပန်းကန်ထဲမှ ငါးသလောက်ပေါင်းများကို ကျွန်တော့် ပန်းကန်ထဲသို့ ထည့်၍ပေး၏။ ထိုအချိန်တွင် ပေလီကမ်းခြေ၌ ငါးသလောက်သည် စားချင်အဆုံး ပေါ်လှ၏။ ရွှေပုစွန်တို့မှာလည်း တစ်ပိဿာမှ တစ်ကျပ်နှစ်ကျပ် ဖြစ်သည်။

ကျွန်တော် ထမင်းပန်းကန်နားတွင် ရွှေပုစွန်ဆီပြန်ပန်းကန်မှာ ရဲရဲနီနေ၍ ပုစွန်ကွေးများကလည်း စားချင့်စဖွယ် ဖြစ်နေပေပြီ။

အသီးအရွက် ချိုချဉ်ကြော်တစ်ခွက်ကို လာချပြန်သည်။ သူသည် ကျွန်တော့်ပန်းကန်ထဲသို့ ခပ်၍ ထည့်ပြန်၏။

သူ၏ ဖွေးနုသော လက်များကို မမြင်။ မိချို၏ မျက်နှာကို ကွက်ခနဲ မြင်မိပေသည်။ မိချိုသည် ငါးသလောက်ကို အလွန်ကြိုက်၏။ ငါးရံ့အူကို မန်ကျည်းသီးအုပ်ပေါက်နှင့် ဆီပြန်ဖြစ်ဖြစ် ချက်စားရလျှင် သူ အလွန်ထမင်းမြိန်တတ်ပေသည်။

သို့သော် ကျွန်တော် အညာသားကမှု မိချိုကို ဆူမိ၏။ "[illegible] ကျနေတာပဲ၊ မိချိုဟာ အညှီအဟောက်သိပ်ကြိုက်တာပဲ၊ ကိုယ့်ရှေ့မှ ပေါ်တော့ ငါးသလောက်ဟင်းတို့ ငါးရံ့အူတို့တော့ လာမတည့်နဲ့ကွာ။

www.burmeseclassic.com



မိချိုသည် သူကြိုက်သော အစာများကို မစားတော့။ ကျွန်တော်နှင့် အတူပဲ ကြီးဆီပြန်၊ ဆူးပုတ်ဟင်းချို၊ ခရမ်းချဉ်သီးချက်များကို ရောစွဲစားပေသည်။

ယခုတော့ ကျွန်တော့် ပန်းကန်ထဲသို့ ဇနီး ခင်ဖြူဖြူသည် ငါးသလောက်ပေါင်းများကို ထည့်၍ ပေးပေပြီ။ ကျွန်တော် အလွန်ရွံသော ပုစွန်ဆိတ်များ ရွှေပုစွန်များကိုလည်း ထည့်၍ပေးလေသည်။ ကျွန်တော်သည် မငြင်းဆန်ဘဲ နှစ်၍ မျိုနေပေသည်။

မထူးဆန်းပေဘူးလား...။

❀

မိချိုနှင့် လာစဉ်က ထမင်းချက်ကို ခေါ်မလာခဲ့ပေ။

"မင်းတို့ အောက်သူအောက်သားတွေ ချက်တာ အဆောင်အယောင်သာ များပြီး အရသာကျတော့ ဘာမှလဲမရှိဘူး၊ ထမင်းချက်ခေါ်မလာပါနဲ့ မိချိုရာ"

မိချိုသည် ထမင်းချက်ကို မခေါ်ခဲ့။ ကျွန်တော် ကြိုက်သလို အညာရှက်များကို မဖြစ်ဖြစ်အောင် ချက်ခဲ့လေသည်။ ကျွန်တော်သည် ဖိမ့်ဖော်သော စားပွဲခင်းများကို လည်းကောင်း၊ ရေရောင်ဟပ်နေသော စားပွဲတင် ပန်းအိုးများကို လည်းကောင်း၊ ဝါသနာပါသူ



မဟုတ်ပေ။ ထမင်းစားကာနီးတွင် ဖဲကြောင်းဖောက်လက်ဖက်ပဝါဖြူကို ဖန်ခွက်အတွင်းမှ ဆွဲယူ၍ ပေါင်ပေါ်တွင် ခင်းကာ ခွန်းခက်ရင်းနှင့် စားရသည့်အလုပ်ကို ကျွန်တော်က စိတ်မော၏။

ခရမ်းချဉ်သီးနှင့် ကျည်းခြောက်ဆီပြန်ကို လက်နှင့်သာယူ၍ ပဲကြီးဟင်းနှင့် ရွှေးခဲ့သူ ဖြစ်ပေသည်။ မိချိုတို့ အောက်ပြေသည် ပထမဆုံး အနောက်မှ ယဉ်ကျေးမှုများ ဝင်ရောက်ရာ ကူးလူးဆက်ဆံရာ ဖြစ်ခဲ့၏။ ထို့ကြောင့် မိချိုတို့ သွားလာလှုပ်ရှားမှု သွင်ပြင်ဟန်ပန်တို့သည် အနောက်ဟန်တစ်ဝက်ပါသည်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။

မိချိုသည် ကျွန်တော်နှင့် ရခါစက ထိုကဲ့သို့ပင် စားပွဲကို လှပအောင်ပြင်သည်။ ဆလပ်ရွက်နုနုခင်းထားသော ပန်းကန်ပြားပေါ်၌ ကြက်သွန်နီအကွင်းနှင့် ခရမ်းချဉ်သီးနီနီအပိုင်းများ ဘေးပတ်လည်တွင် စီ၍ထားသည်။ အလယ်တွင်မှ ကြက်သားပြုတ်ကြော်များကို ထည့်၍ထားသည်။ စားခါနီးမှ အင်္ဂလိပ်ချဉ်ရေနှင့် ရော၍ပေးတတ်၏။

"အလကားကွာ၊ ဒါတွေမလိုချင်ပါဘူး၊ တကယ်စားတော့လည်း ဘာမှ အရသာရှိတာလည်း မဟုတ်ဘူး ပေးစမ်း ပေးစမ်း"

ကျွန်တော်သည် သူ၏ ကြက်သားပန်းကန်ကို လှမ်းယူကာ ရောနှောမွှေ၍ပစ်လိုက်၏။ ကြက်သွန်ရော ခရမ်းချဉ်သီးတို့ပါ ကစဉ့်ကရဲနှင့် ပန်းကန်ထဲတွင် ပြန့်ကျဲ၍နေကြပေသည်။

မိချိုသည် ကျွန်တော့်ကို ငြိမ်သက်စွာ ကြည့်၍ နေရာမှ ကျွန်တော် ကြိုက်သော ဘူးရွက်ကြော်ချက်ဟင်းကို လည်းကောင်း၊ ငဖယ်သုတ်ကို လည်းကောင်း ယူ၍လာလေသည်။

ယခုတော့ ကျွန်တော်သည် ဖိမ့်ဖော်သော ခုံခင်းဖြူဖြူပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှ ကျွန်တော် ရှိရာသော ဟင်းများကို ဇွန်းခက်ရင်းနှင့် စားရှုံနေပေပြီ။

မထူးဆန်းပေဘူးလား။

ဖြူသည် ထမင်းစားစဉ်တွင် စကားများ အများကြီး ပြော၏။ တချို့ကို ကျွန်တော် ကြားလိုက်မိသည်။ တချို့ကို ကျွန်တော် မကြားမိပေ။ ကျွန်တော် ဘာပြန်ပြောမိသည်ကိုလည်း ကျွန်တော်ကိုယ်တိုင် သတိမထားမိပေ။

"ထမင်းစားပြီးရင် ကမ်းစပ်မှာ စကားလမ်းလျှောက်ရဦးမယ်၊ ညနေစောင်းရင် စစ်တွေက ဝန်ထောက်များ မဖင်ရှာကနေ ဂျစ်ကားနဲ့ လာလယ်လိမ့်မယ်"

ဖြူသည် ဧည့်သည်များ လာမည့်အကြောင်းကို ပြောပြသော်လည်း၊ ကျွန်တော် စိတ်မဝင်စားမိ။ စစ်တွေမှ ဝန်ထောက်သည် မဖင်ရှာ ဗိုလ်တဲတွင် တည်းခိုနေသည်ကိုတော့ ကျွန်တော် သိ၏။

"အေးလေ ဖြူ ကြည့်ပြီး ဧည့်ခံလိုက်ပေါ့ကွာ"

ကျွန်တော်သည် ထမင်းစားခန်းမှ ထွက်၍လာခဲ့၏။ ဖြူနှင့် အစေခံများသည် ဗိုလ်တဲဧည့်ခန်းကို ရှင်းလင်း၍ နေလေသည်။

ညဘက်တွင် လိမ္မော်ရည်နှင့် ရန်ကုန်ကိတ်မုန့်ကို ကျွေးကာ ဧည့်ခံမည်ဟု ဆို၏။ ကျွန်တော်သည် လှေကားမှ ဆင်း၍ ကမ်းစပ်ရှိရာသို့ လျှောက်ခဲ့မိသည်။

ကမ်းစပ်သည် တိတ်ဆိတ်၏။ ရေလှိုင်းသံမှတစ်ပါး တခြားအသံများကို မကြားရပေ။ ရေလှိုင်းသံသည် ကားသံကဲ့သို့ လည်းကောင်း၊ စက်သံကဲ့သို့ လည်းကောင်း စိတ်နှမ်းစရာကောင်းသည့်အသံမဟုတ်ပေ။ မှန်မှန်လေးလေးနှင့် သဘာဝ၏ ချမ်းငြိမ်းသော



အသံဖြစ်၏။ ပင်လယ်လေညင်းသည် ကမ်းပါးရှိ အုန်းလက်များကို တိုးဝှေ့တိုက်ခတ်နေလေသည်။

နေလုံးသည် ပင်လယ်ပြင်တွင် မရှိသော်လည်း ကောင်းကင်တွင်မူ အလင်းရောင် ရှိနေသေးသည်။ ဒီရေကျသွား၍ ခပ်လှမ်းလှမ်း၌ ကျောက်တောင်တန်းမဲမဲသည် ပေါ်၍လာလေသည်။ ရေရှိနေသောသဲပြင်ပေါ်တွင် ဂဏန်းလုံးလေးများ၏ ခြေရာသည် ရှုပ်ပွ၍နေပေသည်။ သူတို့သည် တရွေ့ရွေ့ သွားသွားနေရာမှ ကျွန်တော် အနားသို့ ရောက်လျှင် ငြိမ်သက်၍ သေနေသော ဂဏန်းခွံလို ရပ်နေကြပေသည်။ ကျွန်တော်သည် သဲပေါ်တွင်နေသော ကျောက်ခုံတစ်ခုပေါ်တွင် ထိုင်နေမိ၏။

ပင်လယ်သည် အဝေးတွင် မှိုင်းပြာ၍လာလေသည်။ အနောက်ဘက်တွင် မှိုင်း၍ နက်မှောင်လာသလောက် အရှေ့ခွင်တွင်မူ ရွှေချည်မျှင်တန်းတို့သည် ရိုးရိပ်မျှ ပေါ်လာလေသည်။ နက်ပြာသော ရေပြင်သည်လည်း တလက်လက် တောက်ပ၍လာလေသည်။

ကောင်းကင်သည် ပြာမှောင်၍ ကြယ်ပွင့်ငယ်လေးများသာ တဖိတ်ဖိတ် တောက်ပ၍နေလေသည်။ လအကွေးသည် အရှေ့ရေပြင်တွင် မေးတင်လာသောအခါ လှိုင်းတို့သည် ငွေနဂါးလို လှပစွာ လူးလွန့်ကြလေသည်။ အုန်းလက်များ ပင်လယ်လေညှင်းတွင် သိမ်မွေ့စွာ လှုပ်ရှားကခုန်ကြ၏။ ငွေရည်များသည်လည်း အုန်းလက်ကြားမှ စိမ့်ယို၍ သဲပြင်တွင် မပြေသော ပန်းချီကားကို ရေးခြယ်ကြလေသည်။ လရောင်ကွက်သည် အတည်မနေ သဲပြင်ပေါ်တွင် လှုပ်ရှား၍နေလေသည်။ တကယ်ဆိုတော့ ဘဝဆိုသည်မှာ သဲပေါ်တွင် ပန်းချီရေးခြယ်သလို ဘာမှ မရေရာလှပါကလားဟု ကျော

www.burmeseclassic.com



ဆရာတစ်ဦး၏ ယူဆချက်ကို ကျွန်တော် ပြန်လည်၍ ရေရွတ်မိ၏။ ယခုမှ ကျွန်တော်သည် ဤစာတွေ့များကို ခံစားလာတတ်၏။

မိချိုနှင့် လာစဉ် ယခုလိုညကို မိချိုက ပို၍ သဘောကျသည်။ ပင်လယ်၏ ရင်ခွင်တွင် လရောင်ခြည်များသည် အိပ်စက်နားနေသည်ဟု ဆိုသည်။ ဖြည်းညင်းစွာ တိုက်ခတ်နေသော လေညင်းကို ရှူရှိုက်ကာ မျက်တောင်ရပ်နေသောအခါတွင်မှ သူသည် တစ်စုံတစ်ခု၏ အညှို့ခံနေရသလို ငြိမ်သက်မိန်းမော၍ နေတတ်ပေသည်။

"အမှန်တော့ ညဉ့်မှာ တိုက်တဲ့ ပင်လယ်လေက ပုံပြင်တွေကို တိုးတိုးပြောဆိုနေသလိုပဲ စိတ်ဝင်စားစရာ နားထိုက်စရာ သိပ်ကောင်းတာပဲ"

မိချို ဒီလိုပြောလျှင် ကျွန်တော့် စိတ်ထဲ၌ သူ့ကို ရူးသည်ဟု ထင်သည်။

အလကားစိတ်ကူးယဉ်သော မိန်းကလေးတစ်ယောက်လို့ ကျွန်တော်က မိချိုကို ယူဆ၏။

"ကိုယ်တို့ မြန်မြန်ပြန်မှ တကယ်လို့ အင်ဒရာသင်္ဘောဟာ ပြောတဲ့ရက်ထက် စောစောရောက်ရင် ကုန်တွေကို စောစောချောင်းရမယ်၊ ကြက်ပေါင်စေးကလည်း စာချုပ်ပြီးဆိုတော့ အချိန်မီအပ်နိုင်အောင် ပြင်ဖို့အချိန်ကလည်း နီးလာပြီ"

ကျွန်တော်သည် သူ့ပခုံးကို ပုတ်ကာ ပြန်ဖို့ကိုသာ ပြောမိ၏။ အမှန်တော့ ပေလီကမ်းခြေသို့ ထွက်လာခြင်းသည် ကျွန်တော် အနားယူဖို့ ဖြစ်၏။ ကျွန်တော်သည် နှစ်လလျှင် တစ်ခါလောက် သတိလစ်ကာ မေ့၍သွားတတ်သည်။ ထိုရောဂါပျောက်ရန်အတွက် ပင်လယ်ကမ်းခြေနှင့် တချို့နေရာများသို့ ခရီးထွက်ပေးရခြင်း ဖြစ်ပေသည်။



သို့သော် ကျွန်တော့်ရင်တွင်းသို့ ပေလီကမ်းခြေ၏ အလှအပသည်လည်း မတိုးဝေ့နိုင်၊ ငွေရောင်လှိုင်းတို့ကလည်း မလှုပ်ရှားနိုင်ပေ။

"အစ်ကို့ရဲ့ နှလုံးသားထဲမှာ ကျောက်ခဲရယ်၊ ကြက်ပေါင်စေးရယ်၊ နိုင်ငံခြားပစ္စည်းတွေရယ်ပဲ ရှိနေတာပဲ"

သူသည် ကျွန်တော့်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ ခေါင်းကို ဖြည်းညင်းစွာ ရမ်း၍ ပြောတတ်ပေသည်။ ကျောက်ခဲသည် ကျွန်တော်၏ ကျွာရီဖြစ်၍ ကြက်ပေါင်စေးမှာ ဘိတ်ကခြံ ဖြစ်ပေသည်။ နိုင်ငံခြားပစ္စည်းမှာ ကျွန်တော် ကုမ္ပဏီမှ မှာထားသည်ကို မိချိုက ရည်ညွှန်းခြင်း ဖြစ်၏။

"ဟော သူဌေးမင်း တစ်ယောက်တည်း ထိုင်နေသကိုး"

စစ်တွေမှ ဝန်ထောက်လင်မယားနှင့် ဖြူသည် ကျွန်တော့်အနားတွင် ဖြန်းခနဲ ပေါ်လာသည်။ သူတို့သည် ကျွန်တော်၏ အတွေးများကို ဖြတ်တောက်၍ပစ်လိုက်ကြ၏။ ကျွန်တော်သည် ခေါင်းကိုလည်း ညိတ်၏။ ပြုံးလည်း ပြုံးလိုက်၏။

"ကဲလာ ကိုကို၊ ဝန်ထောက်မင်းတို့နဲ့ စကားပြောရအောင်"

ကျွန်တော်သည် မငြင်းဆန်ဘဲ ဖြူနှင့် ယှဉ်တွဲကာ လိုက်ပါသွားလေသည်။ ပင်လယ်လှိုင်းတို့သည် ကျွန်တော့်နောက်တွင် တသော သောရယ်ကာ ကျန်ရစ်ကြလေသည်။ သူတို့သည် ကျွန်တော့်အား သောကြပေမည်။ သူတို့ကို ချစ်သော မိချိုအတွက် သူတို့သည် အစဉ်ယူကြုံးမရ ဖြစ်ဟန်ရှိ၏။

"ငါ့အလုပ်နဲ့ မပတ်သက်ဘဲ ဘယ်သူနဲ့မှ စကားမပြောချင်ဘူး ဒါတွေဟာ အဲဒီပဲ မိချို၊ မင်းတို့ အသိုင်းအဝိုင်းထဲကို ကိုယ် မ...

www.burmeseclassic.com



ချင်ဘူး”

ကျွန်တော်သည် မိချိုအဖော်များနှင့် တွေ့ဆုံရမည်ကြုံတိုင်း ယခုလို ငြင်းဆိုခဲ့၏။ တစ်ချိန်သောအခါက ဤပင်လယ်ကမ်းစပ်တွင်ပင် ကျွန်တော်သည် မိချိုကို ကြိမ်းခဲ့၏။

ယခုတော့ ပင်လယ်လှိုင်းတို့သည် ကျွန်တော့်အဖြစ်ကို ကြည့်ကာ သော၍ရယ်မောကြပေလိမ့်မည်။

မိချိုသည် ဘာကြောင့်များ ပင်လယ်တွင် ရောက်နေပါလိမ့်။

❀

ကျွန်တော်သည် ပေလီတွင် ကြာကြာမနေနိုင်ပေ။ မိချိုသည် ပင်လယ်ကို ကြီးစိုးနေသော အရှင်သခင်ဖြစ်၍ နေပေသည်။

ရန်ကုန်သို့ ပြန်ရောက်ချိန်တွင် မြူသည် ငှက်ငယ်လို မြူး၍ နေသည်။ မြူက ရန်ကုန်တွင် ပျော်ပေသည်။ ရန်ကုန်သည် ကျွန်တော်တို့လို ကားပိုင်ရှင်များအဖို့ သွားစရာကများလှ၏။

ညနေတွင် အနားယူမည်လား ယူနိုင်ပါ၏။ အင်းလျားကန်စောင်းသို့လည်း သွားနိုင်၏။ ဗိုလ်ချုပ်ပန်းခြံထဲတွင်လည်း ရေစပ်အနီးတွင် နားနေနိုင်ပေသည်။ ကျွန်တော်တို့အတွက် နေရာပေါလှပေသည်။ သို့သော် ထိုကဲ့သို့ နားစရာ ပေါသည်ကို ကျွန်တော် ခုမှ ဂရုပြုလာပါ၏။ မိချိုသည် ညနေစောင်းတွင် ပန်းချုံလေးများဘေးတွင် ထိုင်ချင်၏။ မြက်ခင်းပေါ်တွင် အိပ်စက်ချင်သည်။ ပင်လယ်



လေကိုလည်း ရှူချင်သည်။

သို့သော် ကျွန်တော်သည် မိချိုကို အလုပ်များ အများကြီး ခိုင်းထား၏။ ရော်ဘာခြံဝင်ငွေနှင့် အမြတ်တော်ကြေးစာရင်းကို မိချိုသည် ကျွန်တော်နှင့် တစ်စားပွဲတည်း ထိုင်၍ ရှင်းပေးနေလေသည်။ ရော်ဘာခြံကိစ္စပြီးလျှင် အထည်ကိစ္စကို ရောက်၍သွားပြန်သည်။

“ငါဦးနှောက်ခြောက်လှပြီ တစ်နေ့လုံး မောလှပြီ သိရဲ့လား။

ကျွန်တော်သည် တစ်ခါတစ်ရံတွင် အလွန်စိတ်တို၏။ စိတ်တိုတိုင်း မိချိုကို အော်လိုက်လျှင် နောက်နေ့တွင် မိချိုသည် အလုပ်အကြောင်း တစ်လုံးတစ်ပါဒမျှ ကျွန်တော့်အား မပြောတော့ပေ။ မိုးလင်းလင်းချင်းသာ ပျောက်၍သွားတော့သည်။ သူ့ကို မီးရထားဘူတာတွင် လိုက်၍ ရှာရ၏။ သူသည် ဘူတာထဲတွင် အလုပ်သမားများနှင့် တစ်လုံးလုံး ဖြစ်နေသည်။ ကျွန်တော် ကျောက်ခဲများ အိုးအိမ်ပြန်လည်ထူထောင်ရေးဌာနသို့ အချိန်မီ သွင်းနိုင်ရန်အတွက် တွဲများရရန် ကြိုးပမ်းနေလေသည်။ ကျောက်ခဲနှင့် တွဲကိစ္စပြီးလျှင် သူသည် အထည်ကိုဒေါင်သို့ ပေါက်၍လာပြန်သည်။

ညဦးသို့ရောက်လျှင် စာရင်းများ တစ်ပုံကြီးနှင့် စားပွဲတင်မီးအိမ်အောက်တွင် သူတစ်ယောက်တည်း ကျန်ရစ်ပေသည်။ ကျွန်တော်သည် အိပ်ရာထဲတွင် လဲလျောင်း၍ နောက်တစ်နေ့အတွက် အစီအစဉ်များကို တွေး၍ နေပေသည်။ ကျွန်တော်သည် မန်နေဂျာကြီးနှင့် တူကာ မိချိုသည် စာရေးကြီးနှင့် တူပေသည်။

ယခုတော့ ကျွန်တော်သည် မိချိုထိုင်သော စားပွဲတွင် ထိုင်ရလေပြီ။ မိချိုတွက်ခဲ့သော စာရင်းများကို ကျွန်တော် တွက်ခဲ့ပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ချက်ချက် မြည်နေသော စားပွဲတင်နာရီသည် ၁၂ နာရီကို ပြနေသော်လည်း ကျွန်တော်သည် အိပ်ဖို့ သတိမရ။

ကျွန်တော်၏ ကျောဘက်ရှိ ခြင်ထောင်ထဲတွင်မှ ခင်မြူမြူသည် နှစ်ခြိုက်စွာ အိပ်ပျော်နေပေပြီ။ ခင်မြူမြူအိပ်နေပုံသည် ပန်းတစ်ပွင့်ခွေ့ယာပေါ်တင်ထားသလို နူးညံ့၏။ မွှေး၏။ လှပပြေပြစ်လှပါတကား။

စာရင်းစစ်ရန် စာအုပ်တစ်အုပ်ပြီး တစ်အုပ် ရှာရတိုင်း အသံတစ်ခုခု မြည်သွားမည်ကို ကျွန်တော် စိုးရိမ်၏။ မြူတစ်ယောက် ရုတ်တရက် လန့်နိုးသွားမည်ကို ကျွန်တော် မလိုလားပါ။

စာအုပ်ပုံများထဲမှ ဗလာစာအုပ်တစ်အုပ်ကို ကျွန်တော် ဆွဲကိုင်မိ၏။ ထိုစာအုပ်မှာ မိချို ဝါကျဖွဲ့ပေးသင်စဉ်က မှတ်စုစာအုပ် ဖြစ်ပေသည်။ ထိုစာအုပ်ကို ကျွန်တော် တစ်ရွက်လှန်၍ ကြည့်မိ၏။ ပထမဆုံးတစ်ရွက်တွင် မိချိုသည် သူ့ကိုယ်သူ သတိပေးစာများ ရေးထားပေသည်။

"သူများမိန်းမတွေ ဒီဂရီရသွားတိုင်း အစ်ကိုဟာ မိချိုကို အထင်သေးတဲ့ မျက်လုံးနဲ့ အမြဲကြည့်တယ်၊ မိချိုဟာ အသုံးမကျဘူးဆိုတဲ့ အဓိပ္ပာယ်ဟာ အစ်ကိုမျက်လုံးထဲမှာ တွေ့နေရတယ်။ ဒီတော့ ဒီနှစ် ဒီဂရီရအောင် မိချို ကြိုးစားရမယ်။ အစ်ကို ကျေနပ်အောင် လုပ်ရမယ်"

စာအုပ်ကို ကိုင်ထားသော ကျွန်တော့် လက်များသည် တုန်နေသည်။ မိချိုသည် စာကြောင်းများထဲမှ ကျွန်တော့်ကို ကြည့်နေပြန်သည်။ ကျွန်တော်သည် စာအုပ်ကို မျက်နှာလွှဲလိုက်၏။ ခေါင်းကိုမော့လိုက်လျှင် မိချိုသည် မျက်နှာကျက်မှာ ရှိ၏။ ကျွန်တော်



သည် မကြည့်ရဲ ခေါင်းကို ငုံ့လိုက်လျှင်လည်း ဝဲယာအခန်းထောင့်များမှ မိချိုသည် ကျွန်တော့်ကို စေ့စေ့ကြည့်နေသည်ဟု ထင်သည်။

ကျွန်တော်သည် စာအုပ်ပေါ် မျက်နှာမှောက်ကာ အသက်ရှူများမတတ် မော၍နေပေသည်။ အလုပ်များကြားထဲမှ သုတ်သုတ် သုတ်သုတ်နှင့် သက်ကြီးတက္ကသိုလ်ကို အပြေးအလွှားတက်နေသော မိချိုကို မျက်လုံးထဲတွင် မြင်လာသည်။

"ခုခေတ်မှာ ဘယ်မိန်းမ,မဆို ဒီလိုပဲ လုပ်နေရတာပဲ ကိုယ့်ကျမှ ကွက်ပြီး ဒီလိုဖြစ်နေရတာမှ မဟုတ်ဘဲ ဒီနှစ် ကြိုးစားလိုက်ပေါ့"

မိချိုကို ကျွန်တော်တော့ မကျေနပ်နိုင်ပေ။ ကျွန်တော်က ဤသို့ ပြောလိုက်လျှင် မိချိုသည် မျက်လုံးဝိုင်းကြီးနှင့် ကျွန်တော့်ကို အတန်ကြာ စိုက်၍ကြည့်နေတတ်သည်။ သူ့နှုတ်ခမ်းများသည် တစ်စုံတစ်ရာကို ပြောလိုဟန်နှင့် တရွရွဖြစ်နေလေသည်။ သို့သော် နောက်ဆုံး သူသည် သက်ပြင်းတစ်ချက် ရှိုက်ကာ စာအုပ်ဆွဲ၍ ကျောင်းသို့ ပြေးတော့သည်။ တစ်ခါတစ်ရံတွင် သူသည် သင်တန်းများကို လွတ်၍သွားသည်။

"လိုင်စင်အတွက် ဒီနေ့ လိုက်နေရတာနဲ့ အစ်ကို ခြောက်နာရီထိုးမှ ပြန်ရောက်တယ်၊ ကျောင်းချိန်မမှီတော့ဘူး"

"ဘယ်လို ဒီကျောင်းတက်ချိန်ရောက်ရင်ကို မိချို တစ်ယောက် ဆင်ခြေများတယ် သွား...သွား မီသလောက်တက်"

"သွားမယ် အစ်ကို မိချိုဟာ ကျောင်းတက်ရမှာ ပျင်းလို့ ဆင်ခြေပေးတယ်လို့ မထင်ပါနဲ့၊ မိချို ဘယ်လောက်စာသင်တယ် ဆိုတာ ရင်ခွဲပြချင်တယ်"

မိချိုသည် မျက်ရည်အဝိုင်းသားနှင့် တစ်ပိုင်းတစ်စ

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းကို သွား၍ တက်သည်။ ကျွန်တော် သူ့ကို ဘာကြောင့် မကျေနပ်သည်ကို တွေး၍မရပေ။

ခင်ဖြူဖြူသည် ကျွန်တော်နှင့် လက်ထပ်စဉ်တွင် ကွန်ဗင့်မှ ဒုနစ်တန်းထွက်ထားသူ ဖြစ်သည်။ ပင်စီအောင်ကြီး ခေါ် ခင်ဖြူဖြူ ဖြစ်လေသည်။ သို့သော် ကျွန်တော်သည် ဖြူ၏ ပညာရေးအတွက် ဘယ်လိုမှ မကျေမနပ် မဖြစ်မိပေ။ ကျောင်းဆက်နေဖို့ကိုလည်း ကျွန်တော် မတိုက်တွန်းမိ၊ စာရင်းကူရှင်းပေးဖို့ကိုလည်း အမိန့် မပေးမိပေ။

ညနေ အလုပ်ဆင်းချိန်တွင်တောင် ကျွန်တော်သည် ဖြူ တစ်ယောက် စောင့်နေမည်စိုး၍ စောနိုင်သမျှ စောစွာဆင်း၍လာခဲ့မိသည်။

ကုမ္ပဏီမှ စာရေးများသည် ကျွန်တော့်ကို ရယ်မောကြ၏။ ကိုဒေါင်စောင့်ကလည်း သော၍ ကျန်ရစ်သည်။ ရယ်ကြပေမည်။ သောကြပေမည်။ တစ်ချိန်သောအခါက ကျွန်တော် အလုပ်ဆင်းသွားသော်လည်း မိချိုသည် ကိုဒေါင်တွင် လည်းကောင်း၊ ကုန်တိုက်တွင် လည်းကောင်း၊ ကျန်ရစ်မြဲ ဖြစ်ပေ၏။

အလုပ်စားပွဲမှ မီးကို မှိတ်လိုက်၏။ ကျွန်တော်တို့၏ ခုတင်ခေါင်းရင်းမှ မီးပြာပွင့်လေးကို ဖွင့်လိုက်သည်။ မီးပြာဘက်ရှိ စားပွဲပေါ်တွင် ပစ္စည်းအဆန်းများကို ကျွန်တော် မြင်နေရပေသည်။ ဖဲပြားစ နှင့် ချုပ်ထားသော ရင်သားပုံသည် မအိပ်ခင်က ဖြူ ချွတ်၍ ထားခဲ့ဟန်တူသည်။ စားပွဲပေါ်တွင် ဟွဲလောင်းလေး ဖြစ်နေပေသည်။ စက္ကူပါးနှင့် ချည်ထားသော တရုတ်ဖဲလုံချည်များနှင့် ပါတိတ်လုံချည်သုံးလေးထည်မှာလည်း စားပွဲရှေ့ ကြိမ်ကုလားထိုင်ပေါ်တွင် တင်လျက် ရှိပေသည်။



ပါတိတ်လုံချည်သည် အစားစားရှိသော်လည်း ဖြူသည် ငါးဆယ်နှင့် သုံးရာကျပ်ကြား တန်ဖိုးရှိသော လုံချည်ကိုသာ ဝတ်ပေသည်။ ကျွန်တော်သည် လုံချည်နှင့် ဖဲရင်စည်းများကို စိုက်ကြည့်ရာမှ ခုတင်ခြေရင်းသို့ လျှောက်သွားမိ၏။ ခုတင်ခြေရင်းတွင် ကျွန်းသားဗီရိုသုံးလုံးသည် မားမားရပ်၍နေပေသည်။

ထိုဗီရိုသုံးလုံးတွင် ဖြူ၏ လုံချည်များ အပြည့်ရှိပေသည်။ ကျွန်တော်သည် ခုတင်ပေါ်တက်ရန် ခြေကို မလိုက်စဉ်တွင် ညာဘက် ခြေများသည် ခုတင်အောက်ရှိ ယုနီဖောင်းသံသေတ္တာနှင့် တိုက်မိပေသည်။

ကျွန်တော်၏ ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်မိပေသည်။ ထိုသံသေတ္တာမှာ မိချို၏ လုံချည်သေတ္တာဖြစ်ပေသည်။ မိချိုမှာ ထိုသေတ္တာအပြည့် ပဲ လုံချည်ရှိခဲ့ပေသည်။ သူသည် ခေတ်မိန်းမတို့ အလွန်ကြိုက်သော ပါတိတ်လုံချည်ကို လုံးဝမဝယ်ခဲ့။ အကယ်၍ ဝယ်သည်ထားဦး မိချိုတွင် ဝတ်စားသွားလာဖို့ အချိန်မရှိပါပေ။

ကျွန်တော်သည် မိချိုကို ခဏခဏ ဆူမိ၏။

"ဘယ်လိုပဲ ချမ်းသာလို့ ဝင်ငွေကောင်းကောင်း ငွေကို သုံးရင် စာရင်းနဲ့ သုံးစမ်းပါ"

ထိုနေ့က မိချိုသည် တစ်ရှိုက်ရှိုက်ငို၏။

"အစ်ကို မိချိုကို မယုံဘူးနော်"

ဒါကိုပင် ထပ်ခါပြောကာ သူ ငိုလေသည်။ သို့သော် သူ့ မျက်ရည်များသည် ကျွန်တော်၏ အသည်းနှလုံးကို မလှုပ်ရှားနိုင်ပါ။ သူ့စာရင်းများကို ကျွန်တော် ခဏခဏ ဝင်၍ ကြည့်သည်။ မိချို၏ ဇာဘော်လီဖိုးသည် ဆယ်ထည်ကို နှစ်ဆယ်ကျပ်ဈေးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စာမပါပေ။ ယခု ပိတ်ဈေးတက်၍ သုံးဆယ်ကျပ်ဈေး ဖြစ်လာသော အခါတွင်မှု မိချိုသည် ဘော်လီများကို ဝယ်၍မဝတ်တော့ပေ။

ကျွန်တော်သည် အတွေးကို ခဏရပ်၍ ဖြူ၏ ဘေးတွင် ငြိမ်သက်စွာ လဲလျောင်းလိုက်သည်။ ဖြူသည် ညအိပ်ရာဝင်ခါနီး တိုင်း ပိုးရှုန်သား ဘလောက်စ်လက်တိုကို ဝတ်၍ အိပ်၏။ ဘော်လီ ကို လည်းကောင်း၊ ရင်စည်းကို လည်းကောင်း အမြဲချွတ်၍ ထား သည်။ ထိုညဝတ်အင်္ကျီများမှာ တစ်ထည်ကို သုံးဆယ်ငါးကျပ် ဖြစ်သည်။ ဖဲသားပုံသည် ဆယ်ထည်ကို လေးဆယ်ကျပ်ဈေး ဖြစ် ပေသည်။ သို့သော် ကျွန်တော်သည် ဖြူကို ဘယ်တုန်းကမှ စာရင်း ပြရန် မခိုင်းမိပေ။

ခုတင်အောက်ဆီလိုလို၊ စိရိုများမှလိုလို တီးတိုးပြောဆိုသံ များသည် ကျွန်တော့်နားထဲတွင် စီစီညံညံ ကြားနေရပေသည်။ တစ်ခါတစ်ရံ နံရံများဆီမှ လည်းကောင်း၊ ကျွန်တော့် အကြောင်း ကို မှင်စာကလေးများက ပြောဆိုနေကြသလို ဝိုးတိုးဝါးတား မြင် နေရသည်။ ကျွန်တော်သည် နားကိုပိတ်၊ မျက်စိကို စုံတအားမှိတ် ၍ ကြိုးစား အိပ်နေမိသည်။

"တော်ကြပါတော့...တော်ကြပါတော့...ဘာမှမပြောကြပါနဲ့ တော့"

ကျွန်တော်၏ စိတ်ထဲမှ တစ်စုံတစ်ယောက်ကို တောင်းပန်၍ နေမိပေသည်။

❀



မိုးလင်းလျှင်လင်းခြင်း ကျွန်တော်သည် အစေခံတို့ ပြင်ပေး သော မနက်စာကို ကော်ဖီနှင့် ကမန်းကတမ်း သောက်နေသည်။ ကော်ဖီသောက်ပြီးလျှင် ညကရောက်ရှိသော ကျောက်ခဲများကို သွား ၍စစ်ရပေမည်။

ကျွန်တော် ကားခြံထဲမှ မောင်း၍ ထွက်လာသောအခါ ဖြူ သည် စံပယ်ရုံတန်းများ အလယ်တွင် နံနက်လေကို ရှုရှိုက်၍နေပေ သည်။

ကားမောင်းရင်း မိချိုသည် ကားရှေ့မှ ပြေးနေသလို ကျွန် တော်မျက်စိထဲတွင် မြင်လာလေသည်။ ရန်ကုန်အရှေ့ပိုင်းရှိ ကျွန် တော်၏ ကျောက်ခဲများ ထားရာသို့ မနည်းရောက်အောင် မောင်း၍ နေရလေသည်။

ကျွန်တော် ရောက်သောအချိန်မှာ စာရေးများလည်း ရောက်နှင့် ၍နေလေသည်။ ခွဲစိတ်ရန်ရှိသော ကျောက်ခဲတချို့ကို ကျောက်ကြိတ် စက်အနီးသို့ ကုလီများက သယ်၍ ပုံနေကြပေသည်။ ကျွန်တော်သည် အရင်လို အလုပ်တွင် မစေ့စပ်တော့ပေ။ ကျောက်ပုံများကြားသို့ ကျွေ့ပတ်၍ လျှောက်သွားသော်လည်း ကျောက်အရွယ်အစားသော် မှ ဂရုထား၍ မကြည့်မိပေ။

မန်နေဂျာကြီးသည် ယခုတစ်နေ့တည်းတွင် ကျောက်ခဲပေး သွင်းမည့် ကုမ္ပဏီများစာရင်းနှင့် အစိုးရဌာနများအမည်ကို ပြော လာ၏။ သူကသာ ပြော၍လာသည်။ ကျွန်တော့်နားထဲတွင် ကြား သလို မကြားသလို ဖြစ်၍နေသည်။

www.burmeseclassic.com



"မမချိုကိုယ်တိုင် တစ်ခါလိုက်ရတဲ့ သင်္ဘောနဲ့ မော်လမြိုင်ကြား က ကျွန်းရိုးပေါ် မကြာခင် လမ်းဖွင့်တော့မယ်လို့ ကြားတယ်"

"ဘာ စင်းကျိုက်အလွန်လား"

"ဟုတ်တယ်"

"ကျွန်တော် မလုပ်ချင်တော့ဘူး၊ အပေါင်းတွေကို ထပ်မဖွင့် ပါနဲ့တော့လေ ရှိတာတွေကိုပဲ လည်အောင်လုပ်သွား"

မန်နေဂျာကြီးသည် ကျွန်တော့်ကို အံ့အားသင့်သလို ကြည့်၍ နေလေသည်။ ဘာကြောင့် သူ အံ့ဩသည်ကို ကျွန်တော် သိ၏။ ကျွန်တော်သည် လုပ်ငန်းကွက်များကို မြင်သည်နှင့် တစ်ပြိုင်နက် လက်လွှတ်တတ်သူမဟုတ်ပေ။ အကယ်၍သာ မိချို မသေခဲ့လျှင် ကျွန်တော်သည် သင်္ဘောတွင်းလုပ်ငန်းတစ်ခုကို ဖွင့်လှစ်ဦးမည် ဖြစ် ပေသည်။ ကျွန်တော်၌ ငွေအားရှိ၏။ အလုပ်ကောင်း လုပ်နိုင်သော မိချိုလို မယားတစ်ယောက်ရှိလျှင် ဤကမ္ဘာမြေပြင် ကျယ်ပြန့်သမျှ ကျွန်တော် လျှောက်၍ အလုပ်လုပ်နိုင်မည် မဟုတ်ပါလား။

ကျွန်တော် မြိတ်သို့ ရော်ဘာခြံကိုစွာသွားစဉ်က မိချိုကို သင်္ဘောရော်ဘာခြံများနှင့် စင်းကျိုက်မှ ကျွန်းရိုးများကို လွှဲခဲ့ပေသည်။ ထိုစဉ်က သောင်းကျန်းသူတို့ မဆူပူခင်တွင် ဖြစ်ပေသည်။ မိချို သည် ကျွန်းရိုးနှင့် ရော်ဘာခြံကို ခေါက်တုံ့ခေါက်ပြန် ဂျစ်ကားတစ်စီး နှင့် ကူးသန်းခဲ့လေသည်။

ကျွန်တော်ပြန်ချိန်တွင် မိချိုကို သင်္ဘောတွင် မတွေ့ရပေ။ ရန်ကုန်ရောက်သောအခါ မိချို ဝက်ဖျားမိ၍လဲနေသည်ကို ကျွန်တော် တွေ့ရလေသည်။

မိချိုသည် အဖျားတက်စဉ်တွင် ညည်း၍နေသလို အမှုပြန်



သောအခါတွင်လည်း ချွေးပြိုက်ပြိုက်ကျကာ ခေါင်းအပြင်းအထန် ကိုက်၍ နေတတ်ပေသည်။ ကျွန်တော်တို့၏ ဆရာဝန်ခေါက်တာ ဆင်မြူရယ်သည် မိချိုအနားတွင် မြဲစုလျက် ရှိပေသည်။ မိချို ခေါင်းကို နှိပ်ပေးသင့်သည်ကို ကျွန်တော် ဂရုထားမိသောကြောင့် နှိပ်ပေးလိုစိတ် မရှိသည်ကိုလည်း ကျွန်တော် မတွေးတတ်ပေ။

"မိချို ခု မြိတ်၊ ထားဝယ်မှာ သံရှေးတွေ သိပ်ကောင်းတာ ပဲ သံတွင်းတစ်ခုနဲ့လည်း အဆက်အသွယ်ရခဲ့တယ် မိချို နေကောင်း ရင် လိုင်စင်ရဖို့ ရုံးသွားပေးဦးနော်"

မိချိုသည် ရဲရဲနီသော မျက်စိများနှင့် ကျွန်တော်ကို စိုက်ကြည့် ၏။ ပြီးလျှင် ခေါင်းကို ဖြည်းညှင်းစွာ ညိတ်ပြသည်။ ခေါက်တာ ဆင်မြူရယ်ကမူ ကျွန်တော့်ကို မကြည့်တော့ဘဲ အခန်းထဲမှ ထွက်သွား တော့သည်။

ထိုတစ်ကြိမ်က မိချို မသေခဲ့ပေ။ သို့သော် ကျွန်တော်တို့သည် သံတွင်းလုပ်ငန်းကို အစမပျိုးနိုင်ခဲ့ကြပေ။

နောက်တစ်လနှစ်လအတွင်းတွင် ကျွန်တော် မေ့တတ်သော ရောဂါ ပြန်ပေါ်လာ၍ အထက်မြန်မာပြည်ဘက်သို့ ခရီးထွက်ရလေ သည်။ ယခုလည်း ကျွန်တော် ခရီးထွက်ချင်၏။ မန်နေဂျာကြီးက သင်္ဘောအနီးက ကျွန်းရိုးအကြောင်းစပေးမှ ပို၍ ခရီးသွားချင်လာသည်။

"ဒီနေ့ ခင်ဗျား အထည်ကိုခေါင်ဘက်တွေဆီ သွားပါဦး၊ ကုန်တိုက်မန်နေဂျာက မနေ့က မန္တလေးနဲ့ မော်လမြိုင်ကုန်သည် ကြီးတွေအတွက် အထည်ငါးသောင်းဖိုး ထုတ်ချင်တယ်တဲ့၊ ခင်ဗျား သူ့ကို တယ်လီဖုန်းဆက်ပြီး ကြည့်လုပ်ပေးတော့ ကျွန်တော် ခရီး ထွက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူဌေးမင်း ရှိနိုင်က ပြန်လာတာလည်း မကြာသေးဘူးနော်"

"အို...ကျွန်တော် အမြဲခရီးထွက်ချင်တယ်၊ ခင်ဗျားတို့ ဂိုဒေါင်တွေ အလုပ်တိုက်တွေ ကျွန်တော် ဘာမှ မကြည့်ချင်ဘူး"

မန်နေဂျာကြီးသည် ကျွန်တော့်ကို စိုက်၍ ကြည့်၏။ ကျွန်တော်၌ ရောဂါတစ်ခုခု ဝင်ရောက်နေပြီဟု သူ ထင်မြင်ဟန် ရှိလေသည်။

"ကောင်းပါတယ်လေ၊ အလုပ်တွေကလည်း များလွန်းပါတယ်၊ ပြီးတော့ မမချိုကလည်း မရှိဘူး မဟုတ်လား"

"ဘာ မိချိုက ကုန်တိုက်ထဲမှာရော အထည်ဂိုဒေါင်ထဲမှာရော အမြဲရှိတယ်ဗျ ကျုပ်ကို ကြည့်ကြည့်နေတယ်"

ကျွန်တော်သည် စကားကို ဖြန်းခနဲ ရပ်ပစ်ကာ ကားရှိရာ ခပ်သုတ်သုတ်ထွက်သွားတော့သည်။ မန်နေဂျာကြီးသည် ပါးစပ် အဟောင်းသားနှင့် ကျောက်မှုန့်များအနီးတွင် ကျန်ရစ်ခဲ့သည်။ သူက တော့ ကျွန်တော်စိတ်ဖောက်ပြန်သွားပြီဟု ထင်ဟန်ရှိသည်။ အမှန် တော့ ကျွန်တော့်စိတ်များသည် ကောင်းမွန် ခိုင်မာလျက် ရှိပါသည်။

သို့သော် ဂိုဒေါင်များ၊ အလုပ်တိုက်များနှင့် အလုပ်သမားများကို မိချိုသည် အရှင်သခင်ကြီးသဖွယ် ကြီးစိုးနေသေးသည်ကို သူတို့ မသိပါပေ။

အိမ်ပြန်ရောက်လျှင် ဖြူသည် အိပ်ခန်းထဲ၌ မှိန်း၍နေပေသည်။ ဖြူအနားတွင်မူ ဒေါက်တာအောင်သန်းသည် ထိုင်လျက် ရှိပေသည်။ မိချို သေသွားကတည်းက ဒေါက်တာ ဆင်ဖြူရယ်သည် ကျွန်တော်တို့အိမ်သို့ မလာတော့ပေ။

ဖြူ ယခုလို လဲနေလျှင် ကျွန်တော့်ရင်ထဲတွင် ဗလောင်ဆူ၍



သွားလေသည်။

"ဖြူ ဘာဖြစ်လို့လဲ ဒေါက်တာ"

ကမန်းကတန်း ဒေါက်တာသို့ လှမ်းမေး၍ စုတင်ဘေးတွင် ကျွန်တော် ထိုင်လိုက်သည်။ ဖြူ၏ လက်များကို ကျွန်တော် ဆုပ်နယ်၍ ပေးနေလေသည်။ ဖြူသည် မှိန်းနေရာမှ ကျွန်တော့်ကို မျက်ခွံပင့်၍ ကြည့်၏။

"ဖြူ ရင်ထဲမှာ မောမောနေတယ်၊ ခေါင်းလဲကိုက်တယ်"

"ဟင်...ခေါင်းလဲကိုက်တယ်"

ဖြူ၏ နားထင်ပေါ်သို့ ကျွန်တော့်လက်များ ရောက်သွားကာ ဖြည်းညှင်းစွာ နှိပ်၍ပေးနေမိလေသည်။

"အားနည်းနေတဲ့အခါမှာ လေးငါးခြောက်လ နားနားနေနေ နေတာဟာ ကောင်းပါတယ်၊ ဦးမြင့်မောင် သူဌေးကတော်ဟာ အိမ်ကိစ္စတွေနဲ့ အမြဲလိုလို ခေါင်းရှုပ်နေရတော့ စိတ်ပမ်းလူပမ်း ဖြစ်တာ ပေါ့လေ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်တော်လည်း ဒီမှာ မနေချင်ဘူး။ အထက်မြန်မာပြည် တက်သွားမလို့"

"ရှမ်းပြည်နယ်ဘက် ထွက်ရင်မကောင်းဘူးလား ဦးမြင့်မောင်"

"အင်း...ကောင်းတယ်ဗျို့၊ ကဲ ဖြူ ခဏမှိန်းနေဦးနော်"

"ကျွန်တော်လည်း ပြန်ခွင့်ပြုပါဦး၊ လမ်းမှာ သူဌေးကတော် သောက်သွားဖို့ ဆေးတွေ ညနေကျ ကျွန်တော် လာပို့ပါမယ်"

"ကောင်းပါပြီ"

ကျွန်တော်သည် ဒေါက်တာအောင်သန်းကို လိုက်ပို့ပြီး [illegible] ချောင်ကို ဝင်လာခဲ့၏။ အစေခံများကို မီးဖိုထဲတွင် အားလုံး[illegible]၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဦးသာအောင် နက်ဖြန် ကျွန်တော်တို့ လားရှိုးကို ခရီးထွက်မယ်၊ ဆာမိကို သမင်းချက်ဖို့ ထည့်လိုက်၊ ပစ္စည်းတွေ ခါတိုင်းလို ပြည့်ပြည့်စုံစုံထည့်ပေးလိုက်နော်။ ဖြူ့အတွက် ငါးပိကောင်းကောင်းကြော်လာခဲ့ဦး"

သူတို့အားလုံးသည် နာခံကျိုးနွံစွာ ခေါင်းညိတ်လိုက်သော်လည်း သူတို့မျက်လုံးများ တစ်ထောင့်တွင် ကျွန်တော့်ကို သရော်နေသလို ကျွန်တော့်အတွက် အံ့သြနေသလို အရိပ်အယောင်များပေါ်၍နေပေသည်။ ကျွန်တော်သည် သူတို့၏ အကြည့်များကို တာရှည်မခံနိုင်ပေ။ ချာခနဲ လှည့်၍ ထွက်လာမိပေသည်။

"ဘယ်နှယ်လဲ သူဌေးမင်းရဲ့၊ ဟိုတုန်းကတော့ မိချိုရေ ဘယ်ကို ခရီးထွက်မလို့ယော့လို့ အိမ်ကြီးပေါ်က တစ်လုံးတည်း ပြောလိုက်ရုံပဲ မဟုတ်လား။ ခုတော့ ငါးပိကအစ သူဌေးမင်းကိုယ်တိုင် စီစဉ်နေရပြီနော်"

အမှန်တော့ အစေခံများသည် ကျွန်တော့်အား ထိုကဲ့သို့ မပြောကြပါ။ သို့သော် ကျွန်တော့် နားထဲတွင် သူတို့တတွေ နောက်မှ လိုက်အော်ပြောနေသလို ကြားနေရလေသည်။ လှေကားရှိရာသို့ ကျွန်တော်သည် မောပမ်းစွာ ပြေး၍သွားနေမိလေသည်။ လှေကားထစ်များကိုလည်း တစ်ထစ်ချင်း အားယူ၍ တက်နေရပေသည်။

"ခြော်…ဘယ်လိုဖြစ်ရသော အကြောင်းများပါလိမ့်"

❀



လားရှိုးတွင် ဘော်တွင်းသူဌေးလေးသည် ကျွန်တော်တို့ကို လာ၍ ကြိုပေသည်။ ဘော်တွင်းသူဌေးလေးနှင့် ဖြူတို့သည် ဒါဂျီလင်ကျောင်းတွင် နေစဉ်က အသိဖြစ်ခဲ့ကြသည်ဟုဆိုသည်။ ဘယ်တုန်းက ဖြူသည် ကျွန်တော်တို့ လာမည့်အကြောင်း ဘော်တွင်းသူဌေးထံ အကြောင်းကြားလိုက်မှန်း မသိပေ။

"ကျန်းမာတဲ့အထိ ကျွန်တော်တို့နဲ့ အတူနေနိုင်ပါတယ် သူဌေးမင်း၊ ရှမ်းပြည်နယ်တော့ အင်မတန် အနားယူဖို့ကောင်းတဲ့ နေရာပါပဲ"

ကျွန်တော်သည် ဘော်တွင်းသူဌေးကို ငေးကြောင်ကြောင်နှင့် ကြည့်နေမိ၏။ အမှန်တော့ ဖြူကဲ့သို့ ဝင်းစိုလှပနေသူအား ဘယ်သူကမှ မကျန်းမာသူဟူ၍ ထင်မည်မဟုတ်ပေ။ ဖြူသည် ဗိုးဆွယ်တာ ခါးကျပ်အဖြူကို ဝတ်ဆင်ထား၍ သူ့တင်ပါးကားကားမှာ ခါးစီးအောက်မှ မို့မောက်လှပစွာ ပေါ်လွင်၍နေလေသည်။ သူ့ပါးလေးများသည် နီစိုစိုနှင့် နှင်းဆီရောင်နှံ့သန်း၍ နေလေသည်။ ကျွန်တော့်ရုပ်က လူမမာရုပ်ပေါက်နေဟန်တူသည်။

ဘယ်သူက မမာ၍ အနားယူရန်လာသည်ကိုပင် ကျွန်တော် မတွေးချင်ပေ။

"ကျွန်တော် ဦးကြီးအိမ်တစ်လုံးမှာ ကျွန်တော် ခေတ္တနေပါတယ်။ အဲဒီမှာ ဖြူတို့ အတူနေတာပေါ့၊ အင်မတန် အေးချမ်းပါတယ်"

"ကျွန်တော်က တစ်နေရာတည်းမှာ အကြာကြီး မနေချင်ဘူး"

ကျွန်တော်က လွှတ်ခနဲ စိတ်ထဲရှိသည်ကို ပြောလိုက်မိပါ သည်။

www.burmeseclassic.com



"ကိုကိုက ကောင်းကောင်းနေမကောင်းဘူး၊ သူ့ရွှေလေး၊ သူ့ စိတ်လွတ်လပ်မယ်ထင်တဲ့ နေရာတွေကို သွားပြီး လည်ချင်တာပဲ"

ဖြူသည် ဘော်တွင်းသူ့ရွှေလေးကို ပြော၍ ပြုံး၍ ကျွန်တော်တို့သည် ကားရှိရာသို့ ထွက်လာခဲ့သည်။ ဘော်တွင်းသူ့ရွှေလေး အိမ်သည် လေယာဉ်မြေကွင်းနှင့် မဝေးလှ၊ တောင်ကုန်းတစ်ခုပေါ်တွင် ရှိ၍ လားရှိုးမြို့ထဲသို့ သွားရာလမ်းကို အိမ်ပေါ်မှ ဆီး၍မြင်နေရလေသည်။

တောင်ကုန်းသို့ ပတ်၍ အိမ်ရှိရာသို့ တက်သွားသော လမ်းတစ်လျှောက်တွင် ပန်းပွင့်ဖြူကြီးများသည် အဆုပ်လိုက် အဆုပ်လိုက် ပွင့်၍နေကြလေသည်။ အိမ်ဝင်းသို့ အဝင်အဝတွင်မှ ထင်းရှူးပင်ကို စိုက်၍ စိုက်ထား၏။

ကားပေါ်မှ ဆင်းဆင်းချင်း ကျွန်တော်သည် အိမ်ထဲသို့ မဝင်လိုပေ။ ဟန်ဆောင်၍ပင် ဧည့်ခန်းထဲတွင် မထိုင်တော့ဘဲ ခြံထဲသို့ ထွက်၍လာခဲ့၏။ တောင်ကုန်းပေါ်မှ လားရှိုးမြို့ထဲသို့ မှန်း၍ ကြည့်မိ၏။ မိချိုနှင့် လာစဉ်က ဈေးမြောက်ဘက် အိမ်တစ်လုံးကို မိတ်ဆွေကုန်သည်တစ်ယောက်အား ငှား၍ တည်းခိုခဲ့သည်။

ထိုစဉ်က နားနေဖို့ ကျွန်တော် လာခြင်းမဟုတ်ပေ။ ကျွန်တော်သည် ရှမ်းပြည်နယ် ဈေးကွက်များကို လာ၍ ရှာခြင်းမျှသာ ဖြစ်၏။ ကျွန်တော်၏ ကုမ္ပဏီကို ရှမ်းပြည်နယ်တွင် တိုက်ခံထားချင်သည်။ ရှမ်းပြည်နယ်ထွက် ကုန်များကို ကုန်ကူးရုံတွင်မက ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဘော်တွင်းအလုပ်တစ်ခုကို လည်းကောင်း၊ လက်ဖက်ခြောက်လုပ်ငန်းကို လည်းကောင်း ဖွင့်လှစ်ချင်သေးသည်။ မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်း၍ သစ်သီးများကို အောင်မြင်အောင်



စိုက်ပျိုး၍ ကြည့်ချင်သည်။ သစ်သီးစည်သွတ်လုပ်ငန်းနှင့် ပတ်သက်၍ ယခု ကုန်သည်တို့ လုပ်ဆဲလုပ်ငန်းကို ကျွန်တော် အားမရပေ။

ကျွန်တော် မျက်စိထဲတွင်တော့ ရှမ်းပြည်နယ်တစ်ပြည်လုံးကို ရွှေတုံးရွှေခဲများလိုပင် မြင်သည်။ တသွင်သွင်စီးသော စမ်းရေတွင် ရွှေများ စီးမျောလာသလို မြင်ရ၏။ နီသောမြေပြင်တွင်လည်း ရွှေစင်ခင်းထားသလို ကျွန်တော်မြင်သည်။ သရက်သီးများ၊ ချယ်ရီပွင့်ခိုင်များကို လည်းကောင်း၊ နာနတ်နှင့် အာလူးသီးများကိုလည်း ရွှေပွင့်ရွှေသီးများအဖြစ် ကျွန်တော်က မြင်ပေသည်။

"အစ်ကိုတော့ ဘာဝဆုံးတာပဲ"

ကျွန်တော့်အမြင်ကို ကျွန်တော် ပြောပြလျှင် မိချိုက ဤသို့ မှတ်ချက်ချ၏။

ကျောက်တုံးကျောက်ခဲများကို ဖြတ်ကျော်၍ စီးလာသော စမ်းရေသံသည် ရွှေဒင်္ဂါးတို့ အချင်းချင်း ထိခတ်၍ တချွင်ချွင်မြည်သလို ကြားယောင်၍ လာလေသည်။

ယခုတော့ ကျွန်တော်သည် ဘာကိုမှ မမြင်၊ ဘာကိုမှ မကြားသလို ဖြစ်၍နေလေသည်။ ယခင်က ကျွန်တော်၏ အသည်းနှလုံးတို့သည် ကျောက်တုံးကျောက်ခဲ ဖြစ်သည်ဟု မိချိုက ဆို၏။ ယခုတော့ အသည်းနှလုံးတို့သည် ဘယ်ပုံသဏ္ဌာန်သို့ ပြောင်းလဲ၍ သွားပါလိမ့်။

ယခင်က ကျွန်တော်၏ အသည်းနှလုံးများသည် အာရုံခံစားနိုင်သော တန်ခိုးများ ရှိကြ၏။ သို့သော် ကျွန်တော် အချိန်မပေးခြင်းဖြစ်၏။ ယခု ကျွန်တော် အချိန်ရသော်လည်း ကျွန်တော့်အသည်းနှလုံးများသည် သဘာဝ၏ အလှအပများကို အာရုံမခံစားတတ်တော့ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"နားခြင်း"ဟူသော အကြောင်းတရားကိုလည်း မသိနိုင်တော့ပါတကား။

ကျွန်တော်သည် မရပ်မနားနိုင်၊ အားသွန်၍ ပြေးမြဲပြေး၍နေလေသည်။ ကျွန်တော် ဘယ်ဆီသို့ ပြေးနေသည်ကိုလည်း ပြေးလွှားရင်း ကျွန်တော် စဉ်းစားမိ၏။ ကျွန်တော်၏ ပန်းတိုင်ကလည်း ဘယ်သို့ ရောက်နေသည် မသိပေ။ အရှိန်မသတ်နိုင်သောစက်လို လည်မြဲလည်၍ နေလေပြီ။ ဘယ်လို ထိန်းချုပ်၍မှ မရတော့ပါကလား။ အမှန်တော့ ကျွန်တော် မောပမ်းနွမ်းနယ်လှချေပြီ။ နား၍မရသော ကျွန်တော်စိတ်အတွက် ကျွန်တော် ဝမ်းနည်း၍လာလေသည်။ ငိုချင်၍လာလေသည်။ မိချိုပြောသလို ကျွန်တော့်ဘဝများ ဆုံးလေပြီလား။

ကျွန်တော်သည် ခေါင်းကို လက်နှစ်ဖက်နှင့် ဖြင်းစွာ ရိုက်မိပြီးနောက် ကျွန်တော် ဘာဖြစ်သည်ကို သတိမရပေ။ ကျွန်တော့်ရှေ့တွင် လားရှိုးမြို့၏ ရှုခင်းသည်လည်း ပျောက်ကွယ်၍သွားလေသည်။ ခြံစည်းရိုးရှိ ထင်းရှူးပင်များလည်း မရှိကြတော့။ ပန်းပွင့်ဖြူကြီးများသည်လည်း ငှက်ဖြူတစ်အုပ်လို အဝေးသို့ တရိပ်ရိပ် ပျံသန်းသွားကြတော့သည်။

❀

"မျှော်မျှော်မေ အလည်အပတ်ထွက်တယ် မော်တော်ကားနဲ့ကွယ်၊ ဟိုယခင်ကျောင်းပိတ်ရက်ကကွယ်၊ ရှမ်းပြည်နယ်ကို တောင်မိုင်းရော မြောက်မိုင်းရောကွယ် ရောက်ခဲ့တယ်"



မိချိုသည် ကျွန်တော့်အားတွင် သီချင်းကို အေးအေးလေး သီဆို၍ လိုက်လာသည်။ ရှမ်းပြည်နယ်၏ ဆောင်းညသည် အေးလှသည်။ ကားမှန်ကို အလုံပိတ်ထားသည့်ကြားက ဆောင်းလေသည် ဘယ်ကဝင်လာသည်မသိ၊ စိမ့်၍စိမ့်၍ အေးလာသည်။ တရိပ်ရိပ် ပြေးနေသော ကားနောက်တွင် တောတန်းများသည် လည်၍လည်၍ ကျန်ရစ်သည်။ လရောင်သည် မှန်တံခါးကို ဖြတ်၍ ကျွန်တော်တို့ နှစ်ယောက်ပေါင်ပေါ်သို့ ရောကျနေလေသည်။

မောင်ရယ် ဆောက်တွေနက်တဲ့ တောင်တန်းမယ်
ခင်ကွယ် တောချွေးလေးများတောင် မြန်ချင်တယ်"

မိချိုသည် သီချင်းကို တိုးတိုးလေး ညည်း၍ ဆိုပြန်သည်။ သူသည် ကျွန်တော့်ကိုယ်ကို ခပ်ယိုင်ယိုင်မှီ၍ လိုက်ပါလာသောကြောင့် လရောင်သည် သူ့မျက်နှာတစ်ဝက်ပေါ်တွင် လင်းနေလေသည်။ သူ့မျက်လုံးလေးများသည် မှေး၍လာလေပြီ။ သူ အိပ်ချင်၍ မဟုတ်သည်ကိုသိ၏။ သူ ခဏခဏ ရေရွတ်တတ်သော လနတ်သမီးသည် သူ့ကို ဖမ်းစားလေပြီ၊ ညှို့လေပြီ။ လဝန်းသည် တောတန်းကို ကျော်၍ တောစွန်းတွင် ဝင်းဝင်းပ၍နေလေသည်။ တောင်ရိပ်သည် မဲ၍ တောင်ထွဋ်များသည် ငွေမင်မှုန်းထားသလို လင်း၍ ဖြူနေလေသည်။

မိချိုသည် သီချင်းတစ်ပုဒ်ကို ညည်း၍ဆိုလာလေသည်။ သူ့သီချင်းကို ကျွန်တော် မရသော်လည်း သီချင်းအဓိပ္ပာယ်ကို သတိရ၍နေ၏။

ယခုအချိန်တွင် သူ့လို သီချင်းတစ်ပုဒ် အေးအေးဆိုချင်ပါ၏။ သီချင်းကိုတောင် ကျွန်တော် မရပါကလား။

သူ့သီချင်းသည် လဝန်းကိုလည်း ဖွဲ့၍ထားပေသည်။ လ...

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် အရှေ့တောင်တန်းကို ဖြတ်ကျော်၍ ကျွန်တော်တို့နှင့်အတူ ခရီးသွားရန် ပြင်ဆင်နေပေသည်။ ပန်းပွင့်နှင့် သစ်ရွက်များသည် ငွေလရောင်အောက်ရှိ လမ်းပေါ်သို့ စုန်ဆင်းကာ အဘိုးအိုနှင့် အတူ လိုက်ပါရန် တလှုပ်လှုပ်တရွရွ ပြင်ဆင်စပြုလေပြီ။ ထိုအချိန်တွင် ကောင်းကင်နက်ပြာကြီးမှ ကြယ်ဖြူစုတို့သည်လည်း ချိုးဖြူတစ်အုပ်လို ပျံသန်းကာ ကျွန်တော်တို့နှင့်အတူ ခရီးထွက်ခွာလာကြပြီဟု ဆိုလေသည်။ သို့သော် ကျွန်တော်တို့ ဘယ်ကိုသွား၍ ဘယ်သောအခါ ခရီးလမ်းဆုံးမည်လဲဟူ၍ မေးခွန်းနှင့် သီချင်းက ဆုံးသွားပေသည်။

သီချင်းဆုံးလျှင် မိချိုသည် ကျွန်တော်ကို မေးခွန်းမေးပြန်၏။

"အစ်ကို ဘယ်အချိန်ရောက်မှာလဲ၊ တစ်ခါမှလဲ မနားရဘူး" ကျွန်တော်သည် သူ့ပါးစပ်ကို လက်နှင့် လှမ်းပိတ်၍ သူ့ကို ကျွန်တော့်ပေါင်ပေါ်သို့ ဆွဲယူသိပ်လိုက်သည်"

"မိချို ငြိမ်ငြိမ်လေး အိပ်လိုက်ခဲ့စမ်း။ နမ္မတူရောက်ဖို့ ၂ နာရီပဲ လိုတော့တယ်"

သူသည် အသက်ပြင်းပြင်းရှူ၍ နေလေသည်။ ကျွန်တော်တို့သည် နမ္မဆန်မှ ညနေစောစော ခရီးထွက်လာကြခြင်း ဖြစ်လေသည်။ နမ္မတူဘော်တွင်းသို့ ယခုညတွင်းချင်း ကျွန်တော်က ရောက်လိုပေသည်။ နမ္မတူဘော်တွင်း၏ မန်နေဂျာ မစ္စတာလီချီ ဖိတ်ခေါ်ချက်အရ ကျွန်တော်လာခြင်း ဖြစ်သည်။ မိချိုက ငွေတောင်ထွဋ်များပေါ်သော **နမ္မဆန်တွင်** ခေတ္တနားလိုသည်။ သူသည် တောင်ကုန်းတောင်ခြေများကြားသို့ သွားရောက်လည်ပတ်၍ သင်တိုင်းဖြူဖြူနှင့် ငွေတောင်သူများအား တွေ့လိုပေသည်။ နမ္မဆန်သည်



လှမျိုးစုံသည်ဟု ဆိုရပေမည်။ လမ်းများသည် တောင်ကြားများထဲတွင် ရှိ၍ အိမ်များသည် တောင်ကုန်းများပေါ်တွင် ရှိလေသည်။

ကျွန်တော်က တောင်တန်း၊ တောင်ကုန်း၊ သစ်ပင် ပန်းမာလ်တို့ကို ဂရုပြုသောသူမဟုတ်ပါပေ။ ယခု ကျွန်တော်ကားစီးရင်းပင် ဘာကို မြင်နေသည် ထင်ပါသလဲ။ လမင်း၏ လှပအေးမြသော ရောင်ခြည်ကို နမ္မတူဘော်တွင်းမှ ဘော်ရည်ခဲရည်များ စီးကျနေသလို **ကျွန်တော်** မြင်၍နေရလေသည်။

"ခဲတွေ...ဘော်တွေ...ရွှေတွေ...ရွှေတွေ" ကျွန်တော်သည် **ဟစ်၍ အော်လိုက်၏။** အော်ရင်း...အော်ရင်း မော၍လာသည်။ **ကျွန်တော့်** ပခုံးကို တစ်စုံတစ်ယောက်က လာ၍ ပုတ်နေလေသည်။ ကျွန်တော် မျက်လုံးဖွင့်လိုက်သောအခါတွင် ကျွန်တော်သည် ကားထဲမှလည်းမဟုတ် မိချိုသည်လည်း ကျွန်တော်ပေါင်ပေါ်တွင် မရှိပေ။ ကျွန်တော်သည် မွေ့ရာတစ်ခုပေါ်တွင် လဲလျောင်းလျက် ရှိပေ၏။

"သတိရပြီလား မစ္စတာမြင့်မောင်၊ ခင်ဗျား ခြံထဲမှာ မနေလို့ ဒီကို ခေါ်လာရတယ်၊ မေ့သွားတာ၊ တစ်နာရီလုံးလုံးကြာတယ်"

နားကြပ်ကို လက်တွင် ကိုင်ထားသော အင်္ဂလိပ်ကပြားဆရာဝန်သည် ကျွန်တော့် ခုတင်ဘေးတွင် ထိုင်နေရာမှ ပြော၍ပြ၏။ ကျွန်တော်သည် သူ့ကို စိုက်ကြည့်ကာ ငြိမ်၍နေမိ၏။ ကျွန်တော့်စိတ်အာရုံများကို ကျွန်တော် ပြန်၍ ထိန်းနေလေသည်။

မကြာခင်ပင် ဖြူသည် ရစ်ချက်နှင့်အတူ အိပ်ခန်းထဲသို့ ဝင်၍လာသည်။

"ဟော...ကိုကို သတိရလာပြီ၊ ဖြူ မနက်စာသွားစားတယ်၊ ကိုကိုရော စားမလား"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခပ်သုတ်သုတ်လျှောက်၍လာကာ ကျွန်တော်အနားတွင် ဝင်ထိုင်၍ မေးလိုက်၏။ ကျွန်တော်သည် ခေါင်းကို ဖြည်းညှင်းစွာ ခါလိုက်လေသည်။

"ပထမတုန်းက ကျွန်တော် သိပ်ဒိုးရိမ်သွားတယ် ဦးမြင့်မောင်၊ နောက် ဖြူက ဖြစ်နေကျဆိုတာနဲ့ ကျွန်တော် စိတ်နည်းနည်းအေးသွားတယ်"

ရစ်ချတ်သည် ကျွန်တော့်အနား လာရပ်၍ ပြောပြန်၏။ ကျွန်တော်သည် သူတို့ကို အားယူ၍ ပြုံးပြလိုက်သည်။

"နို့တစ်ခွက်လောက်သောက်ပြီး မစ္စတာမြင့်မောင် အိပ်လိုက်ရင် ကောင်းမယ်။ ခုနက မေ့သွားတာသာ ဖြစ်တယ်၊ ခင်ဗျားအာရုံကြောတွေက နားမနေဘူး၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရင် အနားရသွားမယ်"

"ဟုတ်တယ် ဖြူ နို့သွားယူဦးမယ်"

ကျွန်တော် အနားမှ ထသွားလျှင် ကျွန်တော်သည် ဖြည်းဖြည်းပင် လှဲရာမှ ထ၍ ထိုင်လိုက်သည်။ ကျွန်တော့် ခြေရင်းရှိ မှန်ဗီရိုလေးထောင့်ထဲတွင် ကျွန်တော်ရုပ်ကို အံ့သြစွာ မြင်ရလေသည်။ ကျွန်တော်သည် အတော်ပင် အိုမင်း နွမ်းနယ်၍ နေပေသည်။ နားထင်သည် ချိုင့်လွန်း၍ ပါးရိုးမှာ ငေါနေသည်ဟု ထင်ရလေသည်။

မသုတ်သင်သော ပါးသိုင်းမွေးများကြောင့် ကျွန်တော်၏ ရုပ်သည် အရွယ်ထက် ပို၍ အိုမင်းဟန်ပေါက်နေလေသည်။ ကျွန်တော်သည် ရစ်ချတ်ကို မျက်ခုံးလှည့်၍ ကြည့်မိသည်။ ရစ်ချတ်သည် သူ့နှုတ်ခမ်းကို ဖြည်းညှင်းစွာ ဖွင့်၍ ကျွန်တော်ကို ပြုံး၍ပြ၏။ သူ့နှုတ်ခမ်းများထက်တွင်တော့ နှုတ်ခမ်းမွေးစိမ်းစိမ်း ရေးရေးသည်



ကျက်သရေရှိလှပေသည်။

"ကျေးဇူးတင်ပါတယ်၊ ရောဂါကတော့ မကြာခဏ ဖြစ်နေကျပါပဲ၊ မစိုးရိမ်ပါနဲ့"ဟု ကျွန်တော် သူတို့အား လှမ်း၍ ပြောလိုက်သည်။

"ဟုတ်ကဲ့၊ ဒါပေမယ့် ညဘက် စည်ခံပွဲကို ဆင်းနိုင်ပါ့မလား၊ လားရှိုးက ကျွန်တော့်မိတ်ဆွေတွေနဲ့ ဦးမြင့်မောင်တို့ကို မိတ်ဆက်ပေးဖို့ ကျွန်တော် ကောက်တေးလ်ပါတီတစ်ခု စီစဉ်ထားတယ်"

ကျွန်တော်သည် ခေါင်းခါ၍ပြလိုက်၏။ နို့ တစ်ဖန်ခွက်ကို ငွေလင်ပန်းပေါ်တွင် တင်၍ ရှမ်းသူငယ်လေးတစ်ယောက် အခန်းထဲသို့ ဝင်၍လာလေသည်။ သူ့နောက်တွင် ဖြူ လိုက်ပါ၍လာလေသည်။

ဖြူသည် အစေခံလက်ထဲမှ နို့ဖန်ခွက်ကို ယူ၍ ကျွန်တော့်ကို ပေး၏။ ကျွန်တော် နို့သောက်နေစဉ် ဆရာဝန်သည် နှုတ်ဆက်ကာ ရစ်ချတ်နှင့်အတူ အခန်းထဲမှ ထွက်သွားကြသည်။

နို့သောက်ပြီးလျှင် ကျွန်တော်သည် ခေါင်းအုံးပေါ် မှိန်း၍ နေမိသည်။ မျက်လုံးများကို စင်း၍ထားသော်လည်း ကျွန်တော့် မျက်လုံးများသည် ဖြူကို ကြည့်၍နေမိသည်။ ဖြူသည် သေတ္တာများထဲမှ အနက်ရောင် ငွေချည်ပေါက်လုံချည်များကို တစ်ထည်ပြီး တစ်ထည် ရွေးချယ်၍နေလေသည်။ ညစာပွဲထိုင်တွင် ဝတ်ဆင်ရန် ဖြစ်ပေသည်။

"ဖြူ ဒီမှာ နေရတာ ပျော်ရဲ့လား၊ ဖြူနေမကောင်းလို့ လာတာ ဒီကျတော့ ကိုကိုလဲနေပြီ"

ဖြူသည် ပြုံး၍ ကျွန်တော့်အနား ရောက်လာသည်။

"ညနေ ကိုကို ပါတီကို မလာနိုင်တော့ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း...ခုနေလည်မှာလည်း ဖြူ လျှောက်လည်ပေါ့"

သူ့မျက်နှာသည် အားရရွှင်လန်း၍သွားလေသည်။ သူသည် ညဥ့်တွင် ဝတ်ရန် လက်ဝတ်လက်စားထည့်သော သေတ္တာထဲ စိန်လက်ဝတ်တန်ဆာများကို ကျွန်တော့်အနားတွင် ရွေးချယ်၍ နေလေသည်။ ထိုသေတ္တာထဲမှ မြလည်ဆွဲတစ်ခုကို သူသည် ခေတ္တ ဘေးသို့ ဖယ်ထားသည်။ မြတို့သည် စိမ်းစို၍ ယိုဖိတ်မတတ်ပြစ်၍နေပေသည်။ ဘယက်သည် သေး၍ တိုသော်လည်း ယဉ်နွဲ့ဟန် ရှိပေသည်။ အလယ်ရှိ မြလုံးသည် ၃ ရတီနီးနီးခန့် ရှိ၏။

မြများသည် ကျွန်တော့်မျက်စိရှေ့တွင် အရည်ရွှန်းကာ ပိုမို၍ တောက်ပဟန် ရှိပေသည်။ ထိုလည်ဆွဲပိုင်ရှင်၏ ရုပ်သည် မြကုံး အလယ်တွင် ပေါ်၍လာလေသည်။

"မိချို"

ကျွန်တော်သည် လွတ်ခနဲ အော်လိုက်သည်။ ဖြူသည် ကျွန်တော်ကို မျက်မှောင်ကြုတ်၍ကြည့်၏။

"ဘာဖြစ်လဲကို"

"ဘာမှမဖြစ်ပါဘူး ဖြူရာ"

သူသည် စိတ်တိုင်းကျ ရွေးချယ်ပြီးသောအခါ ပိုသော လက်ဝတ်တန်ဆာများကို သေတ္တာငယ်ထဲသို့ ပြန်ထည့်၍ သိမ်းလိုက်သည်။

ကျွန်တော့်အနားတွင်မူ မြလည်ဆွဲသည် ခွေခွေလေး ကျန်ရစ်သည်။ ဖြူသည် အခန်းပြင်သို့ ထွက်သွားပြန်သည်။

မိချိုသည် လက်ကောက်လက်စားများကို မမက်မောတတ်သော်လည်း တစ်နေ့တွင် စိန်လည်ဆွဲတစ်ခုကို လုပ်ချင်သည်ဟု ကျွန်တော့်



ကို ပြောသည်။ သူ့စိန်လည်ဆွဲသည် ဘယက်ကဲ့သို့ ထူပျစ်ပျစ်နှင့် ပန်းပွင့်ပန်းခိုင်များ မဟုတ်ဘဲ ရိုးလွန်းသော လည်ဆွဲအတိုလေး ဖြစ်ပေသည်။

သို့သော် ကျွန်တော်သည် ခွင့်မပြုခဲ့ပေ။ ယခင်က စိန်ဈေးနှင့်ဆိုလျှင် သည်ဆွဲကြိုးသည် တစ်ထောင်ကျော်ကျော်ကျခဲ့ပေသည်။ သို့သော် ကျွန်တော်သည် သူ့ကို ငွေ ၅၀၀ ပေးခဲ့ပေသည်။ မိချိုသည် ထိုနေ့မှစ၍ စိန်ဆိုလျှင် မဝတ်တော့ပေ။ ကျွန်တော့်လို တစ်လလျှင် အသားတင်ဝင်ငွေ ငါးထောင်ကျော်ရှိသူအဖို့ မိချိုကို တစ်ထောင်ပေးဖို့မှာ ခဲယဉ်းသော အလုပ်မဟုတ်ပေ။ မိချိုသည် ကျွန်တော်မိန်းမ မဟုတ်ဘူးပင် ဆိုဦးတော့ သူသည် ကျွန်တော်၏ သစ္စာအရှိဆုံး အလုပ်သမားတစ်ယောက် ဖြစ်၏။ ကျွန်တော်ခိုင်းသမျှ အကုန်လုပ်၍ပေးသူဖြစ်၏။ သို့သော် ကျွန်တော်သည် မိချိုအပေါ်တွင် ငွေတစ်ထောင်ပေးဖို့ကို နှမြော၏။ တွန့်တိုမိပေသည်။ ဘာကြောင့်များ ယခင်က ဤကဲ့သို့ စိတ်ရှိခဲ့သည်ကို ကျွန်တော် မတွေးတတ်ပေ။ ယခုတော့ ဖြူ ထင်သလိုသုံးသည်ကို ကျွန်တော် လက်ပိုက်ကြည့်နေမိ၏။ တစ်ပတ်တစ်ခါ ဖြူ ဗိုလ်ချုပ်ဈေးသွားခြင်းမှာ လေးရာနှင့် ငါးရာကြားတွင် သုံးပစ်လိုက်ခြင်း ဖြစ်သော်လည်း ကျွန်တော် မဟန့်တားမိ။ အသစ်အသစ် ဝယ်လာသော အဝတ်ဆန်းများကို ဖြူကိုယ်ပေါ်တွင် လှပစွာ ဆင်ယင်ထားသည်ကိုပဲ ကျွန်တော်သည် ကြည့်၍မဝ၊ ရှု၍မဝခဲ့ပါ။ သူ၏ ဖြူသောအသားတို့မှာ စိန်နှင့် ပို၍ လိုက်လျောပေသည်။ ဖောင်းကြွသော ရင်းသားပေါ်တွင် စိန်လည်ဆွဲ လှုပ်ရှားနေသည်ကို ကျွန်တော်က နှစ်သက်၏။ သူသည် ကျွန်တော်သူလို ယဉ်နွဲ့၏။ မက်မောနူးညွတ်ဖွယ်ကောင်းပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိချိုကတော့ ညိုရှုံ့တုတ်သည်။ သူ့ခန္ဓာကိုယ်သည် ကျွန်တော် ခိုင်းသမျှကို လုပ်နိုင်ရန်အတွက် အသင့်ပြင်ဆင်ထားဟန် ရှိပေသည်။

ဆယ်နှစ်မြောက် လက်ထပ်သောနေ့တွင်တော့ မိချိုသည် ထိုမြလည်ဆွဲကို သူ့လည်တိုင်တွင် ဆွဲ၍လာလေသည်။

ကျွန်တော်၏ စိမ်းကားသော အထိမ်းအမှတ်ဟူ၍ မိချိုက ဆိုပေသည်။ ကျွန်တော်သည် မြလည်ဆွဲကို မေ့ရာခင်းပေါ်မှ ထုတ်၍ယူလိုက်သည်။ မြလည်ဆွဲထဲတွင် ဝိညာဉ်တစ်ခု ရှိနေသလို ကျွန်တော်လက်များသည် တုန်ယင်၍နေလေသည်။

"သခင်ရယ်...သခင်ဟာဖြင့် တကယ့်အလုပ်သမားကို အလိုမရှိဘူး။ သခင့်ငွေကို အလကားသုံးဖြုန်းပစ်သူအပေါ်မှာတော့ သခင်ဟာ ကျေနပ်ရက်ရောခဲ့သလောက် သခင်ရဲ့ တကယ့်အလုပ်သမားအပေါ်မှာတော့ သခင်ဟာ အင်မတန် တင်းမာခဲ့ပါတယ်။ ဥပဒေစည်းကမ်းတွေ ကြပ်တည်းခဲ့ပါတယ်။ လိုက်လျောသင့် လိုက်လျောထိုက်တာကိုတောင်မှ သခင်ဟာ မလိုက်လျောခဲ့ပါဘူး"

"ဟင်...ဟင် ဒီလည်ဆွဲက စကားပြောတယ်"

ကျွန်တော် နားထဲတွင် တကယ်ပင် လည်ဆွဲက တီးတိုး စကားပြောနေပေသည်။ ကျွန်တော်သည် လည်ဆွဲကို ထုတ်ယူကြည့်ရာမှ ကြောက်အားလန့်အားနှင့် လွှတ်ချလိုက်သောအခါ မြလည်ဆွဲသည် ကျွန်တော်ရင်ဘတ်ပေါ်သို့ ဖုတ်ခနဲကျလာသည်။

ရစ်ချတ်နှင့် ဖြူတို့သည် အခန်းဝမှ ကျွန်တော်ရှိရာသို့ ပြေးလာကြသည်။

"ကိုကို ဘာဖြစ်လို့ တစ်ယောက်တည်း စကားပြောနေလဲဟင်"

ဖြူသည် ကျွန်တော် လက်မောင်းများကို ဆုပ်၍ မေးနေသည်။



"ဒီလည်ဆွဲက ကိုကို့ကို စကားပြောလို့ ကိုကို လန့်သွားတာ"

ကျွန်တော်သည် ယောင်၍ ပြောလိုက်မိသည်။ တကယ်တော့ လည်ဆွဲသည် ဘာမှ ပြောခြင်းမဟုတ်။ ကျွန်တော် စိတ်ကထင်ခြင်း ဖြစ်သည်။ သို့သော် သူတို့နှစ်ယောက်လုံးသည် ဖြည်းညှင်းစွာ ခေါင်းခါလိုက်ကြသည်။ ဖြူသည် ကျွန်တော့် ရင်ဘတ်ပေါ်မှ လည်ဆွဲကို ဆွဲ၍ ယူလိုက်၏။

သူတို့ ဘာကြောင့် ခေါင်းခါသည်ကို ကျွန်တော် သိပါ၏။ ကျွန်တော့်ကို ရူးပြီဟု သူတို့ ထင်ကြလေပြီ။ သူတို့နှစ်ဦးလုံးသည် ကျွန်တော့်မျက်လုံးကိုသာ စူးစိုက်၍ ကြည့်နေကြလေသည်။ ထိုအခါသည် ကျွန်တော်၏ ဘဝအား ပြောင်းလဲပစ်မည့်အကြောင်းကို ထိုစဉ်က ကျွန်တော် မသိခဲ့ပါ။

"သွားကြလေ...သွားကြ၊ ကိုကို ဘာမှမဖြစ်ဘူး"

ကျွန်တော်သည် ဣန္ဒြေရစွာ ပြောလိုက်၏။

"ဘာမှမဖြစ်ဘူးဆိုတာ ဟုတ်ကိုမဟုတ်နိုင်ဘူး"

ဖြူသည် ခပ်တိုးတိုး ပြောပြန်၏။ ရစ်ချတ်ကမူ ဘာမျှမပြောတော့ဘဲ အခန်းပြင်သို့ ဖြည်းညင်းစွာ ထွက်သွားတော့သည်။

မကြာခင် နေ့လည်ကလာသော ဒေါက်တာသည် ရစ်ချတ်နှင့်အတူ အခန်းထဲသို့ ဝင်၍လာပြန်သည်။

"ဟော...ဒေါက်တာ အားတာလက် ထိုင်ပါ...ထိုင်ပါ"

ဖြူသည် ကျွန်တော့်အနားတွင် ဒေါက်တဲ့ဒေါက်ပြန် လျှောက်နေရာမှ ဒေါက်တာကို လှမ်းခေါ်လိုက်၏။ ဒေါက်တာနှင့် ရစ်ချတ်သည် ခုတင်ဘေးရှိ ကုလားထိုင်များတွင် ဝင်၍ ထိုင်ကြသည်။

"ကျွန်တော့်အတွက် ဒေါက်တာလိုမယ်မထင်ပါဘူး မစ္စတာ

www.burmeseclassic.com

www.burmeseclassic.com



ရစ်ချက်"

ကျွန်တော်သည် ရစ်ချက်ကို လှမ်း၍ ပြောလိုက်၏။ သူတို့၏ မျက်လုံးပြောက်လုံးကို ကျွန်တော် ရှုမှန်း၏။ ထိုမျက်လုံးများ ကျွန်တော့်ကို ကြည့်နေပုံက အရူးကို ကြည့်နေကြခြင်း ဖြစ်ပေသည်။

"မဟုတ်နိုင်တာဘဲ၊ ကိုကိုကလည်း အစမ်းအသပ်ခံလိုက်ပါဦး။ တော်ကြာ အပ်နဲ့ ထွင်းရမှာ"

"မလိုဘူး ဖြူ မလိုဘူး၊ ကိုကို နောက်ထပ် ခရီးအရှည်ကြီး ထွက်ရင် ပျောက်သွားမှာပဲ"

"ခုနကတော့ မြလည်ဆွဲနဲ့ စကားပြောနေပြီးတော့"

သူသည် ခုတင်ဆောင်းမှ မတ်တတ်ရပ်ရင်းပင် ပြောနေပြန်သည်။

"ဖြူရော ရစ်ချက်ရော အပြင်ခဏထွက်ပါဦးကွယ်"

ဒေါက်တာသည် သူတို့အား လှမ်း၍ ပြောလိုက်သည်။ သူတို့နှစ်ယောက်သည် ကျွန်တော့်ကို မြင်တွေ့ကြည့်ကြပြန်သည်။

"ဒေါက်တာက စိတ်ပညာသဘောဆိုပြီး ကျွန်တော့်ကို ချော့ဦးမှာပေါ့၊ စမ်းသပ်ဦးမှာပေါ့။ ရူးတဲ့လူကို ရူးတယ်လို့ပြောရင် မကြိုက်ဘူးလို့ ဖြူကို ပြောဦးမှာပေါ့။ ခင်ဗျားတို့ ထင်သလို ကျုပ် မရူးဘူး။ ကျုပ် ဘာဖြစ်တယ်ဆိုတာ ကျုပ်ကိုယ်ကျုပ် သိတယ်။ နက်ဖြန် ကျုပ် ခရီးထွက်တော့မယ်။ ဒီမှာ ဆက်မနေတော့ဘူး။ ကျုပ် ပေသွားပြီး တစ်နာရီ နှစ်နာရီအတွင်းမှာ အားပျော့သွားပေမယ့် ခု ကျုပ် အားပြန်ပြည့်လာပြီ သွားမယ်"

"ကိုကို သွားချင်သွား၊ ဖြူ မလိုက်နိုင်တော့ဘူး" ဖြူသည် ခပ်မတ်မတ် ရပ်၍ တင်းတင်းပင် ကျွန်တော့်ကို ပြောလိုက်၏။ ကျွန်တော်သည် မျက်မှောင်ကြုတ်ပြီး သူ့ကို ကြည့်နေရာမှ စိတ်ကို



ပြန်လျှော့လိုက်ရ၏။ ကျွန်တော် ဆုပ္ပဂစ်အော်လျှင် ကျွန်တော့်ကို ရူးသည်ဟု ထပ်မံစွပ်စွဲကြပေဦးမည်။ သက်ပြင်းရှူရင်း မိုးခုံးပေါ်သို့ ကျွန်တော် ပစ်မိ၍နေလိုက်သည်။

သူတို့နှစ်ယောက်သည် အပြင်သို့ ထွက်သွားကြတော့သည်။ ဒေါက်တာနှင့် ကျွန်တော်သာ တစ်ယောက်ကို တစ်ယောက် အပြန်အလှန်ကြည့်၍နေကြသည်။

"ကျွန်တော်ကတော့ မစ္စတာ မြင့်မောင်ကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေချင်တဲ့ ဆန္ဒပဲ ရှိပါတယ်။ စိတ်ဖောက်ပြန်တယ်လို့ ကျွန်တော် မစွပ်စွဲပါဘူး"

ဒေါက်တာဘားတလက်သည် ဖြည်းဖြည်းဆေးဆေးပြော၍ ပြ၏။

"ကျွန်တော့်ကိုယ် ကျွန်တော် အသိဆုံးပါ ဒေါက်တာရယ်၊ နက်ဖြန်တော့ ကျွန်တော် ဒီနေရာမှာ မနေလိုတော့ဘူး။ နက်ဖြန်မှာ မန္တလေးသို့ သွားမယ့်လေယာဉ်မှဲ လာမလား"

"လာပါလိမ့်မယ်"

"ကျွန်တော် မန္တလေးကို သွားမယ်၊ မန္တလေးကနေ မြစ်ကြီးနားကို သွားမယ်"

"ဖြူတော့ မလိုက်တာ ကောင်းပါတယ်၊ အိပ်ဆေးနှစ်လုံးလောက် သောက်လိုက်ပါ မစ္စတာမြင့်မောင်၊ ခုအိပ်ဆေးတွေဟာ လူကို မထိခိုက်ပါဘူး"

"ပေးခဲ့လေ ကျွန်တော် သောက်မယ်"

သူသည် ကိုယ်တိုင်ပင် ကျွန်တော့်ကို တိုက်၏။ အိပ်ပျော်သွားခြင်းအားဖြင့် ကျွန်တော်၏ စိတ်သည်လည်း နားပေလိမ့်မည်ဟူ၍

www.burmeseclassic.com



ကျွန်တော် ယူဆမိလေသည်။

မှန်ပေသည်။ ကျွန်တော် အိပ်ပျော်သည်အထိ ဒေါက်တာ ဘားတလက်သည် အနားမှ မခွာပေ။ ကျွန်တော့်ဦးခေါင်းထဲသို့ မိချို့သည်လည်း မလာတော့။ ညဦး၏ ပါတီပွဲကိုလည်း ကျွန်တော် ဘာမျှမသိတော့ပေ။

မနက်တွင် ကျွန်တော်သည် အထူးရွှင်လန်း၍နေပေသည်။ ကျွန်တော်ဘေးတွင် ဖြူသည့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဟန်းပင် ဖြစ်ပေသည်။

ကျွန်တော် ရေချိုးပြီးချိန်တွင် နေခြည်များသည် အခန်းတစ်ခု လုံးတွင် မြူး၍နေလေသည်။

ရှမ်းအဘိုးကြီးတစ်ယောက်သည် အခန်းထဲသို့ နံနက်စာကို ယူ၍ လာသည်။

"သခင် မန္တလေးကို ဒီနေ့ ၁၀ နာရီ သွားရပါလိမ့်မယ်။ သခင့် ပစ္စည်းတွေကို ညက မမ ပြောထားလို့ အားလုံး ပြင်ဆင် ပြီးပါပြီ"

သူသည် ခြေကို စုရပ်ကာ ကိုယ်ကိုယို့၍ ပြောပေသည်။

"ကျေးဇူးတင်ပါတယ်"

ကျွန်တော်သည် စကားကို ကြာရှည်စွာ မပြောတော့ပေ၊ မြစ်ကြီးနားကို သွားရမည့်အတွက် ပျော်နေပေသည်။

ဖြူ နိုးလာလျှင် ကျွန်တော်တို့နှစ်ယောက်သည် အစီအစဉ် လုပ်ကြသည်။ သူသည် လားရှိုးမှ ရန်ကုန်သို့ တိုက်ရိုက်ပြန်မည် ဆိုသည်။ ကျွန်တော်ကလည်း မြစ်ကြီးနားမှသည် ရန်ကုန်တိုက်ရိုက် ပြန်ရမည်ဖြစ်သည်။ ကျွန်တော်တို့ နှစ်ယောက်သည် လားရှိုးတွင် နောက်ထပ် တွေ့ဆုံကြရန် မလိုတော့ပေ။



မန္တလေးတွင် လေယာဉ်ပျံ အလှည့်မသင့်၍ ခေတ္တနားကာ မြစ်ကြီးနားသို့ ကျွန်တော် ခရီးဆက်ခဲ့ပါသည်။ မြို့ပေါ်တွင် ကျွန် တော် ရပ်နားမည်ဟု ထင်ပါသလား။ မရပ်နားခဲ့ပါ။ ညနေစောင်း တွင် ကားအငှားနှင့် မြစ်ဆုံသို့ ဆက်၍ထွက်လာခဲ့ပါသည်။

ကျွန်တော့်နှလုံးသားထဲရှိ အရှင်သခင်မကြီးက ကျွန်တော့် အား မြစ်ဆုံသို့ သွားရန် ညွှန်ကြား၍နေပေသည်။

ကားပေါ်တွင် ကျွန်တော်တစ်ယောက်တည်း သွေ့ခြောက်လှ သည်။ မြေနီလမ်းပေါ်၌ ဂျစ်ကားသည် မြင့်ရာမှ လျှော၍လျှော၍ ဆင်းသွားသောအခါ အသည်းအေးသလိုလို၊ ငြိမ့်သလိုလို ဖြစ်၍နေ ပေသည်။ လမ်းနှစ်ဖက်သည် သစ်တောများဖြစ်၍ စွယ်တော်ပင်များ မှာမူ လမ်းဘေးနှစ်ဖက်တွင် ဝဲလည်ကာ ကျန်ရစ်ခဲ့ကြပေတော့သည်။ ကျွန်တော်သည် တစ်စုံတစ်ခုကို တွေ့ရတော့မလို ပြင်းစွာ မျှော်လင့် ၍ ဝမ်းသာနေပေသည်။ ကားသည် မြေနီမှုံရာသို့ ဖြည်းဖြည်းမောင်း သွားကာ စမ်းချောင်းငယ်တစ်ခုကို ဖြတ်၍ ကျော်လိုက်၏။ ပြီးလျှင် တောင်ကုန်းများပေါ်သို့ ပြန်၍တက်ပြန်သည်။

နောက်ထပ် စမ်းချောင်းတစ်ခုကို ဖြတ်ကျော်၍ တောင်ခါး ပန်းကို တွေ့လိုက်လျှင် တွေ့လိုက်ချင်း တောင်ခြေချောက်ထဲတွင် ကျွန်တော် အလွန်တွေ့လိုသော မေခနှင့် မလိခမြစ်ဆုံကို ရိုတ်ခနဲ လှမ်း၍ မြင်လိုက်ရလေသည်။

ကားသည် တောင်မြင့်ကြီးပေါ်သို့ ဖြတ်၍ မောင်းနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တဲငယ်များမှ ကလေးတို့သည် ပြေးထွက်လာကြ၍ ကျွန်တော့် ကားကို ကြည့်ကာ လက်ခုပ်လက်ဝါးတီးလိုက် အော်လိုက်နှင့် ဆူညံ၍ နေပေသည်။ ကလေးတို့ကို ဖြတ်ကျော်၍ ခပ်လှမ်းလှမ်းရှိ ခြံဝင်းတစ်ခုတည်းသို့ ကားကို မောင်းခိုင်းလိုက်သည်။ ဝင်းထရံသည် ဝါးလုံးများနှင့် ဖရိုဖရဲခတ်ထားလေသည်။ ခြံအလယ်ရှိ ပျဉ်ထောင်အိမ်သည် ချောက်ဖက်ကို ကျောပေး၍ ဆောက်လုပ်ထားလေသည်။ ကျွန်တော်သည် ကားထဲမှ အိပ်ရာလိပ်နှင့် လက်ဆွဲအိတ်ကို မြေကြီးပေါ်သို့ ယူချလိုက်၏။

ပိုက်ဆံရှင်းလင်းပေးပြီး၍ ကားထွက်သွားသောအခါမှ အိမ်ထဲမှ လူများ ထွက်လာကြသည်။ ကချင်အဘိုးကြီးလင်မယားသည် ကျွန်တော့်အနီးသို့ ခပ်သွက်သွက်လျှောက်လာ၏။ ကျွန်တော့်ကို မြင်လျှင် သူတို့နှစ်ဦးသည် ပါးစပ်အဟောင်းသား ဟရာမှ ပြုံး၍ ပခုံးကို ဆွဲလှုပ်ကြသည်။

"မောင်မြင့်မောင်...မောင်မြင့်မောင်"

အဘိုးကြီးသည် မြန်မာလို ပီသစွာ ကျွန်တော်ကို ခေါ်၏။ အဘွားကြီးကမူ ကချင်သံဝဲဝဲနှင့် ဝမ်းသာအားရ ဘာတွေပြောမှန်း မသိလိုက်ပါ။

"မောင်ရင် မချိုရောကွယ်"

အဘွားသည် ကျွန်တော့်လက်ဆွဲအိတ်ကို မချီရင်းပြော၏။

"မချိုဆုံးတာ နှစ်နှစ်ရှိပြီ"

"အို..."

သူတို့နှစ်ဦးလုံးသည် စိတ်ပျက်ဝမ်းနည်းစွာ အသံပြုလိုက်ကြ၏။ စကားတပြောပြောနှင့် ပစ္စည်းများကို အိမ်ဆီသို့ သယ်ပိုးကာ



ယူသွားကြသည်။ ကျွန်တော့်အဖို့ ထိုအိမ်သည် ရစ်ချတ်၏ တိုက်ဆက် သက်တောင့်သက်သာ ရှိသလို ထင်ရသည်။

"ကဲ...ကျောဘက်ဆုံးခန်းမှာပဲ နေနော်။ ဒီအခန်းက မြစ်ဆုံကိုလည်း လှမ်းပြီး မြင်ရတယ်၊ မချိုနဲ့ အတူနေသွားတဲ့ အခန်းလည်း ဖြစ်တယ်၊ ရေချိုးဦးမလား။ မောင်ရင် ရေနွေးအဆင်သင့်ရှိတယ်၊ ပြီးတော့ ထမင်းစားရအောင် ဟင်းတွေတော့ ရှိပါတယ်၊ ထမင်းတစ်လုံးပဲ တယ်ရမယ်"

အဘွားသည် ပြောပြောဆိုဆိုနှင့် ကျွန်တော့်အိမ်ရာလိပ်များကို ဖြေ၍နေသည်။ ပျဉ်ထောင်ခန်းလေးသည် မကျယ်ဝန်းလှသော်လည်း ရှုပ်ရှုပ်ထွေးထွေးမရှိပေ။ နှစ်ယောက်အိပ်ခုတင်တစ်ခုနှင့် စားပွဲဟောင်းတစ်လုံးပဲ ရှိလေသည်။ အဘွားသည် ခုတင်ကို ဖုန်ခါလျက်ရှိ၏။ အဘာမှာမူ စားပွဲပေါ်ရှိ မှန်အိမ်ကို ပြင်၍နေသည်။ အလုပ်လုပ်ရင်း ပါးစပ်မှလည်း မိချိုအကြောင်း ပြော၍နေပေသည်။ သူတို့သည် ကျွန်တော်လာရောက်ခြင်းအတွက် အလွန်ဝမ်းသာသော်လည်း မိချိုကို ပို၍သတိရစရာအကြောင်းဖြစ်ကြောင်း၊ မိချိုသည် ကျွန်တော်နှင့်အတူ ပြန်၍သွားသော်လည်း မိချိုနေသွားစဉ်က ခြေရာလက်ရာများမှာ ဤအိမ်တွင် နေရာတိုင်းလိုလို ကျန်ရစ်ကြောင်း၊ မိချိုညည်း၍ဆိုသော သီချင်းသံလေးကိုပင် သူတို့သည် ကြားယောင်၍ အမြဲသတိရနေသည်ကို အဘိုးကြီးသည် ကြေကွဲစွာ ပြော၍ပြနေပြန်သည်။

မထူးဆန်းပေဘူးလား။ ဤဒေသမှာပင် မိချိုသည် လာရောက်၍ ကြီးစိုးနေပြန်ပါပေကော။

ကျွန်တော် ရောက်ချိန်သည် ဆောင်းနှောင်းဖြစ်သော်လည်း မြစ်ကြီးနားတွင် ချမ်းနေဆဲပင် ဖြစ်ပေသည်။ မိချိုနှင့်အတူလာစဉ်ကမူ

www.burmeseclassic.com

www.burmeseclassic.com



မှေဦးပေါက်ဖြစ်၍ ရာသီဥတုသာယာလှပေသည်။ အဘွားသည် ကျွန်တော့်ကို ရေချိုးရန် လာ၍ခေါ်၏။

ကျွန်တော်သည် အဘွားခပ်ပေးသော ရေနွေးနှင့် ရေချိုးလိုက်၏။ စိတ်ထဲတွင် ပေါ့ပါး၍လန်းဆတ်နေသလို ဖြစ်နေပေသည်။ နေဝင်သွား၍ ပိုမိုအေးစိမ့်လာလေသည်။ အနွေးထည်များကို ဝတ်နေစဉ် အဘွားသည် အခန်းထဲရှိ မီးလင်းဖိုကို ထင်းများလာ၍ ထည့်ပေးနေသည်။

"ကဲ...ထမင်းစားဖို့"

အဘွားနှင့်အတူ မီးဖိုထဲသို့ ကျွန်တော် လိုက်၍သွားသည်။ အဘသည် ထမင်းစားပွဲတွင် ကျွန်တော်တို့နှစ်ယောက်အား စောင့်၍နေသည်။ ထမင်းများသည် ညိုသော်လည်း အငွေ့တထောင်းထောင်းနှင့် စားချင်စဖွယ်ဖြစ်၍နေသည်။ ကျွန်တော်သည် အဘွားထည့်ပေးသမျှကို ကုန်း၍စား၏။ မုန်းညှင်းချဉ်ရည်၊ ကြက်သားဆီပြန်၊ ဆတ်သားခြောက်မီးဖုတ်နှင့် စား၍ မြိန်လှသည်။

"လေးငါးခြောက်လရှိပြီ ဒီတစ်ခါ ကျွန်တော် ထမင်းအမြိန်ဆုံးပဲ"

သူတို့နှစ်ယောက်သည် ကျွန်တော် ပြောသည်ကို ငေး၍နားထောင်နေကြသည်။ ကျွန်တော် မျက်နှာကိုကြည့်ကာ စိတ်မကောင်းလည်း ဖြစ်နေကြဟန် ရှိပေသည်။

"မြိန်တာမှ သိပ်မြိန်တာပဲ၊ ငါ့သား ဒီမှာ ပျော်သလောက်နေပေါ့"

အဘွားသည် စိတ်ထက်သန်စွာ ကျွန်တော့်ကို ပြော၍နေပေသည်။



"စိတ်မကောင်းစရာတွေကို မတွေးနဲ့ပေါ့။ ဒီနေ့ ခရီးလည်း ပန်းတယ်၊ စောစောအိပ်လိုက်တော့ နက်ဖြန်ကျမှ ဘာလုပ်ချင်တယ် ဆိုတာ ပြောပေါ့"

"ကျွန်တော် ဘာမှမလုပ်ချင်ပါဘူး အဘရယ်၊ ဒီတစ်ခါ နားရအောင် လာတာပါ"

"အေး ကောင်းတယ်၊ ကောင်းတယ်။ မချိုကတော့ အလုပ်လုပ်စရာရှိရင် တစ်ခါတည်း ကျိုးလုပ်တာပဲ နားတော့မယ် ဆိုရင်လည်း ပစ်ပြီး နားလိုက်တာပဲ။ သီချင်းတအေးအေးနဲ့ မြစ်ဆုံမှာ ကျောက်ခဲလေးတွေ ကောက်နေတာ အဘဖြင့် မြင်ယောင်သေးတယ်"

ဟိုတစ်ခါ အဘတို့နှင့် လဝက်လောက် အတူနေခဲ့ရစဉ် အတောအတွင်း အဘသည် မိချို၏ ပေလှအမူအရာကို မှတ်သားမိလိုက်လေသည်။

"ကဲ...ကဲ နားလိုက်ပါဦးလေ"

အဘသည် ထမင်းဝိုင်းမှ ထလိုက်၏။ အဘွားသည် ကျွန်တော့်ရှေ့မှ စားပွဲတင် မှန်အိမ်လေးကို ယူကာ ကျွန်တော့်အခန်းရှိရာသို့ ယူသွားတော့သည်။

အိပ်ခန်းထဲသို့ ကျွန်တော် ဝင်လာသောအချိန်တွင်မူ အိပ်ရာများသည် သပ်ယပ်စွာ ခင်းကျင်းပြီးပေပြီ။

"အဘွား သွားတော့မယ်နော်၊ မင်းတို့ ဟိုတစ်ခါပြန်သွားပြီးကတည်းက အဘွားတို့ ဒီအခန်းကို ဘာမှ မသုံးဘူး၊ ဒီလိုပဲ ပိတ်ထားတယ် သွားမယ်နော်"

ကျွန်တော်သည် ခေါင်းညိတ်၍ပြလိုက်၏။ ခုတင်ပေါ်တွင် ခြေချ၍ ထိုင်ရင်း၊ အခန်းလေးကို ပတ်လည်လှည့်၍ ကြည့်နေသည်။

www.burmeseclassic.com



အခန်းသည် မိချိုနှင့် လာစဉ်ကအတိုင်းပင် ဘာမှမပြောင်းလဲပေ။ ဟိုတုန်းက ကျွန်တော်သည် အိပ်ရာပေါ် လှဲနေလျှင် မိချိုသည် မီးတိုင်ရှေ့တွင် ကဗျာစပ်၏။ သူ့ကဗျာကို သူ့ဘာသာ ရွတ်ဖတ်ရင်း ရယ်မောရ၍ နေတတ်ပေသည်။

"မချိုက အလုပ်လုပ်စရာရှိရင် ကျူးလုပ်တယ်၊ ပြီးတော့ ပစ်နားလိုက်တာပဲ"

အဘစကားလုံးများကို ကျွန်တော် ထပ်တူ ရေရွတ်၍ ဆိုနေမိပေသည်။

ကျွန်တော်သည် ခုတင်တစ်ဖက်ရှိ ပြတင်းပေါက်သို့ ထ၍ သွားမိ၏။ ပြတင်းသံတိုင်များသည် ကျွန်တော်ကိုင်လိုက်သောအခါ သံချေးများနှင့် ကြမ်း၍နေပေသည်။ တံခါးမှန်သည် ကြည်လင်ခြင်း မရှိပေ။ ဖုန်နှင့် ချေးများပေနေ၍ အပြင်ကို မြင်ရသည်မှာ မှုန်မွှားမွှားဖြစ်၍နေပေသည်။

မှန်တံခါးတစ်ချပ်ကို ကျွန်တော် ဖွင့်လိုက်၏။ လေအေးသည် ဖွပ်၍ ဝင်လာလေသည်။ ကျွန်တော့်လက်များနှင့် နားရွက်များများသည် အေး၍သွားလေသည်။ အပြင်တွင် လရောင်ဖျော့ဖျော့သည် ပြေပြေလင်း၍နေသည်။ အိမ်လေးသည် ကမ်းပါးထိပ်တွင်ဖြစ်၍ နေ့လည်တွင် ထိုပြတင်းမှ လှမ်း၍ကြည့်လျှင် ချောက်ထဲရှိ မေခ နှင့် မလိခမြစ်ဆုံကို ပြတ်သားစွာ မြင်ရလေသည်။

လရောင်ကလည်း မှုန်ရီရီဖြစ်၍ မြင်ကွင်းကလည်း မှုန်မွှား လှလေသည်။

မနက်မှပင် မြစ်နားသို့ သွား၍ ကြည့်ရန် ဆုံးဖြတ်လိုက်၏။ ပြတင်းတံခါးကို ပိတ်မှပင် ပြန်၍ နွေးလာသလို ဖြစ်လာတော့သည်။



မှန်အိမ်ကို မှိန်လိုက်၍ ခြင်ထောင်ကို ချလိုက်သည်။ အိပ်ရာပေါ်တွင် စန့်စန့်ကြီး အိပ်ရင်း ကျွန်တော်၏ အကြောင်းများကို လျှော၍ပစ်လိုက်၏။ ယခုအခါတွင်တော့ ကျွန်တော်သည် သေချာစွာ နား၍ပစ်လိုက်တော့သည်။

"ပွားပေါင်းခြင်းရဲ့ တန်ဖိုးကို ဘယ်သူမှ မဆုံးဖြတ်နိုင်ဘူး နော်၊ ဒီမေခနဲ့ မလိခမြစ်ငယ်နှစ်ခုဟာ ဘယ်ကများ စီးလာကြမလဲ မသိဘူး။ သူတို့ မြစ်ငယ်နှစ်သွယ် ဆုံကြတဲ့အခါတုန်းက သူတို့ဟာ သူတို့ နှစ်မြစ်ဆုံကြတဲ့အခါ ဘာတွေဖြစ်မယ်ဆိုတာကို တွေးမှာမဟုတ်ဘူး၊ တကယ်လို့သာ မေခနဲ့ မလိခဟာ အသက်ရှိမယ်ဆိုခုအချိန်မှာ အဘိုးအဘွားတွေလို ဖြစ်နေမယ်ဆိုရင် သိပ်ဝမ်းသာမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ဦးပေါင်းဆုံပြီး ဖြစ်လာတဲ့ ဧရာဝတီမြစ်ကြီးကို မြင်ရလို့ပေါ့။ ဧရာဝတီဟာ ရာဇဝင်ပြတိုက်ကြီးတစ်ခုလို အတိတ်ရာဇဝင်တွေနဲ့ တည်ဆောက်လာခဲ့ရတဲ့ ယဉ်ကျေးမှုတွေကို ထိန်းသိမ်းထားတာကို သိသာသိတတ်လို့ တွေးသာ တွေးခေါ်တတ်ရင် မေခနဲ့ မလိခတို့ဟာ ဝမ်းသာကြမှာပဲ"

ကဲ...မရွှေချိုသည် စကားများကို ဆိုပြန်လေပြီ။ ပထမဆုံး ကျွန်တော်နှင့် မရွှေချို ဤမြစ်ဆုံကို ရောက်စဉ်က မိချိုသည် တွေးတွေးခေါ်ခေါ် ဤကဲ့သို့ပင် ပြောခဲ့၏။ ဤဧရာဝတီမြစ်ကမ်းမြေ တစ်လျှောက်တွင် တကောင်းအဘိဓာရာဇာခေတ်မှ သည်ဂျပန်ကို တော်လှန်ပြီးနောက် တည်ဆောက်ဆဲ ခုခေတ်ထိ ခေတ်များသည် အဆင့်ဆင့် ပြောင်းလဲလာလေပြီ မဟုတ်ပါလား။

အဘိုးနှင့် အဘွားတို့သည် မြေးငယ်၏ ပေါင်ကို ပုတ်ရင်း၊ ဤမြစ်ကမ်း၏ ပုံပြင်များကို ပြောဆို၍ ချော့သိပ်ခဲ့ကြသည်။

www.burmeseclassic.com



ကလေးတို့သည် တကောင်းအဘိရာဇာခေတ်ကို လည်းကောင်း၊ ဘဒ္ဒနဝတီမိဖုရား၏ အဆောင်ထဲသို့ ဝင်ရောက်လာသော နဂါးကြီးများကို လည်းကောင်း၊ မျက်လုံးထဲတွင် ထင်ယောင်မြင်ယောင်လာခဲ့ကြပေသည်။

ချစ်သူတို့သည်လည်း ဘဒ္ဒနဝတီမိဖုရား၏ နဂါးပေါ်တွင် မေတ္တာသက်ဝင်ပုံ၊ ချစ်တဲ့သူအရိုးကို ဆံထိုးလုပ်ပုံများကို ပုံပြပြောဆိုခဲ့ကြသည်။ နဂါးနိုင်မင်း ဖောင်ပေါက်ကျိုင်းအကြောင်းကလည်း မရိုးသောပုံတစ်ခု ဖြစ်ခဲ့၏။ အချစ်၏ နက်နဲခြင်းဟူ၍ပင် ဆိုရမည်လား၊ အချစ်၏ ကန်းခြင်းဟူ၍ပင် ဆိုရမည်လားမသိပေ။ သူတို့သည် နဂါးမင်း သေဆုံးချိန်တွင် မှုပန်ဆွေးမြေ့ရာမည့် ဘဒ္ဒနဝတီမိဖုရားအတွက် ကိုယ်ချင်းစာ သနားကာ အသည်းနာနေလျက် ရှိရာကြပေမည်။

ခြော်...ချစ်ခြင်းဆိုသည့်သဘောကလည်း တကောင်းခေတ်၊ ပုဂံခေတ်ဟူ၍ မခွဲပါပေ။ နဂါးကြီးစိုးသော တကောင်းခေတ်တွင်ပင် နဂဆိန်မိဖုရား၏ မျက်မမြင်သားနှစ်ယောက်အကြောင်းကလည်း အမျိုးသားပုံပြင်ပင် ဖြစ်ပေသည်။ ကလေးတို့သည် မိခင်ထံမှ ထိုပုံကို ကြားရတိုင်း ဖောင်တွင် အမျှောခံရသည့်ဟု စူဠသမ္ဘဝနှင့် မဟာသမ္ဘဝအတွက် ငိုကြွေးချင်ကြသည်။ ဖောင်ပေါ်တွင် ဘီလူးမ ထမင်းခိုးစားခန်းကို ကြားရသောအခါ ကလေးများသည် ရယ်မော ပျော်ရွှင်ကြ၏။ ကလေးဆိုသည်မှာတော့ ခုငိုချင်ငို၊ ခုရယ်ချင်ရယ် သဘောရှိပေသကိုး။

ဤဧရာဝတီသည်ပင်လျှင် တကောင်းနှင့် သရေခေတ္တရာခေတ်ကို ပေါင်းကူးသဖွယ် ဆက်သွယ်ခဲ့လေသည်ဟု မိချိုက ဆိုခဲ့ပေသည်။



မိချိုသည် အကယ်၍သာ သူ၌ ကလေးမွေးဖွားလာခဲ့လျှင် ဧရာဝတီမြစ်တွင်းမှ ဇေဒါရေခပ်ခန်းကို နူးညံ့လှပသော ပုံပြင်လေး ဖြစ်အောင်လုပ်၍ ပြောဆိုပြမည်ဟု ဆိုသည်။ နေဝင်ရိုးရီတွင် ဇေဒါ ရေခပ်ချိန်၌ ရေလှိုင်းလေးများ လှုပ်ရှားပုံ၊ ငှက်ငယ်များ အိပ်တန်းဝင်ကြပုံ၊ နေရောင်ဝါရွှေရွှေ၌ ဇေဒါ၏ ညှိုးလျော့သော မျက်နှာလေးမှ ပုံကိုလည်း ကဗျာဆန်ကာ သားလေးကို ချော့မည်ဟု ဆိုသည်။ ဇေဒါရေခပ်ရာ သောင်စပ်၌ ရွှေသမင်လည်တကြော့တို့ ရေသောက်ဆင်းပုံကိုလည်း သားလေးအတွက် ပန်းချီဆွဲကာ ပြမည် ဆို၏။ သားမှာတော့ အမေ့ရင်ခွင်တွင် ချော့မြူသိပ်၍ အချစ်ရိပ်ကို ခိုလှုံရသည့်အတွက် အစဉ်ချမ်းငြိမ်း ပျော်ရွှင်နေရသော်လည်း မိခင်မဲ့သော ဇေဒါလေး၏ ဘဝခန်းခြောက်ပုံ၊ သနားစရာကောင်းပုံကိုလည်း သားအား ပြောပြဦးမည်ဟု ဆိုသည်။

"အဲဒီလိုတော့ ငိုချင်စရာချည်းပဲပေါ့ အစ်ကိုရယ်နော်၊ မဖြစ်သေးပါဘူး၊ ဒီဧရာဝတီရဲ့ အလယ်ခေတ်ဆိုပါစို့၊ ပုဂံခေတ်အကြောင်းကို သား နည်းနည်းကြီးလာတော့ ပြောပြရဦးမယ်"

"ဧရာဝတီကို ဖြတ်ကူးတဲ့ ပုဂံသူရဲကောင်းတွေအကြောင်း နော်ရထာဘုရင်နဲ့ ကျန်စစ်မင်းသားအကြောင်း ပြောပြရင်တော့ သားဟာ သူတို့လို သူရဲကောင်းဖြစ်ချင်တဲ့စိတ် ရှိလာမှာပဲ၊ ဗျတ်ဝိတို့ ဗျတ္တတို့အကြောင်း ပြောရင်တော့ သားဟာ ငိုများ ငိုမလား၊ ကိုယ့်ဘုရင်ကိုများ မုန်းသွားမလား။ တတ်နိုင်ဘူးလေ သားကို အမှန်အတိုင်း သိရစေမပေါ့။ ရာဇဝင်ဆိုတာကတော့ အားတက်စရာလည်း ပါမယ်။ အားငယ်စရာလည်း ပါလိမ့်မပေါ့။ ချစ်စရာနဲ့ မုန်းစရာတွေလည်း ပါလိမ့်မယ်။ ဒီဧရာဝတီကို မှတည်ပြီးသော သားကို

www.burmeseclassic.com

www.burmeseclassic.com



ပြောပြရမှာကိုး"

"ကဲ…အုံ့ဩဖွယ်မကောင်းပေဘူးလား၊ ဒီမေခနှင့် မလိခမြစ်ဆုံကို ကျွန်တော်နှင့် သူ အတူတကွမြင်ကြရခြင်းပင်ဖြစ်၏။ ကျွန်တော် မျက်လုံးရှေ့ဝယ် ဤမြစ်ငယ်လေးနှစ်ခု တွေ့ဆုံ၍ တစ်သားတည်း စီးသွားခြင်းမှာ တစ်နှင့် တစ်ပေါင်းလျှင် နှစ်ဆိုသလို ရိုးလှသော မြင်ကွင်းတစ်ခုပင် ဖြစ်သည်။ ဇရာဝတီကို ကျွန်တော် သတိပြုမိပါ၏။ သို့သော် ကုန်ကူးသန်းဖို့မှလွဲ၍ ကျွန်တော်က ဧရာဝတီကို ပိုမို မတွေးခေါ်ခဲ့ပါ။

မိချိုတော့ မေခနှင့် မလိခကိုမြင်လျှင်ပဲ ဧရာဝတီ တကောင်း–သရေခေတ္တရာနှင့် ပုဂံခေတ်များကို ရောက်၍သွားတော့သည်။ ကျွန်တော် ၏ အတွေးများသည်လည်း ဧရာဝတီမြစ်ရေယာဉ်ဝယ် မျောပါသွားကြလေသည်။

❀

နံနက်တွင် အေးသော်လည်း မြစ်ဆုံပတ်ဝန်းကျင်၌ နှင်းမြူများကို မတွေ့ရပါ။ လေသည် လတ်ဆတ်၍ အေးစိမ့်လှသည်၊ တောတောင်နှင့် နှင်းဖွဲ့သော တောင်ထွဋ်များကို ဖြတ်သန်းလာဟန်ရှိသည်။ တိုက်လိုက်တိုင်း စိမ့်၍စိမ့်၍ အေးလာလေသည်။ နေဝန်းသည် ရှေ့ဘက်တောင်တန်းပေါ်သို့ ကျော်၍ တက်လာလေသည်။



စိမ်းညိုသော တောအုပ်ကြီးသည် နေရောင်ခြည်အောက်တွင် တောက်ပ၍လာလေသည်။

ခြံဝင်းထဲတွင် အဘသည် မုံညင်းပင်များကို ရေလောင်း၍နေလေသည်။ မုံညင်းပွင့်များသည် ဝါဝါထိန်နေ၍ အခင်းတစ်လျှောက်လုံးသည် ပိုးဝါနု ပဝါအား လေညင်းခတ်သလို လှိုင်းထနေပေသည်။ အခင်းထဲသို့ ကျွန်တော်သည် ဖြတ်၍ လျှောက်လာ၏။ မန်းပွင့်ဝါလေးများပေါ်တွင် ညက နှင်းစက်များ တင်နေဟန် ရှိပေသည်။ ပွင့်ဝါများသည် စွတ်စိုလျက် ရှိကြသည်။

ခြေသွားလမ်းအတိုင်း ကျွန်တော်သည် ကမ်းပါးအောက်သို့ ဆင်း၍ လာသည်။ ကမ်းပါး၏ အခြေတွင် ကျောက်ခဲများသည် မြစ်ကမ်းအပြည့် ဖုံးလွှမ်း၍နေလေသည်။ အဝိုင်းနှင့် အလုံးလေးများ၊ ရေတိုက်ချည်မွှေ့သဖွယ်ဟန် ကျောက်တုံးလေးများသည် လူအချောသပ်ထားသည့်ထက်ပင် ပြောင်လက်ချောမွေ့လျက် ရှိကြသည်။ ကျောက်ပြားဝိုင်းလေးများသည် ငါးကြေးခွံထပ်၍ ထားသလို အထပ်လိုက် အထပ်လိုက် သဘာဝအတိုင်း အစီအရီဖြစ်၍ နေကြလေသည်။ ကျောက်ခဲလေးများပေါ်သို့ နင်း၍ ဖြည်းဖြည်းပင် ကျွန်တော် လျှောက်လာခဲ့သည်။ ရေစပ်ကို ရောက်လျှင် ကျောက်ပြားတစ်ခုပေါ်တွင် ကျွန်တော် ထိုင်လိုက်၏။

မေခနှင့် မလိခတို့သည် ဖြည်းညင်းစွာပင် စုန်၍စီးဆင်းနေကြ ပေါင်းဆုံကြသော နေရာ၌ ဝဲလည်လှည့်၍ သွားပြန်သည်။ စိမ်းညို့နေသော ရေယက်များသည် မြသားကို ထုထားသလို တလက်လက် တောက်ပ၍သွားလေသည်။

မြစ်ကမ်းပါးသည် ချမ်းငြိမ်းအေးချမ်းလှသည်။ တောတစ်ပင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကြီးများသည် ဂူဓြေရှင်ကြီးများလို မားမားရပ်၍နေလေသည်။ ဝါးပင်အလက်များသော ဆောင်းနှောင်းလေတွင် ယိမ်းနွဲ့၍ နေကြလေသည်။ မြစ်နှစ်ခုအလယ်တွင် သန်လျက်စွန်းလို ကျွန်းကလည်း ညိုညို့မှိုင်းမှိုင်းကြီးဖြစ်၍နေလေသည်။

ကျွန်တော်သည် မြစ်ညှာကို မျှော်၍ မျှော်၍ ကြည့်၏။ မြစ်နှစ်သွယ်၏ အစသည် ဘယ်မှာများပါလိမ့်၊ ဘယ်ကများ စခဲ့ကြပါလိမ့်။ မြစ်များစစဉ်အခါက သာတောင့်သာယာမှ ဖြစ်ကြပါလိမ့်မလား။ ချောက်ကမ်းပါးကြီးများကို ကျော်လွှားရစဉ်က ရေတံခွန်အဖြစ်နှင့် တစ်ဟုန်ထိုး စီးဆင်းကောင်း စီးဆင်းခဲ့ရပေလိမ့်မည်။

အကန်းလို ချောက်ထဲ ခုန်ချစီးဆင်းရသည်မှာ ကြောက်စရာ မောပန်းစရာပေပဲ။ စမ်းချောင်းလေးဆိုပေမယ့် ဘူဘဝ၌ စွန့်စားခန်းဆိုသည်မှာ ပါချင်ပါခဲ့ပေလိမ့်မည်။ သစ်ပင်ပိတ်ပေါင်းကြီးများအောက်တွင် နေရောင်ကိုမှ ပြူကြည့်ခွင့်မရဘဲ ခေါင်းငုံ့လျှိုးကာ တလူးလွန့်လွန့်လည်း စီးဆင်းခဲ့ကြရပေမည်။

ကျွန်တော်နှင့် မိချို ဘဝစစဉ်ကလည်း တောကြီးမြက်မဲတွင် စခဲ့ရသလို ကမ်းမမြင်၊ မျှော်လင့်ချက်ဆို၍ အရိပ်အယောင်တောင် မမြင်ခဲ့ရသော ဘဝပါပေ။ မေမေနှင့် ဖေလိခသည် မပူးပေါင်းခင်က အခြေအရံမဲ့လှသည်။ အထီးကျန်လွန်းလှသည်။ ကျွန်တော်တို့နှစ်ယောက်သည်လည်း မိဘမရှိရုံမျှမက အခြေအရံလည်း မဲ့ခဲ့လေသည်။

ကျွန်တော့်မျက်စိထဲတွင် ခြေမျက်စိအောက်သို့ လုံချည်မကျဘဲ အကျီလက်တံတောင်ပင့်၍ ငပိနှိုက်၊ ဆားနှိုက်၊ နှိုက်နေသော မိချိုသဏ္ဍာန်ကို မြင်ယောင်မိပြန်သည်။ ထိုစဉ်က ကျွန်တော်သည်



ဖာတစ်လုံး ပန်းထမ်း၍ အောက်ပြည်အောက်ရွာသို့ ဆင်းလာသော အခြေမဲ့ အနေမဲ့ အညာသားလေးမျှသာ ဖြစ်၏။ ရန်ကုန်တွင် ရှိသော ဖခင်၏ သူငယ်ချင်းပွဲရုံတွင် ပွဲရုံလုပ်ငန်းများကို ဝင်ရောက်လုပ်ပေးရသည်။ မိချိုသည် သူ့ဖခင်နှင့်အတူ ကျွန်တော်တို့ ပွဲရုံသို့ ငါးပိ၊ ငါးခြောက်၊ ဆန်၊ ဆီ စသည်တို့ကို သုံးလစာ လေးလစာ လာ၍ ဝယ်ယူတတ်သည်။

မိချိုဖခင်သည် ဆန်စက်ပိုင်ရှင်ဖြစ်၍ ဆန်စက်အလုပ်သမားများ စားသောက်ရန် မကြာခဏဆိုသလို ဈေးဝယ်ပေးရသည်ကိုသာ ကျွန်တော် သိခဲ့လေသည်။ ထိုစဉ်ကပင် ကျွန်တော့် မျက်စိထဲတွင် မိချိုသည် စိတ်ဝင်စားစရာကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်ခဲ့၏။ ညိုညိုတုတ်တုတ် ခြေလက်လုံးများသည် သူ၏ အလုပ်ကြမ်းလုပ်နိုင်ပုံကို သရုပ်ဖော်၍ ပြနေလေသည်။ သူသည် ကျောင်းနေခဲ့ပင် ဖြစ်သော်လည်း ကျောင်းသူတစ်ယောက်လို ယဉ်နွဲ့လှပဟန်ပန်၊ ရှက်ကိုးရှက်ကန်း ဖြစ်တတ်သော အမူအရာတို့ မိချိုတွင် မရှိခဲ့ပေ။ မိချိုသည် ရဲ၏။ ပွင့်လင်းသွက်လက်၏။ တုတ်ခိုင်တောင့်တင်းသည်မှလွဲ၍ မိချိုသည် မလှပါ။

သူ၏ ဖခင် ကွယ်လွန်ချိန်တွင် အထီးကျန်ခဲ့သော မိချိုအားလူကြီးများ တိုက်တွန်းချက်ဖြင့် ကျွန်တော် လက်ထပ်ခဲ့၏။ မိချိုဖခင်၏ အကြွေးများကို ရှင်းလင်းဆပ်လိုက်သောအခါ သူတို့၏ ဆန်စက်ကြီးပါ အကြွေးထဲတွင် ပါ၍သွားတော့သည်။ မိချိုသည် ကောလိပ်တွင် ဆက်၍မနေနိုင်တော့ပေ။

လူ့စိတ်ဆိုသည်မှာ အံ့ဩဖွယ်ကောင်းလေစွ။ ခြေချည်း လက်ချည်းနှင့် ဘဝကို စခဲ့စဉ်က ကျွန်တော်သည် တကယ့်အလုပ်သမား

www.burmeseclassic.com

www.burmeseclassic.com



ကို အလိုရှိ၏။ မိချိုကို မွဲရုံလုပ်ငန်းများတွင် အချိုးကျ ကျွမ်းကျင်အောင် ကျွန်တော် သင်ခဲ့၏။ ကျွန်တော် ကုန်သည် လုပ်ငန်းတွင် တိုးတက်လာသည်နှင့်အမျှ မိချိုသည် ကျွန်တော်၏ လူယုံအလုပ်သမားကြီးသာ ဖြစ်ခဲ့လေသည်။ မိချိုထံမှ အလုပ်ကလွဲ၍ ကျွန်တော် ဘာမျှ အလိုမရှိခဲ့ပါ။

သို့သော် ယခု ကျွန်တော် သူဌေးလေးဘဝသို့ ရောက်လာချိန်တွင် မိချို၏ ညိုတုတ်သော ခြေသလုံးတို့ကို သွယ်ပျောင်း ဖြူဖွေးစေချင်သည်။ နေလောင်သောသူ၏ မျက်နှာနှင့် လက်ချောင်းလေးကိုလည်း ပန်းနုရောင်လို အသွင်လှပစေချင်သည်။ ကျွန်တော်၏ နှုတ်ခမ်းပေါ်သို့ ပူနွေးမွှေးကြိုင်သော နှုတ်ခမ်းလေးများနှင့် ထိတွေ့စေချင်သည်။

ကျွန်တော် ပုံသွင်းခဲ့သော ကျွန်တော့် မိချိုသည် အလုပ်ကြမ်းသမားတစ်ယောက်ပုံသာ ပေါ်ခဲ့လေသည်။ ယခုအချိန် ကျွန်တော်လိုချင်သော ဝဏ္ဏပဘာကဲ့သို့ သွယ်ပျောင်းလှပ၍ မလာတော့ပါ။

သို့သော် မိချို၏ အသည်းနှလုံးတို့သည် ပန်းကလေးလိုလှပ၏။ ပွင့်ဖတ်လို နူးညံ့ပေသည်။ ထို့ကြောင့်ပင် သူသည် သဘာဝအလှအပ တောကိုတတိုင်၌ နူးညွတ်စိတ်ဝင်စားခဲ့ပေသည်။

သူနှင့်အတူ မြစ်ဆုံမှ အပြန်တွင် သူသည် ကျွန်တော့်အား အမည်ဆန်းတစ်ခု မှည့်ခေါ်ခဲ့လေသည်။ ကျွန်တော်၏ ရောဂါ လုံးလုံးပျောက်ကင်းအောင် မြစ်ဆုံတွင် အပန်းဖြေဖို့ သူက ပြော၏။ ကျွန်တော်က ၁၅ ရက်ပြည့်သောနေ့တွင် မိုးကောင်းသို့ သွားရန် စီစဉ်၍နေလေသည်။ မိုးကောင်းတွင် ကျောက်ကုန်သည်များနှင့် တွေ့ဆုံ၍ ကျောက်စိမ်းတုံးများကို ဝယ်သွားချင်သည်။ ရန်ကုန်ရှိ



သံရုံးများ၌ ကျွန်တော်၏ ဖောက်သည်များသည် အမြောက်အမြားရှိ၏။ နိုင်ငံခြားသားတို့သည် မြန်မာပြည်ရှိ ကျောက်စိမ်းနှင့် ပတ္တမြားကို မြတ်နိုးကြ၏။ သည်အချက်တွင် ကျွန်တော် ကုန်သွယ်နိုင်လျှင် ခရီးစရိတ်လည်းကြေ၊ အမြတ်လည်းထွက်သော ကော်ပေါက်တစ်ခုပင် မဟုတ်ပါလား။

"အစ်ကိုဟာ အနားယူချိန်တောင်မှ အလုပ်လုပ်နေတာပဲ။ အစ်ကို့ခေါင်းထဲမှာ အလုပ်နဲ့ငွေကလွဲလို့ ဘာမှမရှိတော့ဘူး၊ အစ်ကိုဟာ တစ်ပွဲစားကြီးပါ"

သူသည် အိပ်ရာလိပ်နေ၍ အထုပ်အပိုး ပြင်ဆင်နေစဉ် တစ်ပွဲစားကြီး တစ်ပွဲစားကြီး ဟူ၍ ကျွန်တော့်ကို နောက်ပြောခေါ်၏။

မြစ်ကြီးနားမှ မိုးကောင်းသို့ မီးရထားနှင့် သွားနေစဉ် တစ်လမ်းလုံး ကျွန်တော်သည် တစ်ပွဲစားဆိုသည့် အဓိပ္ပာယ်ကို တွေး၍ လာခဲ့ပါ၏။ မိချိုကလည်း ကျွန်တော့်အား မပြောပြပါ။

"တစ်ပွဲစားဆိုသည်မှာ ဘာပါလိမ့်"

❃

ကျွန်တော့် မျက်စိရှေ့တွင် မြစ်ရေသည် စီးဆင်းနေဆဲပင် ဖြစ်၏။ မြစ်ကမ်းရှိ သဲဖြူတို့အား ရေလှိုင်းများ ထိတွေ့လိုက်သော အခါတွင် ရွှေမှုန်ငွေမှုန်များသည် တစ်လက်လက် တောက်ပ၍လျက် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးငယ်များဘေးတွင် သဲနုံမြင့်မြင့်ကလည်း ဖြူဖြူ လွလွနှင့် လှပြုပြင်၍ထားသလို လှပလေသည်။ အကြေသို့ကြည့် လေလေ မြစ်ရေသည် စိမ်းလေလေ ဖြစ်၏။ ချောက်ကမ်းပါးထက် တွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသည် မိုး၍ မြစ်ရေယာဉ်ကို ကြည့်နေသလို ဖြစ်၍နေပေသည်။

"မင်းတို့ကို စိတ်ဝင်စားတဲ့ မိချိုတစ်ယောက်တော့ မပါလာ တော့ဘူး၊ သွားတော့မယ်နော် မေခနဲ့ မလိခ"

ကျွန်တော်သည် အဓိပ္ပာယ်မရှိဘဲ ပါးစပ်မှ ရေရွတ်မိ၏။ လက်ထဲမှ ကျောက်ခဲဖြူကို မြစ်ရေပြင်သို့ လွှင့်၍ပစ်လိုက်မိ၏။ ကျောက်ခဲနှင့် ရေမျက်နှာပြင် ထိတွေ့ကြသောအခါ ရေပန်းပွင့် အဝိုင်းသည် လှုပ်ရှားကာ ပွင့်၍လာသည်။ တဖြည်းဖြည်းနှင့် ရေ ဝိုင်းသည် ကျယ်၍ကျယ်၍လာရာမှ မြစ်ပြင်ကျယ်ရောင် ပျောက် ကွယ်၍ သွားတော့သည်။

မေခနှင့် မလိခ တွေ့ဆုံကြစဉ် မြစ်မင်းဧရာဝတီ ဖြစ်ပေါ်လာ လိမ့်မည်ဟု တွေးခေါ်မိကြဟန် မရှိသလို ကျွန်တော်နှင့် မိချို တွေ့ ဆုံ ပေါင်းစီကြစဉ်ကလည်း ယခုလို ချမ်းသာသော သူဌေးလင်မယား ဖြစ်ကြရလိမ့်မည်ဟု မမျှော်လင့်မိခဲ့ပါပေ။

အဘတို့ အိမ်သို့ ပြန်ရောက်လျှင် အဘွားသည် ကျွန်တော် ကို စောင့်မျှော်၍ နေ၏။ သူ့ရှေ့ ခုံဝိုင်းလေးပေါ်တွင် ဆိတ်သား ခြောက်ဖုတ်ပန်းကန်ကို ဆီရွှဲရွှဲဆမ်း၍ ထားသည်ကို ကျွန်တော် တွေ့ရ၏။

"အဘွား မျှော်နေတယ် မောင်မြင့်မောင်ရဲ့၊ ဘာမှမစား မသောက်ဘဲ ဆင်းသွားလိုက်တာ လာ...လာ"



အဘွားသည် ထိုင်ရာမှ ထကာ မီးဖိုထဲသို့ ဝင်သွား၍ ပြန် ထွက်လာသောအခါ အငွေ့တထောင်းထောင်းထနေသော ကောက် ညှင်းပေါင်းတစ်ပန်းကန်ကို ယူလာသည်။

အဘသည်လည်း ကျွန်တော်နှင့် အတူလာ၍ ထိုင်၏။ လက်ဖက်ရည်ကြမ်း ပန်းကန်ငယ်များထဲသို့ အဘက ငှဲ၍ ထည့် ပေးနေသည်။

"ငါ့သားက အခြောက်ပဲ ကြိုက်တယ်၊ ကဲ ကောက်ညှင်း ပေါင်းနဲ့ စားစမ်း မချိုကဖြင့် ဆိတ်သားအစို ငရုတ်သီးစပ်စပ်နဲ့ ချက်ရင် တယ်ကြိုက်တာပဲ။ သမီးလေး ဘယ်လိုများ ဖြစ်ပြီး ဆုံး သွားတာလဲကွယ်"

အဘွားသည် ဆိတ်သားခြောက်ပန်းကန်ကို ကျွန်တော်ဘက် သို့ ထိုးရင်း မေးနေပြန်၏။ ထိုမေးခွန်းကို ကျွန်တော်မဖြေချင်ပေ။ ဖြေရမှာကို ကြောက်၍နေသည်။ ကျွန်တော် စိတ်ထဲ မချိုကို တွေးရင်သာ တွေးနေပေမည်။ တစ်စုံတစ်ယောက်သောသူက မိချို အပေါ် စိတ်ဝင်စားနေသည်ကိုတော့ ကျွန်တော် မလိုလားပေ။

သေဆုံးသွားသော မိချိုဝိညာဉ်နှင့် ကျွန်တော်ပတ်ဝန်းကျင်ရှိ အဆက်အစပ်တို့ကို ကျွန်တော် လိုက်၍ ဖြတ်တောက်ပစ်လိုက်ချင် သည်။

"အပြင်းများတာဆိုပါတော့ အဘွားရယ်"

ကျွန်တော်သည် ဘာမှ ရှည်ရှည်ဝေးဝေး မပြောဘဲ ဖြေလိုက် ၏။ မိချို သေဆုံးရခြင်းအကြောင်းကို ပြောပြရမည်ကြိုတိုင်း သေ နေပြီဖြစ်သော မိချိုမျက်နှာကို ကျွန်တော် မြင်၍ မြင်၍ မြင်၏။ သေနေသော မိချိုမျက်နှာသည် အဓိပ္ပာယ်တွေ အများကြီးပေါ်၍

www.burmeseclassic.com



နေပေသည်။

ထိုအချိန်က အိုဂျီအယ်လ်အထည်လိုင်စင်များ ပထမအကြိမ် ပိတ်လိုက်သောအချိန် ဖြစ်၏။ ထိုအကြောင်းကို အရင်ဆုံးသိနေသော ကျွန်တော်သည် ကျွန်တော့် အထည်များကို ဘာမှ ထုတ်မရောင်းဘဲ၊ အထူးသဖြင့် တိုကယ်လ်နှင့် အဖေးရိကန်နိုင်လွန်ကို ဂိုဒေါင်တွင် လှောင်၍ထားရန် စီစဉ်လိုက်၏။ မိချိုနှင့် မန်နေဂျာကြီးကို ဂိုဒေါင်ငါးခုသို့ လွှတ်လိုက်သည်။ မိချိုသည် ထိုနေ့က သထုံမှ ပြန်ရောက်စဖြစ်၏။

ကျွန်တော်သည် ကုမ္ပဏီမှာ ထိုင်ရင်း တက်ဈေးနှင့် ရောင်းရမည့် ကုန်စာရင်းများ၊ နယ်ဖောက်သည်များကို အားလုံး စာရင်းလုပ်၍နေပြန်လေသည်။ ကျွန်တော် ကံကောင်းလာ၍လား မသိ။ အိုဂျီအယ်လ်ပိတ်လိုက်ချိန်တွင် အထည်ဈေး တစ်ဟုန်ထိုး တက်လာ၏။ ရော်ဘာဈေးလည်း တစ်ခါတည်း တက်၍လာလေသည်။

ညနေ ၂ နာရီလောက်တွင် ကျွန်တော့်ထံသို့ ဂိုဒေါင်စာရေးကြီး တယ်လီဖုန်းလှမ်း၍ ဆက်လိုက်သည်။ မိချိုသည် အထည်စာရင်းများလုပ်ရာမှ နံပါတ် ၅ ဂိုဒေါင်အရောက်တွင် မူးသွား၍ ဆေးရုံသို့ ခေါ်သွားရကြောင်း၊ အထူးခန်းတွင် တင်ထားရကြောင်း၊ ဖုန်းဆက်ချိန်အထိ သတိမရသေးကြောင်း ဖြစ်၏။

ကျွန်တော်သည် စားပွဲမှထ၍ မရသေးပေ။ သံကြိုးများနှင့် အထည်များကို ရောင်း၍နေသည်။ ထိုစဉ်က ရော်ဘာအရောင်းအဝယ်ကို အစိုးရမကိုင်သေး၍ ကျွန်တော်သည် နိုင်ငံခြားကုမ္ပဏီများနှင့် ရော်ဘာအရောင်းအဝယ်ဖြစ်အောင် စာချုပ်၍နေရသည်။

အားလုံး အလုပ်ပြီး၍ ကျွန်တော် စားပွဲမှ ထလိုက်သောအခါ



ကျွန်တော့်အခန်းသည် မီးလင်း၍ပင်နေလေပြီ။ အပြင်တွင်လည်း မှောင်၍ပင်နေပါပကော။ မိချိုထံသို့ ကျွန်တော် သွားရမည်ကို သတိရလာ၏။ ကျွန်တော်သည် ကားနှင့် ရန်ကုန်ဆေးရုံကြီး အထူးခန်းဘက်ဆီသို့ မောင်း၍လာ၏။

ဆေးရုံကြီးရောက်မှပင် မိချို၏ နာမည်စာရင်းကို ကျောက်သင်ပုန်းပေါ်၌ ရှာ၍ ကြည့်ရလေသည်။ အခန်းနံပါတ် ၅ (ခ) အောက်ဆုံးထပ်တွင် မိချိုနာမည်ကို ဖော်ပြထားသည်။ ကျွန်တော်သည် အခန်းရှိရာသို့ လျှောက်သွားသောအခါ အခန်းတံခါးဝတွင် (    ) ဟူသော ဆိုင်းဘုတ်ကို တွေ့ရလေသည်။ ဆရာမတစ်ယောက်သည် အခန်းထဲမှ ရုတ်တရက် ထွက်လာ၏။ ကျွန်တော့်ကို မြင်လျှင် သူသည် လက်ကာပြလိုက်၏။

"ကျေးဇူးပြုပြီး အခန်းထဲကို မဝင်ပါနဲ့ရှင်"

"ဟင်...ကျွန်တော်က ချိုချို့ရဲ့ ယောကျ်ားပါ"

"ဟုတ်ကဲ့ သူမှာသွားတာက အထူးသဖြင့် သူ့ယောကျ်ားကို ဝင်ခွင့်မပြုပါနဲ့တဲ့။ သူရောက်လာပြီး နှစ်နာရီလောက်ကြာတော့မှ သတိရလာတယ်။ သတိရရချင်း ရှင့်ကို မေးပါတယ်။ ခုတော့ ဆရာဝန်က သူ့ကို အိပ်ဆေးထိုးထားပါတယ်။ သူကလည်း မအိပ်ခင် ရှင့်ကို အခန်းထဲ ဝင်ခွင့်မပြုဖို့ အထူးမှာသွားပါတယ်"

ကျွန်တော်သည် အဓိပ္ပာယ်ကို နားမလည်ပေ။ သူ့အခန်းဝတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်၍နေမိသည်။ ၈ နာရီထိုး၍ ညှိုသည်နှင့် ခေါင်းလောင်းထိုးလိုက်မှ ကျွန်တော် ပြန်၍လာသည်။

အိမ်ရောက်လျှင် မိချိုအတွက် စိတ်မကောင်းသလောက် ထိုနေ့စာရင်းပိတ် အရောင်းအဝယ်တစ်သိန်းငါးသောင်းမိုး ဖြစ်လိုက်သည်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်တော် စိတ်ချမ်းသာ၍သွားလေသည်။

နောက်နေ့နံနက်တွင် ဆေးရုံမှ တယ်လီဖုန်းဆက်ခေါ်၍ ကျွန်တော်သည် မိချိုထံသို့ ထွက်လာခဲ့သည်။ ဆရာမသည် ရောရော ရှုရှုပင် ကျွန်တော့်ကို အခန်းထဲသို့ ဝင်ခွင့်ပြုလိုက်၏။

မိချိုဘေးတွင် ဒေါက်တာဆင်မြူရယ်သည် ငြိမ်သက်စွာ ထိုင်နေလေသည်။ ပက်လက်လှန်၍ မှိန်းနေသော မိချိုမျက်နှာကို ကျွန်တော် ကြည့်လိုက်သောအခါ မိချိုတွင် အသက်မရှိတော့သည် ကို ကျွန်တော် သိရ၏။

"ဟင်"

ကျွန်တော်သည် အလွန်ကြောက်၍သွားသည်။ မိချိုသည် မျက်လုံးများ မှေးထားကာ နှုတ်ခမ်းကို တင်းတင်းစေ့ အံကြိတ်ထား ပုံရလေသည်။ အသက်မရှိတော့သည့်နောက် အကြောများသည်လည်း လျော့သွားဖို့ ကောင်းပါသည်။ သို့သော် မိချို စိတ်ပြင်းထန်လိုက် ပုံက သေပြီးနောက်တွင်ပင် တစ်စုံတစ်ခု မကျေမနပ် ဖြစ်သွားရသလို စိစိကြီး အံကြိတ်၍ထားလေသည်။ ကျွန်တော်သည် မကြည့်ရဲတော့ ပေ။ ကျွန်တော်မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်ထားလိုက်မိသည်။ အနားရှိ နောက်မှီကုလားထိုင်ပေါ်တွင် ပစ်ထိုင်လိုက်မိ၏။

"ဒေါက်တာရယ် မိချိုမျက်နှာကို ပြင်ပေးပါ ဒေါက်တာရယ်၊ သူ့မျက်နှာဟာ ဒီလိုမဖြစ်ပါစေနဲ့"

"မပြင်တတ်ဘူး၊ ကျွန်တော် မပြင်တတ်ဘူး၊ အမှန်တော့ မိချိုမျက်နှာဟာ ဒါထက် မကျေမနပ်ဖြစ်ဖို့ ကောင်းတယ်"

ဒေါက်တာဆင်မြူရယ်သည် ကျွန်တော့်ကို အေး၍ ပြော လိုက်၏။



"ဟင်"

ကျွန်တော်သည် ဘာပြောရမှန်းမသိ ကြောင်နေပြန်သည်။

"မှုးလဲသွားတော့ ဂိုဒေါင်ထဲကို ကျွန်တော် သွားကြည့်ပြီး သူ့ သတိရရချင်း ခင်ဗျားကို မေးတယ်၊ ခင်ဗျားကို သိပ်တွေ့ချင် တယ်။ သူ့ သတိရတော့ ဆေးရုံရောက်ပြီး နှစ်နာရီကြာသွားပြီ။ ဒီ အချိန်ထိ ခင်ဗျားဟာ ရောက်မလာဘူး၊ သူ့ကို လာမတွေ့ဘူးဆို တော့ မိချိုမျက်နှာတွေဟာ တစ်ခါတည်း ပြာပြီး ဖြူရော်သွားတာ ပဲ။ ခင်ဗျားဟာ နွားကို ခိုင်းတဲ့ လယ်သမားလိုပဲ။ သေအောင် အရိုး ပြိုင်းပြိုင်းကျအောင် ခိုင်းပြီးတော့ ဒီနွား ကျန်းမာရေးကျတော့ လုံး လုံးဂရုမစိုက်ဘူး"

"မဟုတ်ဘူး ဒေါက်တာ၊ ဒီလို မနေ့က ငွေတစ်သိန်းကျော် ရမယ့်ကိစ္စဆိုတော့ ကျွန်တော် လုံးပမ်းနေတယ်"

"ဘာရ...လူတစ်ယောက်အသက် လူတစ်ယောက် စိတ်ချမ်း သာမှုကို ခင်ဗျားက ငွေတစ်သိန်းနဲ့ လဲတယ်၊ တစ်ပြားမှမရှိတဲ့ လူက အသက်နဲ့လဲပြီး တစ်သိန်းကို မက်တယ်ဆိုတာ ထားပါဦး တော့၊ ၄-၅-၁၀ သိန်း ချမ်းသာတဲ့လူက တော်ရာ ဦးမြင့်မောင် ကျွန်တော် ဆက်ပြောရရင် စကားတွေ လွန်လိမ့်မယ်။ မချို...မချို လောက် အဖြစ်ဆိုးတဲ့ မိန်းကလေး မရှိတော့ဘူး"

သူသည် အသံတုန်တုန်ယင်ယင်နှင့် မိချိုနာမည်ကို ခေါ်ကာ အခန်းထဲမှ ထွက်သွားလေတော့သည်။ မကြာခင် ဆရာမများ ရောက်လာ၍ မိချိုအလောင်းကို သယ်ယူရန် ပိတ်ဖြူနှင့် ဖုံးလိုက် မှ ကျွန်တော်သည် မိချိုအလောင်းကို ကြည့်ရဲတော့သည်။

မိချို ဆုံးခန်းကို ဒီနေရာတွင် ကျွန်တော်က ရပ်ပစ်လိုက်၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အဘနှင့် အဘွားတို့အား ရှေ့ဆက် ဘာမှမပြောတော့ဘဲ ကျွန်တော် ငိုင်မိလေသည်။

"စောစောစီးစီး မဂျမ်းကလည်း ဘာတွေမေးနေတာလဲ မသိဘူး။ ကဲ ငါ့သား ဒီနေ့ ဘာဟင်းစားမလဲ"

အဘသည် အဘွားကို မာန်လိုက်၏။ သူတို့မေးခွန်းကြောင့် သူတို့ဘာသာ စိတ်မကောင်းဖြစ်ဟန်တူပေသည်။ ရှေ့တွင် ချထားသော ဆတ်သားခြောက်ပန်းကန်ကို စိုက်ကြည့်နေမိပေမယ့် စားစရာဟူ၍ ကျွန်တော့်စိတ်ထဲတွင် မထင်ပေ။

"ကျွန်တော့်ကိုများ မချိုဟာ ကျိန်ဆဲသွားလေသလား မသိဘူး အဘွားရယ်။ သူ သေသွားပြီးမှ ကျွန်တော်ဟာ တစ်နေရာတည်းမှာ အကြာကြီး ရပ်တည်နေလို့မရဘူး။ ဒုတိယမယားကို လက်ထပ်ပြီး ကျွန်တော်စိတ်တွေ ငြိမ်သွားလိမ့်မယ်လို့ ထင်တယ်။ ထင်သလို မဟုတ်ဘဲ ပိုပြီး ဆိုးလာတယ်။ သူနဲ့ အတူသွားခဲ့တဲ့ နေရာလေးတွေကို ကျွန်တော်ဟာ မရပ်မနားဘဲ ဆက်ပြီးသွားနေချင်တယ်။ ကျွန်တော့်မိန်းမဟာ ကျွန်တော်နဲ့အတူ ကြာတော့ မလိုက်နိုင်တော့ဘူး။ ခုလဲ ဒီကနေပြီးရင် သွားချင်သေးတယ်။ မောင်းမကန်ရယ်၊ ပုဂံရယ်၊ ရွှေစက်တော်ရယ် ကျန်သေးတယ်"

"ဒီမှာ ကြာကြာနေပါ နေလို့ရပါတယ်၊ အဘတို့နဲ့ အတူနေပြီး စိတ်ငြိမ်မှ ပြန်တာပေါ့ကွယ်"

အဘတို့ ပြောသည့်အတိုင်းပင် ကျွန်တော်သည် မြစ်ဆုံတွင် တစ်လနီးပါး ကြာခဲ့လေသည်။ မှန်သားလို ကြည်လင်သော မြစ်ရေတွင် တောအုပ်တောင်တန်းတို့၏ အရိပ်ထင်နေပုံမှာ ပန်းချီကားသဖွယ် လှပ ငြိမ်သက်အေးဆေးပေသည်။



ယခု အနားယူနေခြင်းဖြင့် ကျွန်တော့် ကျန်းမာရေး အခြေအနေသည် တိုးတက်လာဖို့ ကောင်းပေသည်။ သို့သော် တစ်နေ့တခြား ပိန်ချုံးလာ၍ လာစကဲ့သို့ အစားအသောက်မကောင်းတော့ပေ။ သတိမေ့ရောဂါ မပေါ်သော်လည်း ခေါင်းမှာ အမြဲလိုလို မူး၍လာလေသည်။

အဘသည် မြစ်ကြီးနားက ဆရာဝန်ကို ခေါ်ယူ၍ပြ၏။ ဆရာဝန်က အာရုံကြောမကြီး အားနည်းလာသောရောဂါဟူ၍ ပြော၏။ တစ်ခါတစ်ရံ ကျွန်တော့် လက်များသည် အလိုအလျောက် တုန်ယင်၍လာပေသည်။

"ကျွန်တော် ရန်ကုန်ပြန်ဦးမယ် အဘရယ်၊ ဆေးကုပြီး နေကောင်းမှ အဖြူနဲ့ တူတူလာခဲ့မယ်"

တစ်လပြည့်သောနေ့တွင် အဘတို့ကို ကျွန်တော် နှုတ်ဆက်၍ မြစ်ဆုံမှ ခွဲခွာခဲ့သည်။

ဂျစ်ကားပေါ်မှ လှမ်း၍ မြစ်ဆုံကို ကြည့်မိ၏။ မြစ်ဆုံသည် ရဟန္တာအသွင် တည်ငြိမ်လှသည်။ တည်မြဲလှသည်။ အာသဝေါကုန်သော သူတို့၏ မျက်နှာသည် စိုးရိမ်ပူပန်ခြင်း ကင်း၏။ ဝမ်းမြောက်ခြင်းကင်း၍ တည်ငြိမ်၏။ မြစ်ဆုံသည်လည်း ကျွန်တော်နှင့် ခွဲခွာရ၍ ပူပန်ခြင်းမရှိ၊ အေးဆေးငြိမ်သက်စွာပင် တည်မြဲတည်နေပေသည်။ ကျွန်တော် မမျှော်မှန်းနိုင်သော ခေတ်အဆက်ဆက်မှသည် ယခုထိ မြစ်ဆုံသည် ဘာမျှပြောင်းလဲခဲ့။

အစိုးရ၏။ မြဲ၏။ တည်ငြိမ်၏။ ဒါကြောင့် ကျွန်တော်သည် မြစ်ဆုံကို အာသဝေါကုန်သူ၏ မျက်နှာနှင့် နှိုင်းခြင်းပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိချို အရင်သခင်မကြီးရယ်...ကျုပ် ဒီတစ်ခါ အိမ်ပြန်ရင်တော့ အိမ်မှာ မြဲမြဲနေပါရစေတော့ ခွင့်လွှတ်ပါတော့"

ကျွန်တော်သည် စိတ်ထဲမှ သူကို တောင်းပန်မိလေသည်။

❀

ကျွန်တော် ဆုတောင်းမိသည့်အတိုင်း နောက်တစ်ခါ ကျွန်တော်သည် ခရီးမထွက်ရတော့ပါ။ ရောက်သည့်နေ့တွင် သံကြိုးကြိုတင် ရိုက်ထားသော်လည်း ဖြူသည် လေယာဉ်ပျံကွင်းသို့ လာမကြိုပေ။ ဦးသာအောင်တစ်ယောက်သာ ဒရိုင်ဘာနှင့်အတူ လာ၍ကြိုသည်။

အိမ်ရောက်လျှင် ဖြူကို အိပ်ရာထဲတွင် တွေ့ရသည်။ ရစ်ချတ်ကိုလည်း ဧည့်သည်အဖြစ်နှင့် ကျွန်တော် တွေ့ရလေသည်။ ရစ်ချတ်သည် ဖြူ လားရှိုးမှ ပြန်လာကတည်းက အတူပါလာခဲ့ကြောင်း ဖြူက ပြောပြသည်။ ကျွန်တော် မြစ်ကြီးနားတွင် ၃ ရက်အကြာ သူတို့ ရန်ကုန်ထွက်ခဲ့ကြောင်းလည်း ဖြူက ဆီး၍ ပြောသည်။

ကျွန်တော်သည် ဖြူ့စကားကို မနည်းကြိုးစား၍ နားထောင်နေရ၏။ ကျွန်တော် မျက်လုံးများသည် ပြာလာလိုက်၊ တစ်ခါတစ်ရံ ရောင်စုံသက်တံ့ရောင် အစိုင်းကြီးများ ရစ်၍ ပေါ်လာလိုက်နှင့် ခေါင်းမှာ ချာချာလည်သလို ဖြစ်နေသည်။

"ဖြူ ကိုကို တော်တော်နေမကောင်းဘူး"



ကျွန်တော်သည် မျက်လုံးဖွင့်မရဘဲ ကုလားထိုင်နောက်မှီကို မှီရင်း ပြောလိုက်၏။ ဖြူသည် ကျွန်တော့်အနားသို့ ကပ်လာသည်။

"ဒေါက်တာခေါ်လိုက်မယ် ကိုကို၊ ဖြူက နေကောင်းပါတယ်။ ဖြူ ဖြစ်နေတာက ကိုယ်ဝန်ရှိစမို့ပါ"

"ဟင်...ဖြူ့မှာ ကိုယ်ဝန်ရှိတယ် ဟုတ်လား"

ကျွန်တော်သည် ဆက်၍လည်း မပြောနိုင်၊ ဖြူ့အသံကိုလည်း လုံးဝမကြားရတော့ပါ။

ကျွန်တော် သတိရလာသောအချိန်တွင် ယခင်ကကဲ့သို့ မဟုတ်တော့၊ အကြောများသည် လေး၍ ဆိုင်းနေတော့သည်။ ထုမည့်သူမရှိဘဲနှင့် မထနိုင်ရုံမက အကိုင်အတွယ်မရှိဘဲနှင့်လည်း ကျွန်တော်သည် လမ်းမလျှောက်နိုင်တော့ပေ။

နံနက်တိုင်း ဦးသာအောင်သည် ကျွန်တော့်ကို တွဲထူ၍ ဥယျာဉ်ထဲသို့ ခေါ်သွား၏။ နံနက် နေရောင်ခြည်တွင် သူနှင့်အတူ လမ်းလျှောက်ရလေသည်။ ဖြူသည် ကျွန်တော့်အပါး၌ နေသော်လည်း တစ်စုံတစ်ရာ ကျွန်တော့်ကို မကူညီနိုင်ပေ။

တစ်ခါတစ်ရံ ရစ်ချတ်သည်လည်း နေရောင်ထဲတွင် အတူ လမ်းလျှောက်ပါလာ၏။ သူတို့နှစ်ယောက် ရယ်ကာမောကာနှင့် ကျွန်တော့်အပါးတွင်နေကြသောအခါ ကျွန်တော့်ဘဝအတွက် အလိုလိုဝမ်းနည်းမိပါသည်။

ကျွန်တော်သည် အားရပါးရ မရယ်နိုင်တော့ပါကလား။ ဘာကိုမှ စိတ်ပါဝင်စားစွာ အာရုံစူးစိုက်၍ မရတော့ပါတကား။ တကယ်ဆိုတော့ အလှအပ အတွေ့အထိ အာရုံဆိုသည်မှာလည်း ခံစားနိုင်သော စိတ်ဓာတ်ခံများ ချွတ်ယွင်းသည့်နောက် ဘာမှ အရသာမရှိ

www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။

တစ်နေ့တွင် အိပ်ရာ၌ လဲလျောင်းရင်း ကျွန်တော်သည် ဖြူကို စေ့စေ့ကြည့်မိ၏။ ကိုယ်ဝန်ရှိစပေမယ့် ဖြူသည် ကျမသွားဘဲ ပိုမိုလှပလာသည်။ သူ့ရင်သားများသည် လျော့ရဲသော ဘော်လီထဲမှ ကြွရွ၍ လှပလာလေသည်။ အသားများမှာလည်း စိုပြည်ဖြူဖွေး၍ သွေးရောင်ပင် လျှမ်းနေသလို နီပြေပြေဖြစ်၍ နေပေသည်။

ဖြူ၏ ခါးကို လက်နှင့် လမ်း၍ ဖက်လိုက်၏။ သို့သော် ကျွန်တော့်လက်များ တင်ရုံသာ တင်ထားနိုင်သည်။ သူ့ခါးအိအိကို ဖျစ်ညှစ်၍မထားနိုင်တော့ပါ။

ကျွန်တော်သည် ငိုချင်လာ၍ မျက်စိမှိတ်ထားလိုက်ရ၏။

"ဖြူ ကိုကို့အနားကို နေ့တိုင်းမလာနဲ့၊ ကိုယ်ဝန်ရှိစမှာ ကိုကို့လို ချည့်နဲ့နေတဲ့လူတွေ ဘာတွေကို ခဏခဏ မကြည့်နဲ့၊ ကိုကို့သားလေးဟာ ချည့်ချည့်နဲ့နဲ့လေး မွေးလာဦးမယ်"

ဖြူသည် ပြုံး၍ ကျွန်တော့်နဖူးအား မွေးလိုက်သည်။ ကျွန်တော့် ရင်ထဲတွင် ကြည်နူးရုံမှတစ်ပါး တခြားအာရုံခံစား၍ မရပါ။

အိပ်ရာထဲတွင် နှစ်ကြာပြီးနောက် ကျွန်တော်သည် တုတ်ထောက်ကာ တစ်ယောက်တည်း လမ်းလျှောက်နိုင်၍ လာပါတော့သည်။

ခြံထဲနှင့် အတက်အဆင်းလွယ်အောင် ကျွန်တော် အောက်ခန်းမှာ အိပ်၏။ နေ့လည်တွင် အိပ်ရာထက်မှာ ခွေလဲ၍ အပန်းဖြေရ၏။ ညနေနှင့် မနက်တွင် ကျွန်းသားနှစ်တုတ်ကြီးကို ထောက်၍ ထောက်၍ ခြံထဲ လျှောက်နေရလေသည်။ တစ်ခါတစ်ရံ ပန်းရုံလေးများတွင် ထိုင်၍ နေရောင်ထဲ၌ မြူးပျံ့နေသော ပျားလေးများ၊ လိပ်



ပြာလေးများကို ငေးမော၍ နေရလေသည်။

ထိုအချိန်ကျတော့မှ သဘာဝ၏ အရသာဆိုသည်ကို ကျွန်တော် နားလည်လာပါသည်။ ကျွန်တော်သည် အဘိုးကြီးတစ်ယောက်လို တုတ်တဒေါက်ဒေါက်နှင့် ထောက်ကာ ခရေပင်များအောက်သို့ လည်းကောင်း၊ ကံ့ကော်ပင်အောက်သို့ လည်းကောင်း လျှောက်၍ သွား၏။ မိုးဦးစတွင် သစ်ရွက်များပေါ်မှ ရေစက်များ၊ လေထဲတွင် ချာလည်လည်၍ မြေပေါ်ကျလာပုံများကို ကြည့်ရင်း အလိုလို ပျော်၍ လာလေသည်။

ကံ့ကော်မွှင့်ပြီးလျှင် ခရေမွှင့်များ မွှင့်လာကြသည်။ ခရေမွှင့်ပြီးလျှင် စကားပန်းတို့သည် ရွှေရောင်စိုကာ တသင်းသင်းနှင့် မွှင့်လာကြပေဦးမည်။ စကားမွှင့်ပြီးလျှင် အိမ်နောက်ဘက်မှ ပုန်းညက်ပင်ကြီးနှစ်ပင်မှ ပုန်းညက်မွှင့်တို့ မွှင့်ကြဦးမည်ပါတကား။ သဘာဝကို မြတ်နိုးသူ မရွှေချိုကြီး၏ စိတ်ကူးယဉ်ပုံ အဆင်ပြေအောင် စီစဉ်ထားပုံမှာ ကြည်နူးဖွယ်ရာ မကောင်းပေဘူးလား။

ရာသီအပြောင်းနှင့် အတူ ပန်းရနံ့သည်လည်း တစ်မျိုးပြောင်း၍ သင့်မြဲ့အောင် စီစဉ်ခဲ့လေသည်။ တစ်နေ့ခံပန်းကလေးများထက် ရာသီလိုက်မွှင့်သော အပင်ကြီးများကို မိချိုက မက်မောဟန်တူပေသည်။

နေရောင်ခြည်သည် ရွှေ့တောင်းသွားသည်နှင့်အမျှ နေရောင်သည်လည်း ရွှေရောင်သို့ ပြောင်း၍လာပါတော့သည်။ နေခြည်ထဲတွင် လိပ်ပြာလေးများနှင့် အတူ ကျွန်တော်သည် ပျံသန်း၍သွား၏။ တစ်ခါတစ်ရံ လယာပြင်တွင် မိချိုဝိညာဉ်နှင့် ကျွန်တော် တွေ့ဆုံလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ကျွန်တော့်တွင် အဖော်မရှိတော့ပေ။ သွားလာလှုပ်ရှားနိုင်ခဲ့စဉ်ကပင် ငွေရမည့်ကိစ္စမဟုတ်က ဘယ်ကိုမှ မသွား။ ဘယ်သူနှင့်မှ မဆက်ဆံခဲ့သော ကျွန်တော်မှာ ယခုလို လူစဉ်မမီသော ဘဝတွင် သာ၍ အထီးကျန်နေပါတော့သည်။

ကျွန်တော်ဘဝ၏ အဖော်သည် ပန်းလေးများ၊ လိပ်ပြာငယ်တို့နှင့် လေပြေညင်းတို့သာ ဖြစ်ပါတော့သည်။

အကယ်၍သာ ဖြူ့ သားလေး မွေးလာလျှင် သားလေးသည် ကျွန်တော်နှင့်များ ကစားလေမလား၊ ကျွန်တော် မကစားနိုင်ဦးတော့ မြက်ခင်းပေါ်တွင် သားလေး ပြေးလွှားကစားနေသည်ကို မြင်ရလျှင် ပျော်စရာ ဖြစ်ပေလိမ့်မည်။ သားလေးသည် နေရောင်ထဲတွင် လိပ်ပြာလေးကို လိုက်၍ ဖမ်းပေလိမ့်မည်။ သားလေးအတွက် ကျွန်တော် လိပ်ပြာလေးများကို ဖမ်းမပေးနိုင်ပါက သားလေး စိတ်ဆိုး၍များ သွားလေမလား။

အော်...တွေ့ရပါသည့် ဝိပါက်၊ ချစ်ရသည့် ရမ္မက်တို့ပါကလား။

ကျွန်တော်သည် တဖြည်းဖြည်း သိမ်လို၍လာသော ကျွန်တော့် ခြေထောက်ကို ငုံ့၍ ကြည့်နေမိရာမှ တုတ်များနှင့် မြေကြီးကို ခေါက်၍နေမိသည်။ ဤတုတ်များနှင့် ကြမ်းပြင်ကို ထောက်စဉ်တွင်လည်းကောင်း၊ မြေနီလမ်းပေါ်သို့ လျှောက်၍ သွားစဉ်တွင် လည်းကောင်း၊ တခေါက်ခေါက်မြည်သော အသံမှာ ကျွန်တော့်ကို ချောက်၍ နေသလို ထင်မိသည်။

“ခင်များ ရှည့်နဲ့နေပြီ တုတ်ချွဲပြီး လျှောက်နေရပြီ၊ လူစဉ်မမီတော့ဘူး”



ဟူ၍ ကျွန်တော့်ကို ပြောနေသလို ထင်မိပေသည်။ ဤတုတ်ကို ချွဲကာ လျှောက်ရသော်လည်း တုတ်များမှ တခေါက်ခေါက် အသံမမြည်စေလိုပေ။

ချက်ချင်းလိုပင် အကြံပေါ်၍လာပေသည်။ ကျွန်တော်သည် ဦးသာအောင်ကို ခရေပင်အောက်မှ လှမ်းခေါ်၏။ ဦးသာအောင်သည် ကျွန်တော်တို့ထံသို့ ပြေး၍လာသည်။

“အိမ်ထဲမှာ အပိုထားတဲ့ တုတ်ကောက်နှစ်ချောင်းကို အဖျားမှာ ရော်ဘာအပြားကလေး သွားတပ်ပေးစမ်းပါဗျာ။ ဟိုနှစ်ချောင်း ရတော့မှ ဒီလက်ထဲကဟာကို တပ်မယ်။ မြန်မြန်ရအောင် လုပ်ပေးနော်”

ဦးသာအောင်သည် ခေါင်းညိတ်၍ပြကာ ကျွန်တော့် အနားမှ ခွာ၍ သွားတော့သည်။

❀

လူ့စိတ်သည် အံ့သြစရာကောင်းသည်ဟု ပြောရမည်လား။ ရယ်စရာကောင်းသည်ဟူ၍ ပြောရမည်လား မသိပေ။ တစ်ခါတစ်ရံ ဘာမဟုတ်သည့် အရာလေးများနှင့် ကျွန်တော်တို့ စိတ်ကို ကျွန်တော်တို့ ပျော်မြူကြ၏။ လှည့်စားပစ်လိုက်ကြ၏။

နောက်တစ်နေ့တွင် ကျွန်တော်သည် အထူးပင် ရွှင်လန်းပေါ့ပါးနေပေသည်။ ကျွန်တော့် တုတ်များသည် ကြမ်းပြင်နှင့် ထိ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အသံမပြည်တော့ပေ။ ရစ်ချတ်နှင့်အတူ မြက်ခင်းပေါ်တွင် လျှောက်နေစဉ် လူကောင်းတစ်ယောက်လို ကျွန်တော်သည် ပေါ့ပါးစွာ လျှောက်၍နေမိသည်။

ထိုနေ့မှာ ကဆုန်လပြည့်ဖြစ်၍ ဖြူသည် မနက်ပိုင်းတွင် ဘုရားသို့ ထွက်သွားလေသည်။ ဦးသာအောင်မှ တစ်ပါး အိမ်ရှိအစေခံများအား ယနေ့ ထမင်းစားပြီးတွင် အားလုံး လည်ပတ်ခွင့်ပေးလိုက်သည်။

လမ်းလျှောက်ရင်းမှာ ချွေးထွက်များလာ၍ ရစ်ချတ်ကို ထားခဲ့ကာ ကျွန်တော် အိမ်ထဲသို့ ဝင်လာသည်။ ဦးသာအောင် ကျွန်တော်ကို ရေချိုးပေးစဉ်တွင်လည်း ကျွန်တော်သည် ကလေးငယ်တစ်ယောက်လို ပျော်ရွှင်၍နေမိသည်။ ကြွေရေချိုးဇလုံအဖြူထဲမှ ရေများကို ပုတ်ခတ်ကာပင် ကစားမိပေသည်။

ဖြူ့ကိုပင် မစောင့်တော့ဘဲ အခန်းထဲသို့ နံနက်စာယူ၍ ကျွန်တော် စားနေပေသည်။ ထမင်းစားရသည်မှာလည်း ပို၍ မြိန်သလို စိတ်ထဲမှ ထင်မိပေသည်။

"ဦးသာအောင်ရေ၊ ထမင်းစားပြီးရင် ကျွန်တော် အိပ်လိုက်ဦးမယ်။ ဖြူ ပြန်လာရင် ပြောပြီး ခင်ဗျားလည်း တန်းလျား ပြန်အားယူတော့၊ ဒီနေ့ နေရတာလည်း ပျော်သလိုပဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ချင်တဲ့စိတ်လည်း ရှိတယ်"

ဦးသာအောင်သည် ကျွန်တော်မျက်နှာကို ကြည့်ရင်း အတော်ဝမ်းသာသွားပုံရလေသည်။ ကျွန်တော်ရှေ့မှ ထမင်းပွဲကို သိမ်းယူ၍ ထွက်သွားတော့သည်။

ယခုအခါ အိပ်ခါနီးတွင် ဘာအကြောင်းမှ ကျွန်တော့်ခေါင်းထဲ ဝင်မလာဘဲ ချက်ချင်းလိုပင် အိပ်ပျော်၍ သွားပေသည်။



အိပ်ရာမှ ကျွန်တော် နိုးလာသောအခါ အပြင်တွင် မိုးစိပ်စိပ်ရွာ၍ နေပေသည်။ မိုးသက်ပါသော လေအေးမှာ ပြတင်းမှ ဝင်ရောက်ကာ ကျွန်တော် ခုတင်ရှိရာသို့ ဖြည်းညင်းစွာ တိုက်ခတ်နေလေသည်။

သစ်ရွက်စိမ်းများသည် မိုးရေများ စိုရွှဲကာ လေထဲတွင် ယိမ်းနွဲ့နေသည်ကို ပြတင်းမှ လှမ်း၍ မြင်ရလေသည်။

မိုးထိသော သစ်ရွက်နုများလို ကျွန်တော့်စိတ်သည်လည်း အထူးရွှန်လန်းပေါ့ပါးနေတော့သည်။ ဝမ်းထဲမှလည်း ဆာ၍လာသည်။ ယခုလို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်း၊ စားချင်သောက်ချင်ခြင်းတို့မှာ ကျွန်တော့်တွင် မဖြစ်သည်မှာ ကြာပေပြီ။ ယခုလိုသာ အခြေအနေပြောင်းလာလျှင် ကျွန်တော် မကြာခင် ကျန်းမာလာရမည် မဟုတ်ပါလား။

ကျွန်တော်သည် အလိုလိုအားတက်နေသည်။ ယခုလို မိုးအေးအေးတွင် ကော်ဖီပူပူကို ကျွန်တော် သောက်လိုပေသည်။ ခေါင်းရင်းရှိ လူခေါ်ခေါင်းလောင်းကို နှိပ်ရန် လက်ပြင်ပြီးမှ ဦးသာအောင်ကို အနားပေးလိုက်ကြောင်း သတိရမိသည်။

ဖြူတော့ အိပ်ခန်းထဲတွင် ရှိပေလိမ့်မည်။ ကျွန်တော်သည် ဖြူ အဆောင်သို့ မကူးခဲ့သည်မှာ ၃-၄ လ ရှိခဲ့ပေပြီ။ ယခုလို မိုးစိမ့်စိမ့်တွင် ဖြူသည် တစ်ယောက်တည်း ကျွေး၍ နေမည်ကို တွေးမိသောအခါ ဖြူကို ကျွန်တော် သနား၍သွားမိသည်။ လူစဉ်မမှီသော ကျွန်တော်လိုလူကို လင်ပြုရသည်မှာ ကံဆိုးခြင်းတစ်မျိုးပင် ဖြစ်သည်ဟု တွေးမိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းတွင် ထောင်ထားသော တုတ်ကောက်ကို ဆွဲ၍ ယူကာ အိပ်ရာမှ ကျွန်တော် ထလိုက်၏။ အိပ်ခန်းပြင်သို့ ထွက်လာသောအခါတွင်မူ တစ်အိမ်လုံးသည် တိတ်ဆိတ်ငြိမ်သက်၍ နေပေသည်။ ခန်းဆီးများသာ လေတိုး၍ တလွန့်လွန့် လှုပ်ရှားနေကြပေသည်။

ယခင်ကသာဆိုလျှင် ယခုလို တိတ်ဆိတ်နေသော အိမ်ကြီးခို့ ကျွန်တော်၏ တုတ်ကောက်များမှ တခေါက်ခေါက်အသံမှာ ကျွန်တော်အတွက် စိတ်ရှောက်ချားစရာ ပေါ်၍လာမည် ဖြစ်ပေသည်။

ယခုတွင်မူ ကျွန်တော့် လျှောက်သံသည် ကြမ်းပေါ်တွင်လုံးဝ မကြည်တော့ဘဲ အရှုးတိတ်ဆိတ်နေသည်ကို ကျွန်တော် ကျေနပ်မိ၏။

ဖြည်းညင်းစွာပင် လှေကားရှိရာသို့ ကျွန်တော် လျှောက်သွားသည်။ ကျွန်တော် လှေကား၏ လက်ရန်းကိုကိုင်ကာ တစ်ထစ်ချင်းလှမ်း၍ တက်သွားရသည်ကို မျှော်၍နေမိသည်။ စ၍ အိပ်ရာထဲလဲသည်မှ ယနေ့အထိ ၅လလုံးလုံးအချိန်တွင် ယခုအချိန်သည် ပထမဆုံး အိမ်ပေါ်တက်ခြင်း ဖြစ်၏။

အကယ်၍ ဖြူ အိပ်ရာထဲတွင် အိပ်နေလျှင် ဖြူ့အနားခို့ ခကာခွေလှဲ၍နေလိုက်ဦးမည်။ ဖြူ့ရင်ခွင်ထဲတွင် တစ်ရေးတမောတော့ အိပ်လိုက်ဦးမည်။ ကျွန်တော်သည် ငယ်မူပြန်သလိုပင် ဖြစ်၍လာသည်။ ဖြူနှင့် ခွဲခွာ၍ နေရသည်မှာ ကြာမြင့်ပြီ မဟုတ်ပါလား။ လှေကားထိပ်ရောက်လာသောအခါ ကျွန်တော် ခမ်းသာ၍သွားလေသည်။ လှေကားကို ကျော်မောစွာ တက်နိုင်ခြင်းမှာ ကျွန်တော့် ကျန်းမာရေးကောင်းလာခြင်း၏ အထိမ်းအမှတ် ဖြစ်သည်။



အိမ်ပေါ်ထပ်တွင် မှန်ပြတင်းများ ပိတ်ထား၍ မှောင်မှောင်နွေးနွေး ဖြစ်နေပေသည်။ ခေါင်းရင်းဘက်ရှိ ဖြူနှင့် ကျွန်တော် အိပ်သော အခန်းဝတွင်မူ ခန်းဆီးသည် ဖြည်းညင်းစွာ လှုပ်ရှားနေသည်။ အစိမ်းပိတ်စပေါ်တွင် ကြာပွင့်ဖော်ထားသော အခန်းဆီးမှာ လေတိုက်လိုက်တိုင်း ကြာပန်းရုံကြီးတစ်ရုံလုံး ကြာတောတွင် လှုပ်ရှားလိုက်သည်နှင့် တူလှ၏။

ကျွန်တော်သည် အခန်းရှိရာသို့ ခပ်ဖြည်းဖြည်းပင် လျှောက်၍သွားလေသည်။ အကယ်၍ ဖြူအိပ်နေလျှင် ကျွန်တော့် တုတ်ထောက်သံကြောင့် နိုးသွားမည်ကို ကျွန်တော် စိုးရိမ်ပေသည်။ သို့သော် ရာဘာအဖုများတွင် တပ်ထားသော တုတ်မှာ အသံမျှမမြည်ပါ။

အခန်းဝ ခန်းဆီးဘေးတွင် ရပ်ကာ ကျွန်တော်သည် ခန်းဆီးကို ဘေးသို့ ဆွဲလိုက်၏။ အခန်းမှန်တံခါးသည် စေ့ထား၍ ဖြည်းဖြည်းလေး တွန်းဖွင့်ရာ နည်းနည်းဟသွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ဆက်၍ မဖွင့်နိုင်တော့ဘဲ လူသေကြီးလို တစ်ကိုယ်လုံး အကြောများ ရပ်ဆိုင်း၍သွားပါတော့သည်။

ကျွန်တော့်မျက်လုံးများသည်ပင် ရှာရှာလည်၍ နေလေသလားမသိ။ အားလုံး ပတ်လည်ဝိုင်းကာ လည်နေတော့သည်။ မျက်လုံးထဲမှ ရောင်စုံသက်တံ့ရောင်များကလည်း ကျွန်တော် မြင်နေရသော ရုပ်သွင်များ၏ ဘေးတွင် မှန်ဘောင်သွင်းသလို အဝိုင်းလိုက် ဘောင်ပိတ်၍နေကြ၏။ ရပ်နေသော နေရာမှ ကျွန်တော်သည် ရွေ့လျား၍ မရပါ။

ကျွန်တော် ရပ်နေရာ နံရံသည် ခုတင်မှ ၁၀ ပေလောက်

www.burmeseclassic.com

www.burmeseclassic.com



ကြာ၍ ရပ်နေရာ အခန်းဝသည်လည်း နံတင်ခြေရင်းတည့်တည့်တွင် မဟုတ်ဘဲ အခန်း၏ ညာဘက်အစွန်းတွင် ဖောက်ထားသောတံခါးဝ ဖြစ်ပေသည်။

ကျွန်တော်ထင်သလို စိမ့်စိမ့်အေးသော မိုးကြောင့် ဖြူ တစ်ယောက် အိပ်နေသည်မှာတော့ မှန်ပေသည်။ သို့သော် သူအိပ်သည်မှာ ရစ်ချက်၏ ရင်ခွင်ထဲမှာ ဖြစ်၏။ ဖြူ၏ ပါးပေါ်သို့ ရစ်ချက်သည် မေးတင်ကာ ရှင်ပြုံးရယ်မော၍ နေကြလေသည်။

သူတို့နှစ်ယောက်သည် ပြိုင်တူရယ်မောလိုက်ကြ၏။ သူတို့၏ ရယ်မောသံများသည် အစေးကြီးမှ ရယ်မောနေသလို တဖြည်းဖြည်း တိုး၍ တိုး၍ သွားလေသည်။ သူတို့နှစ်ယောက်၏ ရုပ်သွင်သည်လည်း ကျွန်တော့်မျက်လုံးထဲမှ ဖြန်းခနဲ ပျောက်သွားကာ ကျွန်တော့်ရှေ့တွင် မှောင်အတိကျသွားပါတော့သည်။

❀

ကျွန်တော် သတိရချိန်တွင် အောက်ထပ် အိပ်ခန်းရှိ နံတင်ပေါ်၌ ရောက်နေသည်ကို တွေ့ရပါသည်။ ကျွန်တော် ခေါင်းများသည် လေး၍ မူးနောက်နောက် ဖြစ်နေသည်။

ပထမဆုံး ကျွန်တော် မြင်ရသည်မှာ ဖြူ၏ မျက်နှာဖြစ်သည်။ သူသည် ကျွန်တော့်မျက်နှာကြီးကို စိုး၍ ကြည့်နေလေသည်။



"ခွေးမ လင်ငယ်နေတဲ့ကောင်မ သွားပါ အနားမလာနဲ့၊ နင့်ကို သတ်မယ်"

ကျွန်တော်သည် ဖြန်းခနဲ အားယူ ထလိုက်ပါသည်။ သို့သော် ကျွန်တော်လက်များသည် လှုပ်ရှား၍မရရုံမက ခေါင်းကလည်း ထူ၍မရတော့ပါ။ ကျွန်တော် ဘာဖြစ်ပါလိမ့်။

"ကိုကို…ကို သတိထားပြောပါ ကိုကို ဖြူကို ဒီလို မစွပ်စွဲပါနဲ့"

ဖြူသည် ကျွန်တော့်လက်ကို ဆုပ်ကိုင်၍ မျက်ရည်ပေါက်ကြီးများ မျက်လုံးမှ တစ်ပေါက်ပေါက်ကျရင်း ပြော၍နေသည်။ ကျွန်တော့်လက်အား သူ ဆုပ်ထားသည်ကို ကျွန်တော် လုံးလုံး သဘောမကျ။ ကျွန်တော် လက်များကို ရုန်း၍ ပြန်ယူလိုက်၏။ သို့သော် လက်များသည် လှုပ်ရှားမရဘဲ သူ့လက်ထဲတွင် ပျော့၍ ပါနေတော့သည်။

"ဟင် ငါဘာဖြစ်နေပြီလဲ။ ငါအရှင်လတ်လတ်က သေနေပြီ မိဖြူရဲ့ နင့်ကြောင့်…နင့်…လင်"

ဖြူသည် ကျွန်တော့် ပါးစပ်ကို လှမ်း၍ ပိတ်လိုက်၏။

"ဒီလိုမပြောပါနဲ့ ကိုရယ်၊ ဖြူ အိပ်နေရာက ဖြန်းခနဲ အသံကြားလို့ ထကြည့်လိုက်တော့ ကို မှန်တံခါးဝမှာ လဲနေတာတွေ့တာပဲ၊ ကိုကို့စိတ်တွေ ချောက်ချားနေလို့ပါ"

"ဘာ ငါက ချောက်ချားတယ်၊ မိဖြူ ငါအရူးမဟုတ်ဘူးဟေ့ နင့်လင် ရစ်ချက်နဲ့ အတူ နံတင်ပေါ်မှာ နင့်ကို တွေ့တာ"

ကျွန်တော်သည် အသံကုန် ဟစ်၍ အော်လိုက်၏။

"ရစ်ချက် လုံးလုံး အိမ်မှာ မရှိဘူး ကိုကို မယုံရင်ဦးသာ

www.burmeseclassic.com

အောင် မေးကြည့် ခုထိလည်း ပြန်မလာသေးဘူး"

အခန်းဝမှာ ဒေါက်တာအောင်သန်းသည် ကျွန်တော်တို့ထံသို့ အပြေးလေး ရောက်လာသည်။

"ဟော...ဦးမြင့်မောင် သတိရလာပြီလား၊ စိတ်ကို ထိန်းပါ ဦးမြင့်မောင်ရယ်၊ စိတ်လွှတ်ပြီး လျှောက်ပြောချင်ရာပြောလို့ မိန်းမ တစ်ယောက်မှာ ထိခိုက်ရင် မကောင်းပါဘူး"

ဒေါက်တာအောင်သန်းသည် ကျွန်တော့်ကို ဖြည်းညှင်းစွာ ချော့၏။ ကျွန်တော်ကတော့ ယခုနေ ဒေါက်တာအောင်သန်း မျက်နှာ တည့်တည့်ကို လက်သီးနှင့် ရွယ်၍ ထိုးလိုက်ချင်သည်။ မိဖြူကို ခြေထောက်နှင့် လှိမ့်၍ ကန်ချင်သည်။ သူတို့အားလုံး ဖွဲ့ချက်များက ဘယ်လောက်ရယ်စရာကောင်းပါသလဲ။ ကျွန်တော် စိတ်ဖောက်လာ၍ တွေ့ကရာ ပြောသည်ဟု ဆိုသည်။ မျက်လုံးနှင့် တပ်အပ်မြင်သည် မှာက ကျွန်တော် ဖြစ်၏။ ကျွန်တော်သည် စိတ်ကို ဆက်လက်၍ မထိန်းချင်ပေ။

"ဒီမှာ ဒေါက်တာ ဒီအိမ်ဟာ ကျွန်တော့်အိမ်၊ ကျုပ်တို့ လင်မယားကိစ္စမှာ ခင်ဗျား ဘာမှ ဝင်မပါပါနဲ့၊ ဒီအခန်းထဲ ခုထွက် သွားပါ"

ကျွန်တော်သည် ခပ်ရိုင်းရိုင်းပင် ပြောလိုက်၏။ ဒေါသဖြစ် သလောက် ဘာမှမလုပ်နိုင်သော လက်များမှာ တဆတ်ဆတ်တုန် နေတော့သည်။ ဖြူက မျက်ရိပ်ပြလိုက်၍ ဒေါက်တာအောင်သန်း သည် အပြင်သို့ ထွက်သွားတော့သည်။

"ခုဘဝကျမှ နင်ချယ်လယ်သလိုပေါ့ မိဖြူ။ ငါက မျက်လုံး နဲ့ တပ်အပ်မြင်ရတာ၊ ငါ့မျက်လုံးတွေက မကန်းဘူး၊ ငါ့ဦးနှောက်



လည်း မရူးဘူး၊ နင်ပေးတဲ့ ဆင်ခြေတွေက လွယ်လွယ်လေးပဲ၊ ငါ လဲကျပြီး မေ့သွားတော့ နင့်ကောင်ကို နင်က အပြင်ထွက်နိုင်းလိုက် မယ်။ ပြီးတော့ ဦးသာအောင်ခေါ်ပြီး ငါ့ကို ဒီရှေ့မယ်၊ ဦးသာအောင် ကလည်း ရစ်ချတ်ကို မမြင်တော့ စောစောကတည်းက မရှိဘူးလို့ ထင်မှာပဲ ဟုတ်တယ်မဟုတ်လား"

"မဟုတ်ဘူး ကိုကိုရဲ့ ဖြူတော့ သေချင်တာပဲ လုံးလုံးမရှိ ပါဘူး။ ကိုကို ဒီလိုပေါက်ကရတွေ ပြောနေရင်တော့ ဒေါက်တာက ဆေးရုံအတင်းခေါ်သွားမှာပဲ"

"ဘာ...ဘာဆေးရုံ"

"ဆေးရုံ စိတ်ရောဂါအထူးကုဆေးရုံကို ပေးပို့မလို့တဲ့"

"ဘာ...ငါမသွားဘူး...ငါမရူးဘူး နင့်လင်ငယ်နဲ့ ပျော်နိုင် အောင် ငါရှောင်မပေးနိုင်ဘူး၊ နင် ဘာဖြစ်လို့ ဒီဆရာဝန်တွေကို ခေါ်ထားရတာလဲ"

ဖြူသည် ဘာမှမပြောတော့ဘဲ ကျွန်တော့် ရင်ပတ်ပေါ် မျက်နှာမှောက်ကာ တရှုပ်ရှုပ်ငိုတော့သည်။ အခန်းဝမှ ဒေါက်တာ အောင်သန်းသည် တခြားဆရာဝန်နှင့်တူသော အင်္ကျီဖြူကပြား တစ် ယောက်နှင့် မစ္စတာ ဘားတလတ်ကို ခေါ်၍ ဝင်လာလေသည်။ အင်္ကျီဖြူကပြား ဆရာဝန်သည် ကျွန်တော့်ကို ကြည့်၍ ပြုံးပြ၏။

"ဒေါ်ဖြူဖြူ သိပ်ပြီး မငိုပါနဲ့၊ ဦးမြင့်မောင်ကလည်း သတိထား ပေါ့။ ဦးမြင့်မောင် စိတ်လွှတ်ပြီး ပြောတာဟာ ဝမ်းနည်းစရာမဟုတ် ပါဘူး ဒေါ်ဖြူဖြူ။ ဦးမြင့်မောင်ကိုလည်း သူ့ စိတ်မပါဘဲ ဆေးရုံ ကို ကျွန်တော် ခေါ်မသွားပါဘူး"

ဘယ်လောက်များ ခံပြင်းစရာကောင်းပါသနည်း။ ခေါင်းရင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိ တုတ်ကောက်ကို ဆွဲယူ၍သာ နောက်လာသော ဆရာဝန်မျက်နှာကို ကျွန်တော် ရိုက်ပစ်လိုက်ချင်၏။ ကျွန်တော့်ရင်ထဲတွင် လုပ်ချင်တာတွေ မလုပ်ရ၍ ကျပ်ပြီး မောလာသည်။ အဖြစ်ကလည်း မောစရာ မဟုတ်ပေဘူးလား။

မိဖြူနှင့် လင်ငယ်ဖောက်ထုတ်ကို မျက်စိနှင့် တပ်အပ်မြင်ရသော ကျွန်တော်က အရူးဖြစ်ရ၏။ ပညာရှင်ပါရဂူများက ကျွန်တော် စိတ်ဖောက်ပြန်သည်ဟု စွပ်စွဲကြ၏။ ကဲ…တစ်ကိုယ်လုံး သေနေသော ကျွန်တော်က ဘာများ တတ်နိုင်ပါဦးမည်နည်း။ ဒီပြဿနာကို ဘယ်လို ရှင်းပါမည်နည်း။ ကျွန်တော် ဆက်ပြောနေသ၍တော့ ဆေးပါရဂူကြီးများက ရူးလို့ဟု၍ ပြောကြတော့မည်။ ဖြူသည် ကျွန်တော့်ရင်ဘတ်မှ မျက်နှာကို ခွာလိုက်ကာ တရှိုက်ရှိုက်ငိုနေဟန်ပင်ဖြစ်၏။

ကျွန်တော် မရူးဘဲနှင့် ပါရဂူကြီးများက ရူးနေသည်။ ဖောက်နေသည်ဟု တစ်ပြိုင်နက် စွပ်စွဲကြခြင်းမှာ မိဖြူက ငွေတုံး ငွေခဲများနှင့် ဒေါက်တာများ မျက်လုံးကို ဖုံးလိုက်သည်ကလွဲ၍ တခြား အကြောင်း မရှိနိုင်ပါ။

အမှန်တော့ သူတို့အားလုံးကို သိမ်းကျုံး၍ အယုတ္တ အနတ္တတွေသာ ကျွန်တော် ဆဲလိုက်ချင်သည်။ ဒေါသဖြစ်၍ ဆဲလေလေ စိတ်ရောဂါအထူးကုဆေးရုံနှင့် နီးလေလေပင် ဖြစ်ရတော့မည်။ ကဲ… အများနှင့် ကျွန်တော်တစ်ယောက်တည်း၊ ကျွန်တော်က လျှော့ရပေတော့မည်။

"ကဲ…ကျုပ် စိတ်ချမ်းသာစေချင်ရင် ဘယ်သူမှ အနားမှာ မနေကြပါနဲ့၊ အားလုံး ကျွန်တော် အခန်းထဲက ထွက်သွားကြပါ"



ဖြူသည် ကျွန်တော်ကို မျက်ရည်စက်လက်နှင့် ကြည့်၏။

"ကဲ…ဦးမြင့်မောင် ကျေနပ်အောင် ထွက်ပေးလိုက်ပါ ဒေါ်ဖြူဖြူ"

နောက်ဆရာဝန်က တောင်းပန်သောအခါ ဖြူသည် မထချင်ထချင် ထလိုက်၏။ ကျွန်တော်ကို မချိတရိ လှည့်ကြည့်လှည့်ကြည့် လုပ်၍ အခန်းဝသို့ ထွက်သွားပုံကို ကျွန်တော်သည် ရုပ်ရှင်ရိုက်၍သာ ယူထားလိုက်ချင်သည်။ အကောင်းဆုံးရုပ်ရှင်မင်းသမီးသော်မှ ဤနေရာတွင် ဖြူ၏ အမူအရာကို မှီမည်မဟုတ်ပေ။

"ပြဿနာမကော မျက်ရည်ကျတယ်လို့ ငါ တစ်ခါမှ မကြားဖူးဘူး။ ပြဿနာမ အသုံးရကာယ်မ"

ကျွန်တော်သည် စိတ်ထဲမှ ကျိတ်၍ဆဲရ၏။ အပြင်အသံထွက်၍ဆဲလျှင် အရူးကြမ်း၍လာပြီဟု ဝိုင်းစွပ်စွဲကြဦးမည် မဟုတ်ပါလား။ ကျွန်တော်သည် မျက်စိစုံမှိတ်၍ထား၏။ ကျွန်တော် လွတ်မြောက်ရာကို ဘယ်လိုများ ရှာရပါမည်နည်း။ ကျွန်တော် ပြောသော စကားတို့သည် တရားဝင်ကြပေလိမ့်မည်မဟုတ်။ ကျွန်တော် ရူး၍ပြောသည်ဟုသာ အများက မှတ်ချက်ချပေလိမ့်မည်။

ကျွန်တော် ခေါင်းထဲတွင် အလင်းရောင်တစ်ခု ဝင်၍လာသည်။

ဦးသာအောင်ကို လူခေါ်ခေါင်းလောင်းနှိပ်၍ ခေါ်ချင်သော်လည်း ကျွန်တော့် လက်များကို မလှုပ်နိုင်တော့ပါ။ အခန်းတံခါးဝကိုသာ ခဏခဏကြည့်၍ နေရတော့သည်။

၁၅ မိနစ်လောက်အကြာတွင် အခန်းအဝ တံခါးနှစ်ပေါက်အနက် ခြေရင်းဘက်တံခါးတွင် ဦးသာအောင် ရောက်၍လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော…ဦးသာအောင် လာပါဦး ဦးသာအောင်"

ဦးသာအောင်သည် ကျွန်တော့်အားတွင် လာ၍ထိုင်ကာ ကျွန်တော့်မျက်နှာကို စိစိကြည့်၏။

"ဦးသာအောင် ခင်ဗျားကလည်း ကျွန်တော်ကို ရူးတယ်လို့ မစွပ်စွဲပါနဲ့ဦးနော်"

"မစွပ်စွဲပါဘူး ဆရာ၊ သူတို့ပြောသလို ဟုတ်မဟုတ် ဆရာကို ကျွန်တော် အကဲခတ်နေတာပါ။ တစ်ခုကလည်း ဆရာဟာ ကျွန်တော်ကို ခဏခဏ ဘာလို့ မခေါ်တော့တာလဲ"

"ကျွန်တော်လက်တွေ လှုပ်လို့မရတော့ဘူး ဦးသာအောင်ရဲ့ ကျွန်တော့်ဘဝ မျှော်လင့်ချက်ရှိတော့မလိုက အခုမှ ဘဝဆုံးတာပဲ။ ဦးသာအောင် ကျွန်တော်ကို ခဏခဏ လာကြည့်ပါနော်"

"ကျွန်တော်ကို ပစ်မထားပါနဲ့။ ခင်ဗျား ခုနပြောတဲ့ စကားထဲမှာ သူတို့ပြောတယ်ဆိုတာကဘာလဲ"

ဦးသာအောင်သည် ကျွန်တော့်လက်များကို ဆုပ်နယ်ရင်း ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်၏။

"ဆရာစိတ်တွေဟာ မှုမမှန်ဘူးတဲ့ ဧည့်ခန်းထဲမှာ လားရှိုးက ဆရာဝန်လည်း ရောက်နေတယ်။ သူ့နာမည်ကိုတော့ ဘားကလတ်လို့ ခေါ်ကြတယ်၊ သူက ဆရာဟာ လားရှိုးမှာတုန်းကလည်း မြဘယက်နဲ့ စကားပြောတယ်တဲ့"

"မေမေပြီး လဲသွားတတ်တယ်လို့ ပြောတယ်။ မမြဲကလည်း ဆရာပေါက်ကရတွေ ပြောတဲ့အကြောင်း ပြောတယ်။ ဒေါက်တာအောင်သန်းကတော့ ဆရာ တကယ်ရူးပြီလို့ ပြောတယ်။ စိတ်ရောဂါအထူးကုဆေးရုံက ဆရာဝန်ကြီးကတော့ စိတ်နည်းနည်း



ဖောက်သွားတာမို့ အိမ်မှာပဲ ကုမယ်လို့ ဆိုတယ်"

ဒီတော့ ကျွန်တော် တောင်းပန်ချင်တာက ဆရာစိတ်တွေ မှုမှန်တယ်ဆိုတာ သူတို့သိအောင် စကားကို ဆင်ခြင်ပြောပါ ဆရာရယ်"

"ဦးသာအောင် ကျွန်တော် သည်းမခံနိုင်ဘူးဗျ၊ ခင်ဗျားမိန်းမ လင်ငယ်နေတာကို မြင်ရလျက်နဲ့ ခင်ဗျား ရူးလို့ပြောတာလို့ ဗိုင်းစွပ်စွဲရင် ခင်ဗျားစိတ်ထဲက ဘယ်နဲ့နေမလဲ"

"မြဘယက်နဲ့ စကားပြောတာလည်း မှန်တယ် ဦးသာအောင်ရယ် ကျုပ်ရင်ထဲမှာ ခင်ဗျားသခင်မ မိချိုက အမြဲရှိရှိနေတယ်။ မိချိုနဲ့ ပတ်သက်သမျှ ပန္နည်းတွေ အရပ်ရပ်က ကျုပ်ကို သရဲချောက်သလိုဖြစ်နေတယ်။

"အမှန်တော့ မိချိုကို ကျုပ် သိမ်းစွဲလမ်းတယ် ထင်တယ်။ ဒါကြောင့် ကျွန်တော် လွှတ်ခနဲ လွှတ်ခနဲ ပြောမိတာပါ။ ဦးသာအောင် ကျွန်တော့်ကို သေသေချာချာကြည့်ပါ၊ အရူးတစ်ယောက်နဲ့ များ တူလို့လား"

ဦးသာအောင်သည် ခေါင်းကို ခါ၍ပြလိုက်၏။

"ခင်ဗျား မြူ့ ခေါ်လို့ နေ့လည်က အိမ်ပေါ် တက်လာတော့ တကယ်ပဲ ရစ်ချတ်ကို မတွေ့ဘူးလား"

"မတွေ့ပါဘူး ဆရာ"

"ဟုတ်ပါတယ်လေ ကျုပ်ထင်သလို လှည့်ထုတ်လိုက်တာပါပဲ၊ ခင်ဗျား မတွေ့ဘဲနဲ့ ကျုပ်က ဟုတ်ပါတယ်၊ တွေ့ပါတယ်ဆိုရင် ကျုပ်ကို ရူးတယ်လို့သာ ထပ်စွပ်စွဲမှာပဲ။ လားရှိုးမှာကတည်းက ကျုပ်မျက်နှာကို အရူးကြည့်သလို သူတို့က ကြည့်ကြတယ်။ ဒီနေ့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိပ်ပေါ်မတက်ခင် နာရီမကြည့်လိုက်မိဘူးဗျာ။ ဘာပြောပြော ကျွန်တော် မူးလဲကျအသွားမှာ သူကောင် ရှောင်ထွက်သွားမှာပဲ"

ကျွန်တော်လက်များသည် တုန်၍လာပြန်သည်။

"ကဲ ဦးသာအောင် မိချိုဆရာဝန် ဒေါက်တာဆင်မြူရယ်ကို သိတယ်မဟုတ်လား၊ မြန်မြန်သွားခေါ်ပေးစမ်းပါဗျာ"

ဦးသာအောင် ထွက်သွားလျှင် ကျွန်တော်သည် မျက်စိကို စုံမှိတ်၍ အတင်းအိပ်၏။

"တစ်ပွဲစားကြီး အသည်းနှလုံးတွေက ကျောက်ခဲလိုပဲ၊ သဘာဝ အလှအပ အတွေ့အထိကိုတောင် မခံစားတတ်ဘူး"

မိချိုသည် ပြောင်ချော်ချော်မျက်နှာနှင့် ကျွန်တော်ကို ပြော၍နေသလို မျက်စိထဲတွင် မြင်လာပြန်သည်။ ထိုတစ်ပွဲစားကြီး၏ ဝေါဟာရကိုလည်း ကျွန်တော် မသိသေးပေ။ ကျွန်တော့်ကိုယ် ကျွန်တော် မခွဲခြားနိုင်သည်က ဤကဲ့သို့ မိချိုကို ထင်ယောင် မြင်ယောင်ခြင်းမှာ စိတ်စွဲလမ်းလွန်း၍ပဲလား၊ တကယ်ပင် မိချိုက ဝိညာဉ်တစ်ခုအနေနှင့် လာ၍ပဲ နှောင့်ယှက်နေလေသလားဆိုသည် ကို ကျွန်တော် မခွဲခွဲနိုင်ပါ။ ဤစိတ်ပညာသဘောနှင့် ဝိညာဉ်ဆိုသည့်အကြောင်းတို့ကို ဘယ်တုန်းကမှလည်း ကျွန်တော်သည် အချိန်ယူ၍ မစဉ်းစားခဲ့ပေ။

မိချို မျက်နှာကို စိစိကြည့်၍ ကျွန်တော် စိတ်ထဲတွင် တောင်းပန်ချင်လာသည်။ သို့သော် အသံထွက် စကားမပြောမိဖို့ ကျွန်တော် အထူးသတိထား၍ နေရလေသည်။ အသံထွက်ခဲ့လျှင် တစ်ယောက်တည်း စကားပြောနေသည်ဟူ၍ ထပ်မံ စွပ်စွဲကြပေဦး



မည်။ မိချိုမျက်နှာသည် ပြောင်ချော်ချော်ဖြစ်ရာမှ အံကြိတ်လိုက်ပြန်သည်။ သေဆုံးခါစမျက်နှာလို မကျေနပ်သည့် အသွင်သို့ ပြောင်း၍သွားပြန်သည်။ အမှန်တော့ မိချိုကို ကျွန်တော် မုန်း၍လာသည်။ ကျွန်တော် မျက်စိထဲတွင် လည်းကောင်း၊ အာရုံထဲ လည်းကောင်း၊ မိချိုမျက်နှာကို မမြင်လိုပါ။ ကျွန်တော် ကြိုးစား၍ ဖျောက်သော်လည်း ဖျောက်၍မရပေ။

"အစ်ကို"

"ဟော...မိချိုက ကျွန်တော့်အား ခေါ်လိုက်ပြန်သည်။

"အစ်ကိုတို့ဟာ စိတ်ဝိညာဉ်ဆိုတဲ့သဘော အလှမှာအမြော်အမြင်ဆိုတဲ့ အသိဉာဏ်သဘောတွေကို ဂရုစိုက်တဲ့လူတွေ မဟုတ်ပါဘူး၊ ဘာကို တန်ဖိုးထားရမယ် ဆိုတာကိုလည်း အစ်ကိုဟာ တွေးခေါ်ခဲ့တာ မဟုတ်ပါဘူး"

တစ်ကယ်တော့ အစ်ကိုအတွက် မိန်းမရုပ်တစ်ရုပ်ကို ရင်သားက မွှင့်လုဆဲ ပဒုမ္မာကြာငုံလို၊ တင်ပါးက ပြေပြည့်တဲ့ ကမ်းပါးလို၊ ခါးကလည်း ကြာဖူးယ်လို ညွှတ်ပျောင်းအောင် ရှဲ့နဲ့ အသက်သွင်းပေးလိုက်ပြီးတာပဲ။ ဒီအရုပ်ရဲ့ အသည်းနှလုံးထဲမှာ ရွှံ့ပြည့်နေဦးတော့ တစ်ချက်ပလီလိုက်ရင် အစ်ကိုတို့က ဒီအရုပ်ရဲ့ ခြေဖမိုးကို ကုန်းပြီး နမ်းမယ့်သူတွေပါ၊ အစ်ကိုအတွက် အသက်ပေးပြီး တကယ်သစ္စာရှိတဲ့သူ၊ အလုပ်လုပ်ပေးတဲ့သူကျတော့"

"တော်ပါတော့ မိချိုရယ် မင်းကလည်း မြဘယက်လို ငါ့ကို စကားပြောနေတာပေါ့။ မင်း မြဘယက်ကြောင့် ငါ့ကို အရှုးလို အစွပ်စွဲခံရပြီ၊ ခုတစ်ခါ ထပ်ပြီး အစွပ်စွဲမခံရစေနဲ့တော့"

ကျွန်တော်သည် တိုးတိုးကလေး သူ့ကို ပြန်၍ ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။ မျက်စိမှိတ်၍ အိပ်နေလျှင် မိချိုက မျက်လုံးထဲတွင် ပေါ်လာသည်။ မျက်စိ အမြဲဖွင့်နေရလျှင်လည်း အိပ်ပျက်ကာ အားလျော့၍ လာမည်။ ကျွန်တော့် ဒုက္ခက ကြီးလွန်းလှလေသည်။

မိချိုနှင့် တွေ့ရတိုင်း သူပြောလိုက်သည့် စကားများက စိတ်မသက်သာစရာကောင်းလှ၏။ ကျွန်တော့်ကို နွားသာသာဖြစ်အောင် ပြော၏။ သူ့စကားလုံးများသည် ပက်စက်လွန်းလှသည်။ ဤကဲ့သို့ မမြင်လိုသောသူကို မြင်ရခြင်း မကြားလိုသော စကားတို့ကို ကြားရခြင်းတည်းဟူသော ဝေဒနာမှ ပျောက်ကင်းအောင် ဘယ်လိုများ ကုရပါမည်နည်း။

မျက်လုံးကို ဖွင့်၍ ထားလိုက်မှပင် မိချွေချိုသဏ္ဍာန်သည် ပျောက်၍သွားတော့သည်။ ကျွန်တော့်မျက်နှာကို လက်နှင့် စမ်းသပ်၍ ကြည့်မိ၏။

ငေါငေါထွက်နေသော ပါးရိုးများ၊ ဟောက်ပက်ပက်ဖြစ်နေသော မျက်တွင်းများက ကျွန်တော့်မျက်နှာ အရိုးရုပ်ပေါက်နေသည်ကို ဖော်ပြလျက် ရှိပေသည်။

မကြာခင်ပင် ဒေါက်တာဆင်မြူရယ် ရောက်လာသည်။ ဒေါက်တာအောင်သန်း၊ မစ္စတာဘားတလတ်နှင့် ဆရာဝန်ကြီးတို့သည်လည်း နောက်မှပါ၍လာကြသည်။

"ဒေါက်တာအောင်သန်း၊ ခင်ဗျားလူတွေကို ခေါ်ပြီး အားလုံး အပြင်ထွက်သွားစေချင်ပါတယ်။ ဒီအခန်းထဲမှာ ကျွန်တော် ဒေါက်တာဆင်မြူရယ်တစ်ယောက်တည်းနဲ့ပဲ စကားပြောချင်ပါတယ်"

ဒေါက်တာအောင်သန်းသည် မျက်နှာပျက်သွားကာ သူ့လူစုကို ခေါ်၍ အပြင်ထွက်သွားတော့သည်။ ကျွန်တော်သည် ဦးသာအောင်



အား အခန်းတံခါးဝတွင် စောင့်၍နေရန် ပြောလိုက်သည်။

ကျွန်တော် ပြောပုံလုပ်ပုံများကို ဒေါက်တာဆင်မြူရယ်သည် နားမလည်သလို ကြောင်၍ ကြည့်နေပေသည်။

"ဒေါက်တာ ကျွန်တော် ခေါင်းဘက်ကို ကုလားထိုင် ရွှေ့ပြီး ထိုင်ပါ ဒေါက်တာ"

ကျွန်တော်သည် ဒေါက်တာကို ဖက်၍ ငိုပစ်လိုက်ချင်သည်။ ဒေါက်တာသည် ကျွန်တော့်ခုတင်နှင့် ကပ်၍ ထိုင်၏။ ကျွန်တော့် မျက်နှာကို စိုက်ကြည့်ကာ ကျွန်တော်ပြောမည့် စကားများကို အထူး မျှော်လင့်နေဟန် ပေါ်၍နေပေသည်။

"ဦးမြင့်မောင် ကျွန်တော့်ကို ဘာကိစ္စရှိလို့ ခေါ်ပါသလဲ"

ဒေါက်တာဆင်မြူရယ်သည် မြန်မာပြည်ကဖြစ်၍ မြန်မာစကားကို ယဉ်ယဉ်ကျေးကျေး ပြောတတ်လေသည်။ ရုတ်တရက် ကျွန်တော်အကြောင်းများကို ဘယ်ကစ၍ ပြောရမှန်းလည်း ကျွန်တော် မတွေးတတ်ပေ။ အထူးသဖြင့် မိချို၏ ဆရာအား သို့မဟုတ် မိချိုကို မြတ်နိုးသူအား ကျွန်တော်၏ အထုပ်ကို ဖြေပြရမှာ ကျွန်တော် ရှက်၍ နေမိပေသည်။

မိချိုအပေါ် ဆိုးခဲ့လေသမျှ ဖြူအား လက်မြှောက်အရှုံးပေးခဲ့ရပုံတွေကို ကျွန်တော် အစချီရမှာ နှုတ်လေးနေလေသည်။ သို့သော် ကျွန်တော်သည် ခရီးစထွက်ရပုံကို အကျဉ်းချုပ်၍ ဒေါက်တာအား ပြောပြရ၏။ ကျွန်တော့်ဇာတ်လမ်းကို ကျွန်တော်သည် လားရှိုးသို့ ခရီးထွက်ခန်းမှ အစချီခဲ့ပေသည်။

ကျွန်တော် သွားလေရာတွင် မိချိုကို မေ့ပျောက်၍မရကြောင်းကို ပြောပြသည့် နေရာတွင် ဒေါက်တာသည် အံ့သြဟန်နှင့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေပေသည်။

"မိချိုဟာ ကျွန်တော့်အသည်းနှလုံးထဲတွင် ရှိနေတာ မဟုတ်ပါဘူး၊ ပင်လယ်မှာရော မြစ်ရေယာဉ်ရော မိချိုဟာ ရှိပါတယ်။ ကောင်းကင် တောတောင် မြေပြင်အနံ့မှာလည်း မိချိုဟာ အစဉ်ကြီးစိုးနေတာပေါ့။ ဒေါက်တာရယ် ပင်လယ်မှာ လှိုင်းလုံးတွေ လိမ့်လာရင်လည်း မိချိုဟာ လှိုင်းလုံးတွေကို စီးပြီး ကျွန်တော့်ကို အမြဲသရော်နေတာပဲ။ လေတွေ တိုက်လာပြန်တော့လည်း လေညင်းတွေဟာ မိချိုအသံကို သယ်ယူလာကြတယ်။ ပန်းပွင့်လေးတွေကြားထဲမှာလည်း မိချိုဟာ အမြဲလို ကူးသန်းသွားလာနေတာပဲ။ ရွှေရောင်လိပ်ပြာနဲ့အတူ မိချိုဟာ လေထဲမှာ ပျံဝဲနေတယ်။ ဒီသစ်ပင်ပန်းမာန် ရေပြင်တွေကို မကြည့်ချင်လို့ ဂိုဒေါင်တွေ အလုပ်တိုက်တွေဆီ သွားလည်း မိချိုဟာ အလုပ်သမားတွေကြားထဲမှာ တလှုပ်လှုပ်အလုပ်လုပ်နေသလို ကျွန်တော် မြင်ရပြန်ရော၊ အဲဒီအလုပ်သမားဆိုတဲ့ လူစုကလည်း စုမိကြရင် မိချိုအကြောင်းပဲ တလွမ်းတသသနဲ့ ပြောနေကြတယ်။ စိတ်မရှိပါနဲ့ ဒေါက်တာရယ်"

ကျွန်တော် ပြောတာကို သည်းခံပြီး နားထောင်ပါနော်၊ အခု ဒေါက်တာကို ပြောသလို သူတို့ကို ပြောပြရင် သူတို့က ကျွန်တော့်ကို ရူးတယ်လို့ ထပ်ပြီး စွပ်စွဲကြဦးမယ်"

"ပြောပါဦးမြင့်မောင် ကိစ္စမရှိပါဘူး"

ဒေါက်တာဆင်မြူရယ်သည် ကျွန်တော့်ကို နှစ်သိမ့်၏။ ကျွန်တော်၏ နောက်ပိုင်းဇာတ်သိမ်းကို ပြောပြသောအခါတွင်မူ ကျွန်တော့်အသံများသည် တုန်၍နေလေသည်။ မိုးစိမ့်စိမ့်ရွာနေစဉ် ကျွန်တော် လှေကားကို ဖြည်းညင်းစွာ တက်သွားပုံကို ကျွန်တော်



သည် အသံတိုးတိုးနှင့် စ၍ ပြောမိ၏။ ကြာပွင့်ရိုက်ထားသော ခန်းဆီးလှုပ်ရှားနေပုံကိုပင် ကျွန်တော် အသေးစိတ် ဖော်ပြနေမိပေသည်။ နောက်ဆုံး လင်ပယ်နှင့် မိခန်းကို ပြောရာတွင် ကျွန်တော့်အသံများသည် ရုတ်တရက် ပေါက်ကွဲ၍ ထွက်လာကြလေသည်။ နဖူးတွင် ချွေးစေးများ ပြန်၍ လက်များသည် တဆတ်ဆတ်တုန်လေသည်။ ဒေါက်တာကမူ နားထောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်နေလေသည်။

"အဲဒါကို သူတို့က ကျွန်တော် ရူးလို့ပြောတယ်လို့ ဝိုင်းစွပ်စွဲကြတယ်။ စွပ်စွဲကြတဲ့အကြောင်းက ကျွန်တော် မြဘယက်နဲ့ စကားပြောလို့ ခဏခဏမေ့တတ်လို့၊ ပြီးတော့ တစ်ယောက်တည်း ငိုင်နေတတ်လို့တဲ့ ဒေါက်တာရယ်၊ ကဲလေ အမှန်တော့ စိတ်ဟာ တကယ်စွဲလမ်းလာတော့ မျက်စိထဲမှာ တကယ်ပဲ ထင်ယောင် မြင်ယောင်ဖြစ်လာပြီး စကားပြောမိ ငိုင်မိတာပဲ"

ဒေါက်တာဆင်မြူရယ်သည် ကျွန်တော့်နဖူးမှ စီးကျလာသော ချွေးများကို သုတ်၍ပေးနေသည်။

"ခုတော့ ကျွန်တော်ဟာ လူစဉ်မြန်မှိုင်း ခံယဉ်းသွားပြီ ဒေါက်တာ"

"ခုလိုဆိုတော့ ကျွန်တော် ဘာကူညီစေချင်လို့လည်း ဦးမြင့်မောင်"

"ဒီလို...ဒီလို ကျွန်တော် ခုနေ သေသွားရင် ရှိသမျှ ပစ္စည်းအားလုံးကို မိဖြူ ပိုင်မယ်၊ ဒါကို ဘယ်လိုမှ မတားဆီးနိုင်ဘူး၊ ဒုတိယ ကျွန်တော့်သားမဟုတ်တဲ့ ဒီဗိုက်ထဲက ကလေးက ကျွန်တော့် အမွေတွေကို ဆက်ခံမှာ ကျွန်တော် မကြည့်နိုင်ဘူး။ ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်လေ၊ မိချိုနဲ့ ကျွန်တော် ဘယ်လို ထူထောင်ခဲ့ရတယ် ဆိုတာ ဒေါက်တာအသိပဲ"

ဒေါက်တာဆင်မြူရယ်သည် ပြုံးနေ၏။

"ဒီကလေးဟာ ကျွန်တော်သား မဟုတ်တဲ့အကြောင်း ဆရာ ရှင်းမပေးနိုင်ဘူးလားဟင်"

ဒေါက်တာသည် အံ့သြစွာ ကျွန်တော့်ကို ကြည့်၏။

"ပြီးတော့ ကျွန်တော်နဲ့ ညားနေတုန်း ဒီမိန်းမဟာ လင်ငယ် နေရင် ဗုဒ္ဓဘာသာ ဓမ္မသတ်အရ အမွေဆက်ခံနိုင်ခွင့် မရနိုင်ဘူး မဟုတ်လား ဒေါက်တာ။ ဒါပေမယ့် သူ လင်ငယ်နေတာကို ကျွန်တော် တစ်ယောက်တည်းက မြင်ရတာ၊ ကျွန်တော့်ကို အရူးလို့ စွပ်စွဲချက်ဟာ တရားမဝင်တော့ဘူးလား။ ကျွန်တော် မရူးဘူးဆိုတာ ဒေါက်တာ အနိုင်အလုံ အကြောင်းမပြနိုင်တော့ဘူးလားဟင်"

ကျွန်တော်သည် ခိုကိုးရာမဲ့သူလို ဒေါက်တာအား အားကိုး တကြီးနှင့် တတွတ်တွတ်ပြော၍ နေမိပေသည်။

"အမှန်တော့ တစ်ချိန်တုန်းက ကျွန်တော့် အပြုအမူတွေဟာ ဒေါက်တာအဖို့ မုန်းတီးစရာ အမြင်ကပ်စရာပါပဲ။ ခုချိန်မှာတော့ ကျွန်တော့်ကို ကူပါ"

ကျွန်တော်သည် ဒေါက်တာကို တောင်းပန်မိပြန်၏။

"ကျွန်တော် ကူညီချင်ပါတယ် ဦးမြင့်မောင်၊ ခင်ဗျားနဲ့ အတူ ပေါင်းဖော်နေတဲ့ မိန်းမတစ်ယောက်ကိုယ်ဝန်ဟာ ဦးမြင့်မောင်နဲ့ ရတာမဟုတ်ပါဘူးလို့ ပြောရတဲ့ ကိစ္စဟာ မလွယ်ပါဘူး။ အခန်းထဲ မှာ ရစ်ချတ်နဲ့ မြူပြောကြတဲ့ စကားကိုသာ ဦးမြင့်မောင် မကြားရင် ဦးမြင့်မောင်ဟာ ဒီသားကို ခင်ဗျားသားလို့ပဲ ထင်မှာပဲ မဟုတ်လား"



"ဟုတ်ပါတယ်"

"ဒုတိယ ဦးမြင့်မောင် စွပ်စွဲချက်ဟာ စိတ်ဖောက်ပြန်လို့ ပြောတယ်လို့ မြူက ချေပခဲ့တယ် မဟုတ်လား။ ဒီဟာလဲပဲ စိတ်ရောဂါ အထူးကုဆေးရုံဆရာဝန်ကြီးတွေ အမ်ဘီဘီအက်စ်ဘွဲ့ရ ဆရာဝန်ကြီး တွေက စိတ်ဖောက်နေတာ အမှန်လို့ဆိုတဲ့ ထောက်ခံချက်ကို ကျွန် တော်လို အယ်အမ်ပီလက်မှတ်ရ ဆရာဝန်လေးက ဘယ်လိုလုပ်ပြီး ငြင်းနိုင်မလဲ"

"ကျွန်တော့်ကိစ္စမှာရော သူတို့ လာဘ်စားပြီး ပြောတာ မဖြစ် နိုင်ဘူးလား ဟင်၊ ကျွန်တော့်ဆီက အနေမှ ၄-၅-၁၀ သိန်းရဖို့ကိစ္စ မှာ မြူဟာ ဒေါက်တာတွေကို တစ်သောင်းစီပေးပြီး ပိတ်နိုင်မှာ မဟုတ်လား ဒေါက်တာရယ်"

"အဲဒါတွေက တွေးခေါ်ယူဆချက်တွေကိုး၊ တကယ့်တကယ် ကျွန်တော်တို့ ဘာကို သက်သေပြမလဲ"

ကျွန်တော်သည် ရင်မှင့်သွားမတတ် အသက်ပြင်းပြင်း ရှူမိ၏။ အဖြစ်က ဖြန်းခနဲ ရင်ကွဲထွက်သွားလျှင် ကောင်းပေမည်။

ကျွန်တော်ကိုယ်တိုင် မျက်မြင်ထက် ကျွန်တော်သည် ဘယ် သက်သေကို လိုက်၍ ရှာရဦးမည်နည်း။

"ကျွန်တော် မျက်စိနဲ့ တပ်အပ်မြင်တာကို ဘာလို့ သက်သေ မတင်နိုင်ရမှာလဲ၊ အို...တစ်ခု ကျွန်တော် သတိရပြီ။ ခုနေ သူ့ကို ကျွန်တော် ကွာရင် သူ ဘာမှရမှာ မဟုတ်ဖူး မဟုတ်လား"

"ဒါတွေကို ကျွန်တော့်လို ဆရာဝန်ထက် ဝတ်လုံတွေက ပို သိပါတယ် ဦးမြင့်မောင်၊ နက်ဖြန်မနက် ဝတ်လုံဦးအောင်သာ[illegible]ကို တိုင်ပင်ရအောင် ကျွန်တော် ခေါ်ခဲ့မယ်၊ တစ်ခုကလည်း ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးသမျှဆိုရင် ဗုဒ္ဓဘာသာ ဓမ္မသတ်အရ မိန်းမတစ်ယောက်မှာ အမြစ်မရှိဘဲ လင်က ကွာချင်ရင် ဒီမိန်းမနဲ့ ပစ္စည်းအရပ်ရပ်ကို ထားခဲ့ပြီး တစ်ကိုယ်ချင်း ဆင်းသွားရပါတယ်။ တစ်ခါတလေလည်း သရက်စေ့ထက်ခြမ်းကွဲ တစ်ယောက်တစ်ဝက် ပိုင်ဆိုင်ခွင့် ရှိပါတယ်"

"ဟင်...အဲဒါ ခက်တာပေါ့ ဦးမြင့်မောင်၊ ကျွန်တော်တို့ စဉ်းစားကြပါဦးမို့၊ နက်ဖြန် ဝတ်လုံကို ခေါ်လာမယ်၊ ခင်ဗျားလည်း နားဖို့ကောင်းပြီ၊ ခင်ဗျား အသက်ရှူပုံဟာ ပင်ပန်းလွန်းတယ်၊ ဆရာဝန်ကြီးတွေ ပြောသမျှ အသာနားထောင်ပြီး အကုခံလိုက်ပါဦး"

ခေါက်တာကို ခေါင်းညိတ်ပြလိုက်ရသော်လည်း ကျွန်တော့် ရင်ထဲတွင် မရှိတော့ပေ။ ခေါက်တာ တံခါးဝမှ ထွက်သွားလျှင် ဟစ်၍ငိုလိုက်ချင်၏။ မရှိသည့်အားများပင် လျော့ကျကာ ပုံလျက် သား လဲသွားသလိုပင် ကျွန်တော့်ကိုယ်ကို ကျွန်တော် ထင်မိ၏။ ကူမယ့်သူ မရှိတော့ဘဲ ရန်သူလက်တွင်းတွင် တစ်ယောက်တည်း ကျွန်ရစ်သလို အားငယ်မိပေသည်။ ကျွန်တော်သည် သံကုန်ဟစ်၍ ငိုကြွေးချင်သည်။ သို့သော် အပြင်မှ ပြတ္တာမနှင့် တစ္ဆေသူငယ်ကြီးများ ကြားမှာစိုး၍ တရှုံ့ရှုံ့နှင့်သာ ရှိုက်၍နေပေသည်။

❀

ဦးအောင်သာကျော် ပေးလိုက်သော ဝတ္ထုကို ဖတ်၍ ပြီးဆုံးပေပြီ။ အမှန်တော့ ဝတ္ထုသည် ဤနေရာတွင် ဆုံးဖို့ မဟုတ်ပေ။ ဘာ



လို့များ စာရေးသူသည် ဤနေရာတွင် ရပ်တန့်လိုက်သည်ကို ကျွန်မ မတွေးတတ်အောင် ဖြစ်၍နေပေသည်။

ကျွန်မ စာကြည့်မီးကို ပိတ်လိုက်၏။ အိပ်ရာထဲတွင် လဲလျောင်းရင်း ဝတ္ထုကိုပဲ တွေး၍နေမိပေသည်။ ဦးအောင်သာကျော် မေးခွန်းကိုလည်း ကျွန်မ ကြိုးစား၍ ဖြေကြည့်၏။ သို့သော် မှတ်တမ်းဟူ၍ပင် ခေါ်ရမည်လား၊ ဝတ္ထုဟူ၍ ခေါ်ခေါ်ရမည်လား ဆိုသည်ကိုလည်း ကျွန်မ မတွေးတတ်ပေ။ ဖတ်ပြီးမှ မေးစရာမေးခွန်းများသည် ကျွန်မ ခေါင်းထဲတွင် အလျှိုအလျှို ပေါ်၍လာပေသည်။ မှားခနဲ အိပ်ပျော်သွားသည့်အခိုက်အတန့်တွင် ဝတ္ထု၏ အဆုံးသတ်များကို အမျိုးမျိုးဆက်၍ ဖတ်ရ၏။ ကျွန်မ စိတ်မတင်မကျဖြစ်တိုင်း ကျွန်မ၏ အတွေးများ ဝတ္ထုကို အဆုံးသတ်ဟန် မရှိလေသည်။

တစ်ရေးနိုးလျှင် ကျွန်မသည် ထ၍ လျှောက်နေမိသည်။ ဤ ဓာတ်လမ်းကို ဖတ်ရသူ ကျွန်မပင် ဓာတ်လမ်း၏ ဓာတ်လိုက် ဦးမြင့်မောင်လို ရူးသွပ်သွပ်ဖြစ်သွားမည်ကို စိုးရိမ်မိပေသည်။

ဦးမြင့်မောင်လို ညှပ်ပူး ညှပ်ပိတ် အဖိစီးရသူတိုင်း အသက် ရှူရကြပ်ပေလိမ့်မည်။ ကျွန်မသည် မှန်ပြတင်းများကို အားလုံးဖွင့် လိုက်၏။ လေအေးများ ဝင်ရောက်လာမှ အသက်ရှူရ သက်သာသလို ဖြစ်ကာ အိပ်ရာပေါ်တွင် ပြန်လှဲနေရလေသည်။

ကြိုးစား၍ အိပ်နေစဉ် တစ်ခါမှ မမြင်ဘူးသည့် ဓာတ်လမ်းမှ မိချိုသည် လည်းကောင်း၊ ဖြူသည် လည်းကောင်း၊ ဦးမြင့်မောင် သည် လည်းကောင်း စိတ်မှန်းနှင့် တွေးထင်ထားသည့် သူတို့သဏ္ဌာန် များသည် မျက်လုံးထဲ၌ ဝိုင်းဝိုင်းလည်၍ နေကြပေသည်။

ဦးမြင့်မောင်ကို ကရုဏာသက်မိ၏။ သူ့အကြောင်းကို တွေး

www.burmeseclassic.com

www.burmeseclassic.com



ရှင်း ကျွန်မသည် စောလှူးဘုရင်ကို သတိရ၍နေပေသည်။ ကျွန်စေး သားမင်းက "မင်းဆိုးမင်းညစ်မှန်တို့လက်တွင် နေရစ်တော့"ဟု၍ ပစ်ထားခဲ့ချိန်တွင် စောလှူးကျွန်ရစ်သလို နောက်ဆုံးအခန်း၌ ဦးမြင့် မောင်တစ်ယောက်တည်း ကျန်ရစ်သည်ကို တွေး၍ သနားဏ်။

သို့သော် တကယ့်စေတနာရှင် ကျွန်စစ်မင်းလိုလူအပေါ် စိမ်းကားသလို၊ အထင်လွဲသလို မိချိုအပေါ် စိမ်းကားရက်သော ဦးမြင့်မောင်အဖြစ်ကို တွေးမိသောအခါတွင်မူ ဦးမြင့်မောင် ခံစားရသော ဝေဒနာသည် ဝဋ်လည်ခြင်းတစ်မျိုးပဲဟု၍ မှတ်ချက်ချမိပေသည်။

ဝတ္ထုအဆုံးသတ်တွင် ဒေါက်တာဆင်မြူရယ်သည် နောက်နေ့ ၌ ဝတ်လုံနှင့် တရားသူကြီးတစ်ယောက်ကို ခေါ်လာ၍ ဦးမြင့်မောင် ဖွင့်ဟပြောဆိုချက်များကို မှတ်ယူကြသည်။ ဦးမြင့်မောင်ကို တခြား အရေးပါသော ဆရာဝန်များနှင့် စမ်းသပ်သောအခါ ရူးသွပ်သော ဝေဒနာမရှိကြောင်း ထင်ထင်ရှားရှား တွေ့ရတော့သည်။

ထို့ကြောင့် ဦးမြင့်မောင်ဆန္ဒအတိုင်း လူကြီးစုံရာနှင့် ဒေါ်မြမြ အား ကွာရှင်းပစ်လိုက်သည်။ ကျွန်မ အဆုံးသတ် အတွေးထဲတွင် ဒေါ်မြမြကို ဒဏ်ခတ်လိုက်၏။

သို့သော် ငြိမ်းချမ်းလိုသော သဘောက ကျွန်မစိတ်ကို ကြီး စိုးလာသောအခါတွင် ကျွန်မသည် ဝတ္ထုအဆုံးသတ်ကို ငြိမ်းငြိမ်း ချမ်းချမ်းနှင့် ပြီးဆုံးချင်ပြန်သည်။

ဤဒုတိယအဆုံးသတ်တွင် ဦးမြင့်မောင်သည် တကယ်ပင် ရူးသွပ်၍နေပေသည်။ ကာလကြာမြင့်စွာ အိပ်ရာထဲတွင် လဲနေရုံမက လှုပ်ရှားမှုမရှိအောင် အကြောသေရောဂါ စွဲကပ်နေသောကြောင့် တစ် နေ့နေ့တွင် မြသည် သူ့အား စွန့်ခွာ၍ သနွာဖောက်သွားလိမ့်မည်



ဟု အမြဲထင်မြင်ယူဆနေပေသည်။ ထိုဥပါဒ်ခံနက သူ့စိတ်ကို စွဲ ငြိမ်လွှန်းသောအခါ မြအပေါ်တွင် ထင်ယောင်ထင်မှားဖြစ်လာ၏။ ရက်ချွတ်နှင့် မျောက်မွေးခန်းမှာ နောက်ဆုံးသော ဦးမြင့်မောင်၏ ဂယောင်ချောက်ချားဖြစ်မှုတစ်ခုသာ ဖြစ်နေတော့သည်။ စိတ်ရောဂါ အထူးကုဆေးရုံ ဆရာဝန်ကြီးများနှင့် သေချာစွာ ကုသသောအခါ ဦးမြင့်မောင် ရောဂါပျောက်ကင်း၍သွားတော့သည်။ ဦးမြင့်မောင် သည် သံသယကင်းရှင်းသွားကာ ဒေါ်မြမြနှင့် ငြိမ်းချမ်းစွာ ပေါင်းသင်းသွားကြတော့သည်။ ဤအဆုံးသတ်က ငြိမ်းချမ်းလိုသော သဘောဖြစ်၏။

သို့သော် ဤမှတ်တမ်းမှာ ကျွန်မရေးသော ဝတ္ထုမဟုတ်။ ကျွန်မဝတ္ထုများကိုသာ ကြိုက်သလို အဆုံးသတ်နိုင်မည် ဖြစ်သော် လည်း ဤမှတ်တမ်းကိုမူ ကျွန်မ မစိုးမပိုင်ပါ။ သူ့ကာယကံရှင်သည် သူ့ မှတ်တမ်းအား ဘယ်လိုအဆုံးသတ်လိမ့်မည်ဟု၍ ကျွန်မ မသိရပါ။

ကျွန်မ သန်းခေါင်ယံအတွေးများကဲ့သို့ အဆုံးသတ်သည်ကို ကာယကံရှင်က လက်ခံလိုမှ လက်ခံလိုပေမည်။

မှတ်တမ်းရေးသူသည် နောက်နေ့တွင် ဝတ်လုံ ဒေါက်တာများ နှင့် တွေ့ပြီး ဘယ်လိုများ ဖြစ်ပါလိမ့်။ ဘာကြောင့်များ အဆုံး သတ်ကို ဆက်မရေးပါလိမ့်။

ကျွန်မ စိတ်ဝင်စားသော တိုက်အိမ်ပြာကြီးအကြောင်းမှာ လည်း ဤမှတ်တမ်းထဲတွင် မပါပေ။ သို့သော် ဦးမြင့်မောင်နေသော အိမ်သည် ၁၂ ရာသီ မပြတ်ပွင့်သော ပန်းတို့ဖြင့် သင်းပျံ့လျက် ရှိသည်ဟု ဆိုပြန်၏။

ဦးအောင်သာကျော်သည် တရားစွဲလိုသည် ဆိုသူကား ဘယ်သူ

www.burmeseclassic.com



များပါလိမ့်။ ဘယ်သူ့ကိုများ ဒေါသထွက်နေကြပါလိမ့်။

နက်ဖြန်တွင် ဦးအောင်သာကျော်နှင့် တွေ့လိုက်ပါက ပြဿနာအရပ်ရပ် ဖြေရှင်းသွားမည်ပင် ဖြစ်ပေသည်။ ယခု ညည့်သန်းခေါင်တွင် ကျွန်မသည် စိတ်ချောက်ချားဖွယ်နှင့် ဤမှတ်တမ်းအကြောင်းကို တွေးတောနေဖို့မလိုပေ။ သို့သော် စိတ်များသည် မှတ်တမ်းထဲတွင် လိုက်ပါရောယှက်နေကြပေသည်။ မတရားသည့်သူကို မတရားသလို ဖြစ်လိုက်စေချင်၏။ တရားသူကို တရားသလို ခံစားစေချင်သည်။ မဖန်တီးနိုင်ခြင်း၊ အစိုးမရနိုင်ခြင်းဟူသော အနတ္တသဘောတို့ကိုပင် ကျွန်မသည် မေ့လျော့၍ နေပါပကော။

❀

နောက်နေ့နံနက် ကျွန်မ နိုးလာချိန်တွင် ခေါင်းများ မူးဝေ၍လုက နွမ်းနေပေသည်။ ရုံးမတက်ခင် ဦးအောင်သာကျော်ထံမှ ညနေတွင် ဒေါက်တာဆင်မြူရယ်နှင့်အတူ ကျွန်မထံ လာမည့်အကြောင်း အကြောင်းကြားစာရပေသည်။

ကျွန်မ ရုံးသွားချိန်တွင် မိုးစိပ်စိပ်ရွာနေ၍ ပတ်ဝန်းကျင်မှာ အေးမြနေပေသည်။ တိုက်အိမ်ပြာကြီးရှေ့မှ မြေနီလမ်းကို ဖြတ်သန်းသွားသောအခါ စကားဝါပန်းရနံ့သည် မိုးသက်လေနှင့်အတူ ရောနှော၍ ပါလာလေသည်။ တိုက်အိမ်ပြာကြီး၏ အပေါ်ထပ်မှန်ပြတင်းများသည် ပိတ်မြဲပိတ်လျက် ရှိသည်။ အောက်ထပ်တွင်မှ ပြတင်းများအားလုံး ဖွင့်လျက် ရှိပေသည်။

ညနေရုံးဆင်းချိန်တွင် ရေငွေ့ပါသောကြောင့် လေမှာ အေးနေသော်လည်း နေရောင်ခြည် ဝါဖျော့ဖျော့မှာ မြက်ပင်စိမ်းလေးများပေါ်တွင် ထွေးထွေးနွေးနွေး ကျရောက်နေပေသည်။

တိုက်အိမ်ပြာကြီး၏ မှန်ပြတင်းများပေါ်သို့လည်း နေခြည်မှာ ညွှတ်ပြောင်း၍ ကျနေပေသည်။ စကားဝါပင်ကြီး၏ ထိပ်များသည် နေရောင်ခြည်ဖြင့် ရွှေရောင်တောက်နေသလို ထင်ရပေသည်။

အနောက်တွင်မှ မဲနေသော မိုးသားကို ဖောက်၍ နေရောင်ခြည်သည် ကောင်းကင်နှင့် မြေကြီးအား ရွှေလမ်းခင်းသလို မြေသို့ထိတွေ့ လျှောကျနေပေတော့သည်။ တိုက်အိမ်ပြာကြီး၏ အပေါ်ထပ် မှန်ပြတင်းများသည်လည်း ဖွင့်နေလေသည်။ အနောက်ဘက်ပြတင်းများကို ဖြတ်ကျော်၍ နေရောင်ခြည်များသည် အိမ်ထဲသို့ဝင်ရောက်နေပေလိမ့်မည်ဟု ကျွန်မသည် မဆီမဆိုင် တွေး၍လာလေသည်။

အိမ်ရောက်လျှင် ဦးအောင်သာကျော်နှင့် ဒေါက်တာဆင်မြူရယ်ကို အမေနှင့်အတူ တွေ့ရသည်။ အမေသည် နေသာ၍ အိမ်ရှေ့ မြက်ခင်းပေါ်၌ သူတို့အား ဧည့်ခံထားပေသည်။ ကုလားထိုင်လေးလုံးအလယ် စားပွဲပေါ်တွင် ထန်းလျက်ခဲများ၊ လက်ဖက်ရည်ကြမ်းများကို တွေ့ရလေသည်။

ကျွန်မသည် ရေချိုးဖို့ ထမင်းစားဖို့ကို အားလုံး မေ့လျော့သွား၏။ သူတို့ဝိုင်းထဲသို့ ဝင်ရောက်ထိုင်လိုက်လေသည်။

"ဟောဒါ ဒေါက်တာဆင်မြူရယ်ပဲ ခင်ယု"

ဦးအောင်သာကျော်က မိတ်ဆက်ပေးလိုက်လျှင် ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



သည် ကျွန်မကို မတ်တတ်ရပ်၍ လေးစားသောအနေနှင့် နှုတ်ဆက်လိုက်သည်။ ဒေါက်တာဆင်မြူရယ်ဆိုသော်လည်း အိန္ဒိယတိုင်းရင်းသားတစ်ယောက် ဖြစ်ဟန်ရှိသည်။ ဒေါက်တာ့မျက်နှာသည် ပြုံး၍အေးချမ်းပုံမရပေမယ့် သူ့မျက်လုံး ဝိုင်းဝိုင်းတောက်တောက်နှင့်ကားသောမေးရိုးများက မဟုတ်မခံလိုစိတ်ကို ဖော်ပြနေသလို ဖြစ်နေပေသည်။ နှာတံသည် မြင့်မား၍နေသော်လည်း တချို့အိန္ဒိယတိုင်းရင်းသားများကဲ့သို့ အရုပ်ဆိုးလောက်အောင် မို့မောက်၍မနေပေ။

"အန်ကယ် မှတ်တမ်းကို ဖတ်ပြီး ကျွန်မ ညက အိပ်လို့မပျော်ဘူး"

ကျွန်မသည် သူတို့နှစ်ယောက်လုံးအား ကြည့်၍ ပြောလိုက်၏။

"မင်းက ဒါကို မှတ်တမ်းလို့ ဆုံးဖြတ်လိုက်ပြီလား"

ဦးအောင်သာကျော်သည် ကျွန်မကို မေးခွန်းထပ်၍ မေးလိုက်ပြန်၏။

"ဒီစာတွေထဲမှာပါတဲ့ ဒေါက်တာဆင်မြူရယ်ဟာ ဝတ္ထုရေးဆရာဖန်ဆင်းတဲ့လူ မဟုတ်ဘဲ အပြင်မှာ တကယ်ရှိနေတယ်ဆိုတော့ ဒါဟာ စိတ်ကူးယဉ်ဝတ္ထုတစ်ခု မဖြစ်နိုင်တော့ဘူး ထင်တယ် အန်ကယ်။ ဒါကြောင့် မှတ်တမ်းလို့ ကျွန်မ ပြောတာပါ"

"ဟုတ်ပါတယ် တကယ်တော့ ဦးမြင့်မောင် ရေးခဲ့တဲ့ မှတ်တမ်းပါပဲ ဒေါ်ခင်ယု"

ဒေါက်တာသည် ဝန်ခံစကား ပြောလိုက်လျှင် ကျွန်မသည် သူ့စကားအား သံသယရှိသွားပြန်သည်။

"ဦးမြင့်မောင်ရေးတာဆိုရင် သဘာဝမကျတာတစ်ခု ရှိတယ်။ သူ့မိန်းမကို ရုစ်ချတ်နဲ့ အတူတွေ့ပြီး ခေ့လဲအသွားမှာ ရောက်ပါ ပြန်



သတယ်လို့ဆိုတယ်၊ လက်တွေ မလှုပ်နိုင်ဘူးဆိုရင် ဘယ်လိုလုပ်ပြီး ဒီလူဟာ နောက်ပိုင်း မှတ်တမ်းကို ဆက်ရေးသလဲ"

ကျွန်မသည် နံဘေးကပ်လိုလို တရားသူကြီးတစ်ယောက်လိုလို ဒေါက်တာကို မေးခွန်းထုတ်မိ၏။

"အဲ...ဟုတ်ပါတယ် ဒေါ်ခင်ယု၊ ဒါကို ကျွန်တော် ပြောပြဖို့ အများကြီး ရှိပါတယ်။ နောက်ပိုင်း ဆက်ရေးတဲ့ လက်ရေးဟာ ဦးမြင့်မောင် လက်ရေးမဟုတ်ပါဘူး။ သူက ဦးသာအောင်ကို ပြောပြလို့ ဦးသာအောင်က လိုက်ရေးရပါတယ်။ အဲဒါကိုလည်း ဦးသာအောင်က ဖွင့်ပြောပါတယ်။ စာတွေမှာလည်း လက်ရေးချင်း မတူတာကို ဒေါ်ခင်ယု သတိပြုမိမှာပေါ့"

ဒေါက်တာသည် ပြေလည်စွာ ရှင်းပြ၏။ ငြိမ်သက်နေသော ဦးအောင်သာကျော်သို့ မေးခွန်းများ မေးလိုပြန်၏။

"အန်ကယ်က ဒီမှတ်တမ်းကို မှတည်ပြီး ဘယ်သူ့ကို တရားစွဲမှာလည်း ဒီမှတ်တမ်းက အိမ်ပြာကြီးနဲ့ ဘယ်လို ဆက်နေလဲ"

"သူ့အိမ်က မှန်ပြတင်းတွေ ပြာတဲ့အကြောင်းတော့ ဒီလူက အသေးစိတ် ဂရုမစိုက်ပါဘူးကွယ်။ အမှန်တော့ တိုက်အိမ်ပြာကြီးရဲ့ ပိုင်ရှင်ဟာ ဦးမြင့်မောင်ပဲ။ တရားစွဲချင်တာကတော့ ဒေါက်တာဆင်မြူရယ်က တရားလိုလုပ်ပြီး ဒေါ်မြူမြူကို စွဲချင်လို့တဲ့"

"ဟင်"

ကျွန်မသည် အံ့သြသွားပြန်သည်။ ဒေါက်တာကမူ ကုလားထိုင်လက်ရန်းကို လက်ချောင်းကလေးများနှင့် တခေါက်ခေါက်ခေါက်ရင်း ကျွန်မ မျက်နှာကို စိစိကြည့်၍နေလေသည်။

"ဒီဒေါက်တာက မဆီမဆိုင် သူများလင်မယားကြားသာလို့

www.burmeseclassic.com



ဝင်ရှုပ်ပါလိမ့်"

ဟု ကျွန်မစိတ်ထဲမှ တွေးနေမိလေသည်။ ဒေါက်တာသည် ရုတ်တရက် ကျွန်မ အတွေးကို သိလေသလား မသိ၊ သူသည် စကားစ၍ ပြောပြလေသည်။

"အမှန်တော့ ဒေါ်ခင်ယုက ဒီတိုက်အိမ်ပြာကြီးကို စိတ်ဝင်စားနေတယ်ဆိုလို့ ဒီမှတ်တမ်းဟာ ဒေါ်ခင်ယုလက်ထဲ ရောက်လာရတာကိုး။ ပထမဆုံးကတော့ ဥပဒေသဘောအရ ဒေါ်ဖြူဖြူကို တရားစွဲနိုင် မစွဲနိုင် ဦးအောင်သာကျော်နဲ့ လာပြီး တိုင်ပင်တာပါ"

ဒေါက်တာသည် မှတ်တမ်းများကို လှမ်းယူ၍ တစ်ရွက်စီ ဟိုကျော်သည်ကျော် လှန်လိုက်၏။ ကျွန်မ စိတ်ထဲတွင် ကာယကံရှင်ဖြစ်သော ဦးမြင့်မောင်က ဒေါ်ဖြူဖြူကို တရားစွဲလိုက်လျှင် ဒီကိစ္စမှာပြီးနေပြီဟု တွေးမိ၏။ ဒေါက်တာသည် နောက်ဆက် ခပ်ကျကျစာရွက်များကို ကြည့်၍ စကားကို ဆက်ပြန်သည်။ သူ ပြောပုံဟန်သည် လေးလေးအေးအေးနှင့် မင်းသားကြီးဟန်ပေါက်နေပေသည်။

"အမှန်ကတော့ ဦးမြင့်မောင်က သစ္စာမရှိတဲ့ မိန်းမကို တရားစွဲပြီး ကွာလိုက်ဖို့ပဲ ရှိတယ်မဟုတ်လား ဒေါ်ခင်ယုရယ်။ ဒါပေမယ့် အဲဒီမှတ်တမ်းက အဲဒီလို အဆုံးမသတ်ဘူးခင်ဗျာ"

ဒေါက်တာသည် စကားကို စိတ်ပါဝင်စားဖွယ်ကောင်းအောင် ပြော၍လာသည်။ ဦးအောင်သာကျော်ကမူ ဆေးတံကြီးကို ခဲ၍ မိန်းကာ ကုလားထိုင်နောက်မှီကို ခေါင်းတင်၍နေပေသည်။

"ဟုတ်ပါရဲ့ မှတ်တမ်းကလည်း တစ်ဝက်တစ်ပျက်မှာ ရပ်နေတယ်"



ကျွန်မသည် စကားထောက်လိုက်၏။

"ဟုတ်ပါတယ် အဖြစ်ကတော့ အမှားဆိုရမှာပေါ့။ လူ့ရဲ့ လက်စားချေလိုစိတ်နဲ့ ခွင့်လွှတ်တဲ့စိတ် နှစ်ခုရဲ့ အပြိုင်သဘောလို့ ဆိုပေမယ့် အခါခပ်သိမ်း ကျွန်တော့်စိတ်ဟာ ကြင်နာငဲ့ညှာတဲ့ စိတ်ထားဝစဉ် မရှိဘူးလို့ ကျွန်တော် ဝန်ခံရပါ့မယ်။ နောက်ဆုံးနေ့ ဦးမြင့်မောင်နဲ့ ကျွန်တော်နဲ့ တွေ့ကြတော့ သူ့ဘဝဟာ အတော်ဆိုးနေပြီ။ သူ့လက်တွေကို ကျွန်တော် ကိုင်မချိန်မှာတောင် သူ့လက်များလေးတွေဟာ တုန်နေတယ်။ စိတ်ဆောင်လို့ စကားပြောနေပေမယ့် သူ့ရင်အုံဟာ အားယူပြီး အသက်ရှူနေရတာကို မြင်နေတယ်။ သူ့စကားတွေထဲမှာ နောက်တအကြောင်းတော့ တိုက်ရိုက်ကြီး ဖော်မပြပေမယ့် မိချို ကြိုးစားခဲ့တဲ့အကြောင်း သူ့အပေါ်မှာ အရှင်သခင်လို သစ္စာရှိတဲ့အကြောင်းတော့ ပြောပါတယ်။ ဖြူ လင်ငယ်နေတဲ့ အကြောင်းလည်း စိတ်မချမ်းမသာနဲ့ ပြောနေတယ်။ အဲဒီအခါမှာ ကျွန်တော့် စိတ်ဟာ သူ့ကို သနားနေတယ်လို့ ထင်သလား"

ဒေါက်တာက စကားပြောရင်းမှ မေးခွန်းဖောက်၍ မေးပြန်၏။ ကျွန်မသည် ဘာကိုမှ မဖြေတတ်ပေ။

"မသနားဘူး၊ နည်းနည်းမှ သနားလို့ မရဘူး။ ဒီလူကို ကျွန်တော် ရွံတယ်၊ မုန်းနေတယ်၊ အဲဒါကို ဒီနေရာမှာ ကျွန်တော်ဟာ ဆရာဝန်စိတ်မရှိတဲ့ သဘောပြနေတာပေါ့။ ကျွန်တော်က မိချိုရဲ့ကိုယ်စားလှယ်လို အလိုအလျောက်ဖြစ်နေတယ်။ ဒီလူကို မုန်းတယ် ချဉ်နေတယ်။ ဘဲ့နဲ့ဗျာ နောက်ဆုံးအသက်ကို ထွက်ပြီး ဘုံးဘုံးလဲအောင်လုပ်ပေးခဲ့တဲ့ လူကျတော့ ဘဝသက်တမ်းမှာ အမှတ်တရား လေးဖြစ်အောင်တောင် မပြုစုခဲ့ဘူး ဆိုပါတော့၊ သူ့အပေါ်မှာ ရုပ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ချိုင်းချမယ့်သူကျတော့ အားလုံး ပုံအပ်ပြီး ခြေရင်းမှာ ဝပ်နေလိုက်တာ မပြောချင်တော့ဘူး။ ကျွန်တော်က မချိုအဖေရှိကတည်းက အိမ်ဆရာဝန် ဖြစ်နေလေတော့ မချိုကို နမသားချင်းလို စောင့်ရှောက်ခဲ့တယ်။ လက်ထပ်ပြီး ဒီအိမ်မှာ အပ်ကျတာကအစ ကျွန်တော် သိခဲ့ပါတယ်။ ကျန်းမာရေးဆိုလည်း ကျွန်တော် စောင့်ရှောက်ခဲ့တာပါပဲ။ ဒီတော့ မချိုအပေါ် ဒီလူဆက်ဆံပုံတွေကို ကျွန်တော် ရင်နာနေတာကြာပြီ။ မချို သေသွားပြီးကတည်းကပဲ သူတို့အိမ်ကို ခြေဦးမလှည့်ပါဘူး"

"အဲဒီနေ့ကတော့ သူခေါ်တယ် အရေးကြီးတယ်ဆိုလို့ သွားတာပေါ့။ သူ့စကားတွေကို ခပ်ပေါ့ပေါ့ပဲ ကျွန်တော် နားထောင်နေတယ်။ ဒီလူမျိုး ဒီလိုထိတာပဲ ကောင်းတယ်လို့ ကျွန်တော် စိတ်ထဲက မှတ်ချက်ချနေတာပေါ့။ နောက်နေ့လဲ ထပ်ပြီးသွားဖို့ မစိစဉ်တော့ဘူး"

နောက်အခန်းများတွင် ဒေါက်တာသည် သူ၏ စိတ်ပြောင်းလဲသွားပုံကို ဤသို့ ရှင်းပြသည်။

⊛

ဦးမြင့်မောင်အိမ်မှ ပြန်သွားပြီးနောက် ဒေါက်တာစိတ်သည် ကျေနပ်နှစ်သိမ့်၍နေပေသည်။ ရန်သူတစ်ယောက်ကို လက်စားချေလိုက်ပြီးသလို စိတ်၌ ခံစား၍နေမိပေသည်။



သူ့စိတ်များသည် တွေးရင်းတွေးရင်း တဖြည်းဖြည်း ပြောင်းလဲ၍လာလေသည်။ သူသည် ဦးမြင့်မောင်အား သူ၏ ရန်သူအစစ်ကြီးလို ပထမဆုံး သတ်မှတ်ထားခဲ့၏။ ဦးမြင့်မောင်၏ မကောင်းမှုတို့က ဦးမြင့်မောင်အား ပြန်၍ အကျိုးပေး ဒဏ်ခတ်ပေပြီဟု ကျေနပ်ခဲ့၏။

သို့သော် နောက်ဆုံးအတွေးတွင်မှ ဦးမြင့်မောင်သည် တကယ် လက်စားချေရန် ရန်သူတစ်ယောက် မဟုတ်တော့ပေ။ ဒေါက်တာ မြတ်နိုးသော မချို၏ ကြိုးပမ်းခဲ့သမျှအား အကျိုးခံစားရမည့်သူမှာ မဖြူဖြူဖြစ်၏။ ဦးမြင့်မောင် ဒုက္ခရောက်ခြင်းအားဖြင့် ဖြူ ကောင်းစားဖို့သာ ဖြစ်၍လာမည်ကို တွေးမိပြန်သည်နှင့် တစ်ပြိုင်နက် သူ၏ စဉ်းသည် ဖြူဖြူဘက်သို့ လှည့်ခဲ့သည်ဆိုသည်၊ ဖြူ သစ္စာမဲ့ပုံကို ထုတ်ဖော်ဖို့ အရေးကြီးသည်။ ဦးမြင့်မောင်သည် ဖြူအား အမြန်ဆုံး ကွာရှင်းပစ်ခြင်းအားဖြင့် ပြဿနာရှင်းသွားမည် ဖြစ်၏။ ဖြူဖြူအား ဒေါက်တာသည် ဒဏ်ခတ်ချင်လာသည်။ မနာလို မရှုစိမ့်လာသည်။

မချိုနှင့် ဦးမြင့်မောင်တို့ ခုဖုံးကရွေး ခြေမကျအထိ ကြိုးစားခဲ့ရသောပစ္စည်းပုံပေါ်တွင် ဖြူဖြူ ခံစား၍ မကျန်ရစ်ခဲ့စေလိုပေ။

ဤအချိန်၌ ဒေါက်တာတွင် မည်မျှ လက်စားချေလိုစိတ် မနာလိုစိတ် ပြင်းပြနေသည်ကို သေချာစွာ ပြော၍ပြ၏။ သို့သော် သူ့ မနာလိုစိတ်သည် ဖြူသို့ ဦးလှည့်၍သွားလေသည်။ ထိုအခါကျမှပင် ဦးအောင်သာကျော်ကို ခေါ်၍ နောက်တစ်နေ့တွင် ဦးမြင့်မောင်အား သွားတွေ့ရန် ဆုံးဖြတ်လိုက်လေသည်။ တရားဥပဒေအရ ဖြူနှင့် ဦးမြင့်မောင်တို့ ကွာရှင်းပြီးလျှင် မချို ရှာခဲ့သော ပစ္စည်းသည်

www.burmeseclassic.com



သစ္စာမဲ့သူ ခံစားဖို့ ဖြစ်လာတော့မည် မဟုတ်တော့ဟု၍ ဒေါက်တာသည် ကျေနပ်နှစ်သိမ့်ပြန်လေသည်။

ထိုအချိန်တုန်းက သူသည် တိုက်ပွဲတွင် ဦးစီးသော ဗိုလ်မှူးကြီးတစ်ယောက်လိုပင် ဘယ်ရန်သူသည် အရေးကြီးဆုံးဖြစ်၍ အရင်ဖြတ်ချေပစ်ရမည်ကို အထူးစဉ်းစားသည်ဟု ဒေါက်တာ ဆိုပေသည်။

ထိုတိုက်ပွဲတစ်ပွဲတွင် တိုက်နည်း၊ ခိုက်နည်း၊ စစ်ဆင်နည်းသည် အရေးကြီးသလိုပင် ရန်သူကို ခွဲခြားသည့် နေရာ၊ အရင်မည်သူကို တိုက်ပစ်ရမည်ဟု ရွေးချယ်သည့်နေရာ၌လည်း အရေးကြီးသည်ဟု ဒေါက်တာက ဆိုပြန်သည်။

"ဥပမာဆိုပါတော့ဗျာ၊ ကျွန်တော် ရည်ရွယ်ချက်ကတော့ မချို အပင်အပန်းရှာလာခဲ့တဲ့ ပစ္စည်းကို သစ္စာမဲ့သူ မခံစားစေချင်ဘူး။ ပြီးတော့ မချိုကို သိမ်နိုက်ခဲ့တဲ့သူကိုလည်း ဒုက္ခရောက်စေချင်တယ်။ ဦးမြင့်မောင်ကို ဒုက္ခရောက်စေချင်တဲ့သဘောက သိပ်ပြီး ကြီးစိုးပြီး ဦးမြင့်မောင် ဒုက္ခရောက်အောင် ကျုပ်က အပြတ်တိုက်လိုက်ရင် ဒီနေရာမှာ မဖြူဖြူ ထကဖို့ ကျုပ်က လမ်းခင်းပေးသလို စစ်ဆင်ပေးသလို ဖြစ်မနေပေဘူးလားဗျာ။ ဒါကြောင့် ကျုပ်က မိုးလင်းခါနီးမှ ကျုပ်ရဲ့ စစ်ဆင်ရေးမှာ ပထမဆုံးရန်သူဟာ မဖြူဖြူလို့ ဆုံးဖြတ်လိုက်တာပေါ့"

ကျွန်မသည် အံ့သြဖွယ်ကောင်းသော ဒေါက်တာ၏စကားကို ပါးစပ်အဟောင်းသားနှင့် နားထောင်၍နေမိသည်။

"ဒါပေမယ့် ဒီမုတ်တမ်းဟာ ရှေ့ဆက်မရေးတဲ့အကြောင်းက ဒီလိုဖြစ်လာတယ်၊ နောက်နေ့မနက် ၁၀ နာရီခွဲလောက် ဦးအောင်သာကျော်နဲ့အတူ ကျုပ်တို့ ဦးမြင့်မောင်ဆီ သွားကြတော့ ဦးမြင့်မောင်



တစ်ယောက် အနိစ္စရောက်နေတော့တယ်"

"ဟင်"

သုံးယောက်စကားပြောနေသည့်အထဲတွင် ကျွန်မသည် ဦးမြင့်မောင်ဆုံးကြောင်းကို ကြားလျှင် အတုန်လှုပ်ဆုံးဖြစ်၍သွားသည်။

"ကျွန်တော်နဲ့ ဦးအောင်သာကျော်ကို မဖြူဖြူက ဦးမြင့်မောင် အိပ်ခန်းထဲကို ခေါ်သွားတယ်။ ပထမနေ့ ကျွန်တော်တို့ နှစ်ယောက် စကားပြောခဲ့တဲ့ ခုံပေါ်မှာပဲ သူ့အလောင်းကို ပြင်ထားတယ်။ အလောင်းပြင်ထားပုံက မြန်မာမဆန်ဘူး၊ အခန်းထဲကို ဝင်သွားရတာကိုက စိတ်အားငယ်စရာကောင်းတယ်။ ဦးမြင့်မောင် ကိုယ်ပေါ်မှာ ဘန်ကောက်လုံချည်အနက်ကို လွှမ်းထားပြီး မျက်နှာကို ဇာပဝါအဖြူပါးပါးလေး လွှမ်းထားတယ်။ အခန်းထဲမှာ ဓာတ်မီးအပြာရောင်တစ်လုံးတည်း ထွန်းထားတော့ အခန်းကြီးဟာ မှုန်မှိုင်းမှိုင်းဖြစ်နေတယ်။ ခုတင်ခေါင်းရင်းမှာတော့ စားပွဲထားတယ်။ အဲဒီစားပွဲပေါ်မှာ နှင်းဆီပန်းတစ်အိုးနဲ့ ကျောက်ဖယောင်းတိုင် အဖြူကြီးကို ထွန်းထားတယ်။ ကျွန်တော့် မျက်စိထဲမှာတော့ မသာပြင်ပုံဟာ ဘိုဆန်နေတာပဲ။ အခန်းထဲကို ဝင်သွားရကတည်းက စိတ်ချောက်ချားစရာ ဖြစ်နေတာကိုး။ ဖယောင်းတိုင်မီးရောင်ဟာ ဦးမြင့်မောင် မျက်နှာပေါ်ကို ကျနေတယ်။

အသားလေး မျက်နှာပေါ်က ဇာပဝါကို ဆွဲပြီး ကျွန်တော် ကြည့်လိုက်တော့ စိတ်ထဲမှာ တော်တော် မချမ်းမသာ ဖြစ်သွားတယ်။ ဒေါက်တာဘဝနဲ့ သေသူ့မျက်နှာတွေ အမျိုးမျိုးကြည့်ရပေမယ့် ဦးမြင့်မောင်မျက်နှာကို မြင်ရသလို ကျွန်တော် စိတ်မချောက်ချားမိဘူး။ သူ့မျက်နှာက မသေခင် အတော်ကို အားငယ်ပြီး တစ်ခုခုကို

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အထူးကြောက်ရွံ့နေတဲ့ပုံ ပေါ်နေတယ်။ မချို ဆုံးခါစမျက်နှာဟာ အံကြိတ်ပြီး တင်းနေသလောက် သူ့မျက်နှာက အားငယ်သိမ်ငယ်စိတ် လျှော့နေတယ်။ ခင်ဖျားတို့ကတော့ ထင်မှာ၊ သေပြီးတဲ့နောက် လူဟာ ပုံပြီး ကျသွားမှာပဲလို့ ထင်မှာပဲ။ အသွေးအသား အကြောတွေကတော့ ရပ်ဆိုင်းသွားတာပေါ့။ မျက်နှာကတော့ အသက်ထွက်ခါနီး နောက်ဆုံးခံစားရတဲ့ စိတ်ရဲ့ သွင်ပြင်ဟာ မျက်နှာမှာ ကျန်ရစ်ခဲ့တယ်လို့ ကျွန်တော်က ယူဆတယ်။ တချို့ သေဆုံးသွားသူတွေရဲ့ မျက်နှာတွေဟာ အင်မတန် ချမ်းငြိမ်းပြီး ကြည်နူးရတယ်"

ဒေါက်တာ၏စကားကို ထောက်ခံသလို ဦးအောင်သာကျော်သည် ခေါင်းတညိတ်ညိတ်လုပ်၍ နေပေသည်။ ကျွန်မစိတ်ထဲတွင်တော့ ဒေါက်တာ၏ ထူးဆန်းသော ပုံသည် ဘယ်နေရာတွင် ဆုံးမည်လဲဟု၍ တထိတ်ထိတ်ဖြစ်၍ နေပေသည်။ ဒေါက်တာသည် မှော်ဆရာကြီးများလို မျက်လုံးအား တစ်နေရာစိုက်၍ ကြည့်ကာ ဆက်ပြောပြန်သည်။

"မြူကလည်း မိုးလင်းခါနီးလောက်မှာ ဦးမြင့်မောင် ဆုံးတဲ့အကြောင်း ပြောပြတယ်။ သူလည်း ကိုယ်ဝန်ကြီးနဲ့ အတော်အားငယ်နေပုံပေါက်ပါတယ်။ စည်သည်တွေ များလာတာနဲ့ ကျွန်တော်တို့ နှုတ်ဆက်ပြီး ကားပေါ်တက်မယ်အလုပ် မချို လူယုံတော်ကြီး ဦးသာအောင်ဟာ ကားဘေးမှာ ရောက်လာတယ်။ သူ့ကို ဦးမြင့်မောင်က မသေမီ စာရွက်စာတမ်းတွေ ပေးခဲ့ကြောင်း အဲဒါတွေကို ဦးမြင့်မောင်သေရင် ကျွန်တော့်လက်ထဲထည့်ဖို့ မှာခဲ့တယ်ဆိုပြီး အဲ... ဒေါ်ခင်ယုဖတ်တဲ့ မှတ်တမ်းကို ဦးသာအောင်က ပေးသွားတာပါပဲ"



"ဒီလိုဆိုရင် ဒေါ်မြူမြူကို တရားစွဲဖို့ကိစ္စမှာ ဦးမြင့်မောင် ဆုံးသွားတာနဲ့ ဒီနေရာတင် အဆုံးသတ်သွားတာပေါ့"

ကျွန်မသည် ဒေါက်တာ၏ နိဂုံးချုပ်ကို သိလိုစောနှင့် မေးလိုက်၏။

"မဟုတ်ဘူး မခင်ယုရေ အပြီးမသတ်ဘူး"

ဦးအောင်သာကျော်သည် ဆေးတံကြီး ပါးစပ်မှ ချွတ်၍ ဝင်ပြောလိုက်၏။

"ဒေါက်တာဆင်မြူရယ်က တရားလိုလုပ်ပြီး ဒေါ်မြူမြူကို ဦးမြင့်မောင် သေဆုံးပြီးတဲ့နောက် တရားစွဲချင်တယ်တဲ့၊ သက်သေက ဒီမှတ်တမ်းအရ ဦးမြင့်မောင် မသေခင်ကတည်းက မျောက်မွေးသူနဲ့ ဦးမြင့်မောင် ပစ္စည်းအရပ်ရပ် အမွေမခံထိုက်ဘူးလို့ စွဲချင်တဲ့သဘောပဲ"

"ဟုတ်တယ် ဒေါ်ခင်ယု မချို ကြိုးပမ်းပြီး ရှာခဲ့သမျှ ပစ္စည်းကို ကျွန်တော်က ပြည်သူအများနဲ့ ဆိုင်တဲ့ နေရာတွေမှာသာ သုံးချင်တာပေါ့"

ဒေါက်တာက သူ့စိတ်ကူးကို ဖွင့်ပြောသည်တွင် ကျွန်မနှုတ်ခမ်းများသည် အလိုလို ပြုံး၍လာသည်။

"အဲဒီကိစ္စတွေဟာ မင်း အင်မတန် စိတ်ဝင်စားတဲ့ တိုက်ပြောကြီးမှာ ဖြစ်ပျက်ခဲ့တာမို့ မင်းကို ဖတ်ခိုင်းတာပဲ။ ပြီးတော့လဲ ဥပဒေသဘောတော့ မဟုတ်ပါဘူး။ ဒါပေမယ့် တို့အချင်းချင်း ဆွေးနွေးပြီး ဒီစာတွေဟာ စိတ်ကူးယဉ်ဝတ္ထုပဲလား၊ တကယ့်မှတ်တမ်းပဲလား။ မင်း စိတ်ထဲ ဘယ်လိုထင်သလဲဆိုတာ အန်ကယ်က သိချင်တာပါပဲ။ ဘာဖြစ်လို့လဲဆိုရင် ဒီမှတ်တမ်းကို သက်သေထုပ်

www.burmeseclassic.com

www.burmeseclassic.com



ရအောင်က ဒီမှတ်တမ်းဟာ တရားသူကြီးတစ်ယောက်ယောက်ဆီမှာ ဖွင့်ပြောခဲ့တဲ့ သေတမ်းစစ်ချက်မဟုတ်လေတော့ တရားမဝင်ဘူး၊ ဖြူကလည်း ပြောနိုင်တာက အရှုးကြီးက သေခါနီး ပေါက်ကရတွေ ရေးခဲ့တာဆိုရင် မငြင်းနိုင်ဘူး မဟုတ်လား၊ ရှုးကြောင်းကို စိတ်ရောဂါ အထူးကုဆေးရုံ ဆရာဝန်ကြီးက ထောက်ခံပြီးသားပဲ"

"အဲ...အဲဒါ တို့က ကြိုတင်ပြင်ဆင်ထားတဲ့အတွက်တွေ မဟုတ်လား၊ အန်ကယ်ရဲ့ ကျွန်တော်တို့တွေမှာ ဥပဒေတောင် ခနေပေမယ့် တစ်ခါတစ်ခါ ခုကိစ္စလို အမှန်ကို မဖော်ထုတ်နိုင်တာတွေ အများကြီးပဲနော်"

ဒေါက်တာသည် မကျေမနပ်နိုင်သလို မျက်မှောင်ကြီးကြုတ်၍ နေပေသည်။ ကျွန်မတို့ သုံးယောက်တည်းတွင် တည်ငြိမ်စွာ နေနိုင်သူမှာ ဦးအောင်သာကျော်ပင် ဖြစ်ပေသည်။ သူသည် မီးထားသော ခေါင်းကို တစ်ချက်မှမထောင်ဘဲ ကောင်းကင်လဟာကို ငေး၍ စကားပြောနေလေသည်။

"ကဲ...မခင်ယု ဒါကို အရှုးရေးတဲ့ စာလို့ ယူဆသလား။ တကယ့်မှတ်တမ်းလို့ ယူဆသလား၊ ဒါမှမဟုတ် ဝတ္ထုလား"

"ကျွန်မတို့နဲ့ ဘယ်လိုမှ မပတ်သက်သူတွေအတွက် ကျွန်မတို့ ခေါင်းရှုပ်နေတာ အံ့ဩစရာမကောင်းဘူးလား အန်ကယ်"

ကျွန်မသည် ဦးအောင်သာကျော် မေးခွန်းကို မဖြေမိဘဲ စိတ်ထဲရှိရာကို မေးမိပြန်၏။

"မအံ့ဩပါဘူး မိန်းကလေးရဲ့၊ ဒီလို စွတ်ဖက်မှုပင်တတ်ကြတဲ့ စိတ်ကြောင့်သာ လူ့လောကကြီး အသက်ရှင်နေတာပေါ့။ ကဲလေ ဒီမှတ်တမ်းဟာ တရားဝင်တယ်လို့ ထင်သလား"



ကျွန်မသည် ကြိုးစား၍ သူ့မေးခွန်းကို ဖြေလိုက်၏။

"ဒီလိုရှိပါတယ် အန်ကယ်၊ ကျွန်မကတော့ ဥပဒေသတော ကို ကျွမ်းကျင်တဲ့သူလည်း မဟုတ်ဘူး၊ စာပေဘက်မှာဆိုလဲ တစ် ဖက်ကမ်းမခတ်သေးဘူးဆိုရပါမယ်။ ဒီစာရွက်တွေဟာ စိတ်ကူးယဉ် ဝတ္ထုပဲ ဆိုကြပါစို့။ ဝတ္ထုတွေအပေါ်မှာ မူတည်ပြီး အကြောင်းတစ်ခုခု ကို ဟုတ်မဟုတ် မှန်မမှန် မဆုံးဖြတ်နိုင်ဘူးဆိုရင် ဝတ္ထုရေးသူတွေ ရေးသမျှ လုပ်တွေဟာ လျစ်လျူရှုရလိမ့်မယ်၊ အပျင်းပြေစိတ်ကူးယဉ် ရေးတဲ့ ဝတ္ထုအပေါ်မှာ တစ်စုံတစ်ရာ ဘာမှ အရေးယူဖို့ မရှိပါဘူး။ ဒါပေမယ့် ဝတ္ထုတွေအပေါ်မှာ မူတည်ပြီး စာရေးသူတွေ အဖမ်းခံ ရ အပြစ်ပေးရတာကို တောက်တော့ ဝတ္ထုဟာ တကယ်ဖြစ်တဲ့ အကြောင်းတွေရဲ့ အရောင်တော့ ပြန်ဟပ်နေမှာပဲ"

ဦးအောင်သာကျော်သည် ခေါင်းကြီးတညိတ်ညိတ်လုပ်၍ နေပေသည်။ ဒေါက်တာကမူ ထိုင်ရာမှ ထ၍ လမ်းလျှောက်နေပြန်သည်။ ကျွန်မ စကားဆုံးဆုံးချင်း သူသည် ဗျတ်ခနဲ ကျွန်မဘက်သို့ လှည့်လိုက်ကာ–

"အဲဒီလိုဆို တရားစွဲဖို့ ဒီမှတ်တမ်းဟာ တရားဝင်တယ်ပေါ့"

ဟု သူသည် အားရပါးရ မေးလိုက်၏။ ကျွန်မအဖို့မှ စကား ပြောနေရသည်မှာ တရားသူကြီးနှစ်ယောက် သို့မဟုတ် ပညာရှိကြီး နှစ်ယောက်ကြားတွင် အစစ်အဆေးခံနေရသော တပည့်ငယ်လို စကားကို သတိထား၍ ပြောနေမိသည်။

"ဒီမှတ်တမ်းကို ဖတ်တဲ့ညမှာ ကျွန်မလည်း အဆုံးသတ်ကို အမျိုးမျိုးစိတ်ကူးပြီး အဆုံးသတ်ပါတယ်။ အိပ်လို့မပျော်ခဲ့ဘူး၊ နှမ ဒီမှတ်တမ်းထဲကဟာတွေဟာ တကယ့်အဖြစ်တွေဆိုတာ ဒေါက်တာ

www.burmeseclassic.com



ပြောပြလို့ သိရတယ်။ ကာယကံရှင်တွေလဲ သေကုန်ပြီ တရားလို လုပ်ရမှာက ဒေါက်တာဖြစ်နေတာပေါ့။ ကျွန်မ စိတ်ကူးကတော့ ဒီမှတ်တမ်းကို ကျွန်မအဆုံးမသတ်သင့်ပါဘူး၊ ဒီမှတ်တမ်းက တရားဝင်တယ်ပဲ ထားဦးတော့ ကျွန်မတို့ တရားမစွဲသင့်ပါဘူး"

"ဟော...ဒီလိုဆို"

ဒေါက်တာသည် ကျွန်မအား တစ်မိုင်းတစ်လက်စပြီး ပြောရာမှ မျက်လုံးပြူးကြည့်၏။

"ဒီလိုဆိုတော့ ဒီလိုအတိုင်းထားတာ ကောင်းပါတယ်"

ကျွန်မသည် ဒေါက်တာကို လှည့်၍ ပြောလိုက်၏။

"ဟင်...မဟုတ်တာကို ဖြူလို မိန်းမကို ဒီလိုပဲ တို့များ လက်ပိုက်ကြည့်မယ်"

"ဘာလို့ လက်စားချေမလဲ၊ ဒါတွေက အကြောင်းတရားတွေပါ၊ သူခံစားထိုက်လို့ အားလုံး သေပေးရတာ ခံစားပေစေပေါ့။ ကျွန်မတို့ ဘာမှလုပ်ဖို့ မလိုပါဘူး"

"ဟေ ဒီမယ်လေး ဒါနဲ့များ ခင်ဗျားစာရေးဆရာ လုပ်သေးတယ်။ စာရေးတဲ့လူဟာ ဒါလောက် စိတ်ပျော့ပြီး မလုပ်ခင်က အရှုံးပေးနေတယ်ဆိုရင် ကျွန်တော်တော့ စာရေးဆရာမလုပ်တော့ဘူး"

ဒေါက်တာသည် အတော်မခံမရပ်နိုင်ပုံပေါက်ကာ ကျွန်မအား အနားတွင် ရပ်၍ ရှူးရှူးရှားရှား ပြောနေလေသည်။ ကျွန်မပြောပုံမှာ "သောက်ကွက်"သဘောဆဲ၍ နေပုံရလေသည်။

"ကျွန်မ စာရေးဆရာမဟုတ်ပါဘူး"

"ဒါပေမယ့် ခင်ဗျားအသည်းနှလုံးက ပျော့လွန်းပါလား"



"ဒီလိုပါ ဒေါက်တာ၊ ဘယ်တော့မှ အနိုင်မရတဲ့သူဟာ ဘယ်တော့မှလည်း အရှုံးမပေးရပါဘူး"

ဒေါက်တာသည် မကျေမနပ်နှင့် ထိုင်လိုက်ပြန်သည်။

"ဦးမြင့်မောင်ဟာ မိချိုကို နိုင်ခဲ့သလို ဖြူနဲ့ကျတော့ အရှုံးပေးခဲ့ရတယ်။ အနိုင်ခံရတယ်မဟုတ်လား။ ဦးမြင့်မောင်ကို ဘယ်သူကမှ ဒဏ်ပေးတာမဟုတ်ပါဘူး၊ အကြောင်းတရားက အလိုလို ကလဲ့စားချေတာပါပဲ။ အေးလေ တကယ်လို့ ဒေါက်တာစိတ်ထဲမှာ ဖြူရဲ့ ယုတ်မာမှုကို လက်စားချေချင်တယ်ဆိုရင် တရားတယ် မတရားတယ် ဆုံးဖြတ်နိုင်တဲ့ တရားရုံးတွေ ဥပဒေတွေ ရှိသားပဲ"

ကျွန်မသည် ဦးအောင်သာကျော်ဘက်သို့ စကားပုံလွှဲ၍ ပုံလိုက်သောအခါ ဝတ်လုံကြီးသည် ဉာဏ်ရွှေရှစ်ရာ ဖြီး၍ ပြလိုက်လေသည်။

ဒေါက်တာကမူ ကျွန်မစကားများကို နှစ်သက်ဟန် မပေါ်ပေ။ ပထမဆုံး ကျွန်မနှင့် ဒေါက်တာ တွေ့ကြသောနေ့တွင် ဒေါက်တာ စိတ်ကျေနပ်အောင် စကားပြောဆိုခြင်း မပြုလိုက်မိသည်ကို ကျွန်မသည် ယနေ့ထိ ဝမ်းနည်း၍ နေမိပေသည်။

ထိုနေ့က နေဝင်ရီးရီတွင် ဝတ်လုံကြီးနှင့် ဒေါက်တာသည် ကျွန်မနှင့် ခွဲခွာ၍သွားကြလေသည်။ ဝတ်လုံကြီးက ဤမှတ်တမ်းကို ဘယ်လို အဆုံးသတ်မည် မသိပေ။

ကျွန်မကမူ ကျွန်မ၏ စာဖတ်သူသည် မှတ်တမ်း၏ နောက်ပိုင်းကို ကိုယ်စိတ်တိုင်းကျ ဆုံးဖြတ်နိုင်ပါရန် စာဖတ်သူ၏ အသည်းနှလုံးသို့ ပို့ဆောင်ပေးလိုပေသည်။ ထိုသောအခါ ကျွန်မတို့၏ အမျှော်သန့်ခန့်ဝယ် လက်စားချေလိုသော သဘောရှိလေသလော။

www.burmeseclassic.com

www.burmeseclassic.com



နွင့်လွှတ်လိုသော သဘောသည် ရှိလေသလောဟု နှလုံးသားက မေးမြန်းပြောပြပေလိမ့်မည်။

အမှန်တော့ တိုက်ဆိမ်ပြာကြီး၏ ပြတင်းတံခါးများအားလုံး ပွင့်၍ ပန်းရနံ့များ အစဉ်မွှေးနေလျှင် ပို၍ကောင်းမည် မဟုတ်ပါလား။

❀

ပြီးပါပြီ

❀

ခင်နှင်းယု

www.burmeseclassic.com